

www.burmeseclassic.com
BURMESE CLASSIC .com
သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
ပုလဲသီ
မချစ်ဘူးတဲ့လား
www.burmeseclassic.com

www.burmeseclassic.com

တပုံနှိပ်ခွင့်ပြုချက်အမှတ် ၅၀၁၄၆၈၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၄၀၉၁၀၀၈

❒

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ
အုပ်ရေ ၅၀၀

❒

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

❒

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❒

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**တန်ဖိုး ၁၀၀ ကျပ်**

❒

**ကွန်ပျူတာ**



မချစ်ဘူးတဲ့လား...

ကျွန်မကို ကြည့်နေတဲ့ ချစ်ရသူရဲ့ မျက်ဝန်းတွေက အရည်လွှန်းလဲ့ပြီး အချစ်တွေနဲ့ တဖိတ်ဖိတ်တောက်နေတော့တာ ကြည့်ပါဦးကွယ်...

ဒါနဲ့များ မချစ်ဘူးတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မချစ်ဘူးတဲ့လား

## ပုလဲသီ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"စွာစွာ အခုချက်ချင်း ဆင်းလာနော်"

အမေ့အသံက စူးစူးရှရှ ဖြစ်နေပါပြီ။

ဒီအသံလောက်ဆို ဒေါသဒီဂရီတွေ ဘယ်လောက်တက်နေမယ်ဆိုတာ 'စွာ' သိတာပေါ့။

အမေက စိတ်ကြီးသည်။

ဒေါသလည်း အရမ်းထွက်တတ်သည်။

ထက်မြက်ပြီး တရှုးထိုးလည်း လုပ်တတ်သည်။

လုပ်ချင်ရာကို ရအောင်လုပ်တတ်ပြီး ခေါင်းလည်းမာသည်။

'စွာ' က အမေတူသမီးပါ။

အမေ့ရဲ့ စရိုက်တွေ၊ စိတ်ခါဟ်တွေ အားလုံး စွာ့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အရွဲ့တိုက်ပစ်တတ်တဲ့ အကျင့်ဆိုးပါ စွာ့ဆီမှာ ရှိနေတော့ အမေ စွာ့ကို မထိန်းနိုင်ပါ။

"စွာစွာ"

အမေက မာလကာပင်အောက်ကနေ အော်နေတာ။ စွာကတော့ မာလကာပင်ခွကြားမှာ အကျအနထိုင်ပြီး ဖြူဖွေးပွကျွတ်နေတဲ့ မာလကာသီးတွေကို တစ်လုံးပြီးတစ်လုံး ခူးစားပစ်နေတာ။

"ဆင်းလာခဲ့တော့လို့ ပြောနေတယ်နော်၊ မြင်မကောင်းရှုမကောင်း"

"အမေကလည်း ဘယ်သူမြင်မှာမို့လို့"

စွာက မာလကာသီးစားရင်း ပလုတ်ပလောင်းသံနဲ့ ပြောလိုက်တာပါ။

"ဘယ်သူမြင်လို့လဲ ဟုတ်လား၊ ငါ မြင်တယ်ဟဲ့ ငါ မြင်နေတယ်"

"အမေကလည်း မြင်မကောင်းရင် မကြည့်နဲ့ပေါ့၊ မြင်မကောင်းဘူးဆိုပြီး လာကြည့်နေတော့ ဟော အမေ အခု ဒေါသထွက်နေရပြီ"

"စွာစွာ အခုဆင်းလာလို့ ပြောနေတယ်နော်၊ ငါ သစ်ပင်ပေါ်အထိ တက်လိုက်လာရမလား။ ဘယ့်နှယ်တော်





အငယ်ယောကျ်ားလေး နှစ်ယောက်တောင် သူ့လောက်မွကဲဘူး၊ မိန်းကလေးတန်မဲ့ သစ်ပင်ပေါ် လွှားခနဲတက်၊ လွှားခနဲဆင်း၊ ကလေးလည်း မဟုတ်တော့ဘူး"

အမေက ပါးစပ်ကလည်းပြော၊ မျက်လုံးတွေကလည်း စွာ့ကို တစ်ခုခုလုပ်နိုင်မယ့် အကူပစ္စည်းကို ရှာနေတော့တာ။

စွာက အမေ့လက် ဘယ်လောက်မြန်တယ်ဆိုတာ သိနေတာမို့ သစ်ပင်ရဲ့ ထိပ်ဖျားရောက်အောင် ပိုတက်လိုက်တာပါ။ အခုနေ ဆင်းသွားရင် အမေ့ရဲ့ ဝါးခြမ်းပြားစာ မိဦးမှာလေ။

"တစ်လုံးနှစ်လုံး ထပ်စားပြီးရင် စွာ့ဘာသာ ဆင်းလာခဲ့မှာပေါ့ အမေရယ်၊ စွာလည်း သစ်ပင်ပေါ်မှာ အကြာကြီး မနေနိုင်ပါဘူးနော်"

"အေး... လုံးဝ ဆင်းမလာခဲ့နဲ့၊ အဲ့ဒီအပေါ်မှာပဲနေ၊ ဆင်းလာတာနဲ့ အသေပဲ"

အမေက ဒေါသထွက်ပြီး အိမ်ထဲဝင်သွားသည်။ စွာက ဒီအတိုင်းတော့ အညံ့ခံပြီး မဆင်းနိုင်ပေါင်။ အမေက စွာ့ကို မှာတယ်၊ မာလကာသီးတွေ မခူးနဲ့တဲ့၊ ဧည့်သည်တွေလာရင် ကျွေးရမယ်တဲ့၊ ဧည့်သည်တွေက အရမ်းကြိုက်တာတဲ့။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းနေ့တိုင်း 'စွာ' တို့ မောင်နှမတွေကို မှာနေတာပါ။ ဒါကြောင့်ပဲ စွာက အရွဲ့တိုက်ပြီး မာလကာပင်ပေါ်တက်ပြီး မာလကာသီးပွပွကြီးတွေကို အားလုံးကုန်အောင် ခူးစားပစ်နေတာ။

အမေက အရေးထား ဦးစားပေးလွန်းတဲ့ ဧည့်သည်ဆိုတာတွေကို 'စွာ' က တကယ်အမြင်ကတ်နေတာ ဖြစ်သည်။ အဲ့ဒီအဘွားကြီးရယ်၊ သူ့သားဆိုတဲ့ လူကြီးရယ်၊ သူ့မြေးတွေရယ် အိမ်ကို တစ်ခါလာဖူးခဲ့တာပေါ့။

အမေကဆို အဲ့ဒီမိသားစုကို အရေးပေးတာမှ အရမ်းပေါ့။ အဒေါ်ကြီးက စွာ့ကို ပြောပြသည်။

"စွာစွာရေ အဲ့ဒီအဘွားကြီးက ညည်းအမေကို ချွေးမတော်ချင်နေတာ" တဲ့။

ဒါကို ကြားလိုက်ပြီးကတည်းက 'စွာ' က မကြည်တော့တာပါ။

အမေကလည်း အဲ့ဒီ ဧည့်သည်တွေလာရင် လိုတာထက်ပိုပြီး ပျာနေတာ။

အဘွားကြီးကလည်း အမေ့ကို 'သက်ထားရေ' 'သမီးရေ' နဲ့ ချိုသာနေတာပါပဲ။ အမေကလည်း ကျေနပ်နေတဲ့ပုံစံပေါ့။





အဘွားကြီးရဲ့သားက အမေနဲ့ ရွယ်တူလောက်ပါပဲ။ ပုံစံကတော့ တကယ်ချောတာပါ။ ဒါပေမဲ့ လူပျိုတော့ မဟုတ်။ မျောက်ထက်ကဲတဲ့ သားနှစ်ယောက်ရဲ့အဖေ မုဆိုးဖို ဖြစ်ပါသည်။

"အို… စွာကတော့ အမေ့ကို နောက်ယောက်ျား မယူစေချင်ပါဘူးနော်၊ ဘယ်သူနဲ့မှလဲ သဘောမတူဘူး" လို့ ပြောတော့ အဒေါ်ကြီးက ရယ်ပါသည်။

"အမယ်လေး စွာစွာရယ်၊ မုဆိုးဖိုနဲ့ မုဆိုးမယူကြတော့ရော အရေးလား၊ ညည်းတို့တောင် မောင်နှမတွေ ထပ်တိုးတာပေါ့" တဲ့။

BURMESE CLASSIC .com

အဲ့ဒီလူကြီးရဲ့ သားနှစ်ယောက်က စွာစွာ့ရဲ့ မောင်အငယ်ဆုံး 'တာတာ' နဲ့မှ ရွယ်တူ အမြွှာညီအစ်ကိုပါ။

'တာတာ' ရဲ့ အသက်က ဆယ့်တစ်နှစ်ပါ။ တာတာထက်အကြီး 'ဂျာဂျာ' က ဆယ့်လေးနှစ်၊ သမီးအကြီးဆုံး 'စွာစွာ' ကတော့ ဆယ့်ခုနစ်နှစ်ပေါ့။

စွာတို့ မောင်နှမသုံးယောက်က သုံးနှစ်ကြီး သုံးနှစ်ငယ်တွေ ဖြစ်သည်။ စွာ့ ဖေဖေ ဆုံးသွားတာ မောင်လေး 'တာတာ' ငယ်ငယ်လေးကတည်းကပါ။

အဒေါ်ကြီးက စွာ့အဖေဘက်ကတော်တဲ့ အမျိုး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စွာတို့ နေတာက သူဌေးရပ်ကွက်ထဲမှာ။ ဒါပေမဲ့ သူများတွေလို တိုက်လှလှကြီးနဲ့ နေရတာတော့ မဟုတ်၊ သစ်သားအိမ်ကလေးနဲ့ နေရတာ ဖြစ်သည်။

ခွာတို့ခြံက အကျယ်ကြီး၊ သီးပင်ပန်းပင်တွေလည်း အပြည့်နဲ့ပါ။ အိမ်ကလေးက သစ်သားအိမ်ဆိုပေမယ့် မြေတန်ဖိုးကတော့ ကာလတန်ဖိုးနဲ့ တွက်ကြည့်ရင်တောင် မျက်ဖြူဆိုက်သွားနိုင်ပါသည်။

စွာတို့ခြံရဲ့ အစိတ်အပိုင်းလေးတစ်ခုလောက်ကို ဖဲ့ရောင်းလိုက်ရင်တောင် ရတဲ့ငွေနဲ့ တိုက်ဆောက်ကားစီးနိုင်တဲ့ အနေအထားပါ။

ဒါပေမဲ့ အမေက မြေကို လုံးဝအထိမခံ။ လက်ရှိနေထိုင်တဲ့ သစ်သားအိမ်ကလေးကိုပဲ မြတ်နိုးတန်ဖိုးထားသည်။

စွာတို့ကတော့ တိုက်နဲ့ကားနဲ့ နေချင်တာပေါ့။ မြေပိုင်သူဌေးဆိုပြီး အိမ်သေးသေးလေးမှာ အပင်တွေ စိုက်စားနေရတာကို သဘောကျပါ့မလား။ အဲဒ့ ဟိုအဘွားကြီးက အမေ့ကို ချွေးမတော်ချင်နေတာ ဒီခြံကြီးကြောင့် ဖြစ်နိုင်တာပဲ။

ဟွန်း... အမေကလည်း အဲ့ဒီအုပ်စုဆို အရေးပေးလိုက်ပုံများ။ မျောက်လောင်းလေးတွေစားဖို့ မာလကာသီးတောင် စွာတို့က မခူးဘဲထားပေးရမယ်တဲ့။ ရမလားနော်၊ စွာကတော့





တအားစားပစ်လိုက်သည်။

ပြီးတော့ အမေ မအားလပ်တဲ့အချိန်၊ အလုပ်များနေတဲ့ အချိန်ကျမှပဲ အပင်ပေါ်က အသာလေး ဆင်းလာခဲ့လိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"စွာစွာ"

"ဂျာဂျာ"

"တာတာ"

ချမ်းချမ်းစီးစီးမှာ ကွေးလို့ကောင်းနေတုန်း အမေ့အသံက လန့်နိုးလိုက်သလိုပါပဲ။

စွာက နိုးသွားပေမယ့် အသာလေးပဲ ငြိမ်နေမိသည်။ လုံးဝ အသံမပေး၊ ဂျာဂျာနဲ့ တာတာကလည်း ငြိမ်နေသည်။

"ကလေးတွေ ထကြ၊ အမေ့ကို ဝိုင်းကူညီ"

ပြောပြီး အမေ ထွက်သွားသည်။

'စွာ' တို့ကလည်း ဆက်အိပ်နေလိုက်သည်။ အိပ်လို့ကောင်းတုန်းမှာ လုံးဝ မထချင်ပါဘူး။ နေ့တိုင်းနေ့တိုင်း ဒီအချိန်ဆို တကယ် စိတ်ညစ်တာ။





ပြန်မေးတော့လည်း မေ့ခနဲ ပြန်အိပ်ပျော်သွားသည်။ အိပ်ပျော်လို့မှ မကြာသေး။

"စွာကျယ်"

"ဂျာရစ်"

"တာတီး"

အမေ့ဒေါသသံကြောင့် စွာစွာတို့ မောင်နှမသုံးယောက်က လူးလဲထရတော့တာ။

'စွာစွာ' 'ဂျာဂျာ' 'တာတာ' လို့ ခေါ်ရင် အခြေအနေက သာယာပါသေးသည်။ အဲ့ဒီလိုမဟုတ်ဘဲ 'စွာကျယ်' 'ဂျာရစ်' 'တာတီး' ဆိုရင်တော့ သတိသာထားပေတော့ အမေ့ဒေါသ အရမ်းထွက်နေပါပြီ။ ဒီအသံရဲ့နောက်မှာ ဝါးခြမ်းပြား ပါလာလိမ့်မည်။

"ဟဲ့..."

"နိုးပြီ အမေ"

တိုင်ပင်ထားသလိုပါပဲ။

'စွာ' တို့ သုံးယောက်ရဲ့ အသံက ပြိုင်တူ။ အငယ်ဆုံး 'တာ' က အလည်ဆုံးပါပဲ။ ချက်ချင်း အိပ်ရာခေါက်သိမ်းပြီး မျက်နှာသစ်၊ သွားတိုက်တဲ့နေရာကို ပြေးပါတော့သည်။

ဒုတိယက 'ဂျာ' ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးဖြစ်သယောက် အပျင်းလည်းကြီးတဲ့ 'စွာ' ကတော့ဖြင့် ငိုက်နေမိသေးတာ။ အမေ လက်ဆစ်တွေ 'စွာ့' ခေါင်းပေါ် ဒေါက်ခနဲ ရောက်မှပဲ သေသေချာချာ နိုးရပါတော့သည်။

"စွာစွာရယ် ညည်းဟာလေ ကြီးပြီး အချိန်မစီးဘူး၊ သွား အမြန်လုပ်"

ဟွန်း...

အိပ်ကောင်းခြင်း မအိပ်ရ...

စားကောင်းခြင်း မစားရ...

အဲ့ဒီကျောင်းကလည်း အမြန်ဖွင့်တာ မဟုတ်ဘူး၊ ကျောင်းတက်နေရင် သက်သာဦးမှာ၊ အခုတော့ တစ်ချိန်လုံး အိမ်မှာနေရပြီး လူလည်းမသက်သာ၊ နားလည်း မသက်သာနဲ့ ဟွန်း။

'စွာ' က မျက်နှာကို အီးလေးဆွဲပြီး သစ်နေချိန်မှာ 'ဂျာဂျာ' နဲ့ 'တာတာ' က ပန်းခင်းထဲကို ရောက်နေပါပြီ။

"စွာစွာ မြန်မြန်လုပ်"

"ဟုတ်..."

စွာက ဒီနှစ်ပဲ ဆယ်တန်းအောင်ထားတာပါ။ ဂျာဂျာကတော့ ရှစ်တန်း၊ တာတာက ငါးတန်းပဲ ရှိပါသေးသည်။





'စွာ' တို့အမေက အသက်လေးဆယ်တောင် မရှိသေးတဲ့ မုဆိုးမ ချောချောလေးပါ။ 'စွာ' နဲ့ အမေ့ကို ညီအစ်မလားလို့ပဲ လူတွေက မေးကြတာများသည်။

အမေက အရွယ်တင်နုပျိုသလို 'စွာ' ကလည်း ထွားကျိုင်းတာကိုး။

စွာက အမေ့လိုလှပြီး၊ အဖေ့လို ထွားကျိုင်းတာမို့ အားလုံး အဆင်ပြေပါသည်။

စွာ မျက်နှာလေးက မှုန်နေအောင် လှတာပါ။ အသားအရေက ဝါဝင်းစိုပြည်ပြီး ကြည့်လိုက်တာနဲ့ ကျန်းမာရေး အရမ်းကောင်းမှန်း သိသာနေတာ ဖြစ်သည်။

'စွာ့' အရပ်က ငါးပေခြောက်လက်မ ကျော်ပါသည်။ ကိုယ်လုံးက ကျစ်လျစ်ပြီး သွက်လက်ဖျတ်လတ်နေတာပါ။ အဆီစုပြီး ဝနေတဲ့ နေရာလုံးဝမရှိ။

အမေက 'စွာ့' ကို အစားအသောက်မှာ အရမ်းကွပ်ကဲပါသည်။ တာရှည်ခံအောင် လုပ်ထားတဲ့ စည်သွပ်ဘူးထဲက အစားအစာတွေကို လုံးဝ ပေးမစား။

ငါးသေတ္တာဘူးဆိုရင် လုံးဝ မကျွေးပါ။

"ဒီလောက် လတ်ဆတ်တဲ့ငါးတဲ့ ရှိနေတာကို စည်သွပ်ထားတဲ့ငါးကို ဈေးကြီးပေးဝယ်စားတာ ရူးတာပေါ့၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အစားအစာက ငါးလတ်လတ်ဆတ်ဆတ် မရှိတဲ့နေရာက လူတွေပဲ စားရမှာ"

ဒီလိုပဲ အသီးအနှံ၊ စည်သွပ်ထားတာတွေလည်း အမေက မစားနိုင်၊ ဘူးထဲထည့်ပြီး ပြင်ဆင်ထားတဲ့ အချိုရည်တွေကိုလည်း မသောက်နိုင်ပါ။

အသီးအနှံဆို လတ်ဆတ်တာတွေပဲ စားနိုင်သည်။ ဖျော်ရည်ဆိုလည်း လတ်ဆတ်တဲ့ အသီးတွေကို ကိုယ့်ဘာသာကိုယ်ဖျော်ပြီး သောက်စေသည်။

ထမင်းစားတဲ့အခါလည်း ငါးများများ၊ ဟင်းရွက်များများ စားနိုင်သည်။ သွားရည်စာဆိုရင်လည်း မုန့်အချိုတွေထက် အသီးတွေကိုပဲ ကျွေးတာပါ။ ခြံထဲမှာက ငှက်ပျောသီး၊ မာလကာသီး၊ သဘော်သီးလို တစ်နှစ်ပတ်လုံးသီးတဲ့ အပင်တွေရော၊ သရက်၊ ပိန္နဲလိုမျိုး ရာသီအသီးတွေရော၊ အများကြီးရှိဟာမို့ ပေါပေါများများ စားနိုင်တာပေါ့။

အဲ့ဒါကြောင့်ပဲဖြစ်မှာ 'စွာ' တို့ မိသားစုက ကျန်းမာရေးနဲ့ ပြည့်စုံသည်။ ဆေးရုံ၊ ဆေးခန်းနဲ့ ဝေးဝေးနေလို့ရသည်။ အမေဆိုရင်လည်း ကျစ်လျစ်သွယ်လျပြီး အသက်လေးဆယ်နား နီးနေပေမယ့် အပျိုလေးအတိုင်းပါပဲ။

"စွာစွာ"





"လာပြီ အမေ"

'စွာ' ပန်းခင်းထဲဆင်းတော့ နေရောင်ခြည်လေးပင် ခပ်ဖျော့ဖျော့ ထွက်ပြူလာပါပြီ။

ဂျာဂျာနဲ့ တာတာက ရေပိုက်တစ်ယောက်တစ်ခုနဲ့ နှင်းဆီပင်တွေကို ရေလောင်းနေကြသည်။ အမေက ပန်းညှပ်နေသည်။

'စွာ' က ရေပိုက်တစ်ခုနဲ့ ဂန္ဓမာပန်းခင်းကို ရေလောင်းနေလိုက်တော့တာ။

ဂန္ဓာမာတွေက အဖူးစနေပါပြီ။ 'စွာ' တို့ခြံက ပန်းတွေကို ဈေးမှာသွားရောင်းစရာ မလိုပါ။ အော်ဒါလာမှာတာ၊ ခြံမှာ လာဝယ်တာကိုတောင် မနည်း ရောင်းနေရတာပါ။

တချို့ပန်းဈေးသည်တွေဆို အိမ်မှာဖောက်သည်လာယူတတ်သည်။ တစ်ဆင့်ပြန်ရောင်းမယ့်သူကို ရောင်းရတာထက် ကိုယ်တိုင်သုံးတဲ့သူတွေကို ရောင်းရတာက ပိုပြီး ဈေးကောင်းရပါသည်။

ပန်းပင်တွေကို ရေလောင်းတော့လည်း 'စွာ့' ရင်ထဲမှာ ပျော်ရွှင်လာရသည်။ ဂျာဂျာနဲ့ တာတာက သီချင်းတကြော်ကြော်နဲ့ပါ။ နှင်းဆီပန်းအရိုးတွေကို ပန်းညှပ်ကတ်ကြေးလေးနဲ့ အမေက ညှပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'စွာ' တို့ မိသားစုလေးက ပျော်စရာ.တကယ်ကောင်းတာပါ။ အဖေ မရှိတော့ပေမယ်လို့ အမေက 'စွာ' တို့ရဲ့ **စိတ်ဓာတ်တွေကို** သိမ်ငယ်တာတွေ မဖြစ်အောင် အမေက ပြုပြင်ပေးခဲ့တာ။

စွာတို့ မောင်နှမသုံးယောက်စလုံး ငယ်ငယ်ကတည်းက ကိုယ်နိုင်တဲ့တာဝန် ကိုယ်ယူခဲ့ရတဲ့ အလေ့အကျင့်ကိုပေးထားခဲ့သည်။

မနက်ဆို စောစောထပြီး ရေပိုက်နဲ့ ပန်းပင်တွေကို ရေလောင်းရသည်။ ပန်းပင်တွေကို ပေါင်းသင်ပေးရသည်။ ပန်းခူးတာကို ကူညီရသည်။ ငယ်ကတည်းက လုပ်ခဲ့ရတာပါ။

အခုလည်း အော်ဒါမှာထားတဲ့ ပန်းဖူးတွေကို အမေက ဖြတ်သည်။ နောက် သစ်ခွပန်းတွေကိုလည်း ခူးသည်။

"စွာစွာ"

"ရှင်..."

"ရေလောင်းပြီးရင် ပိန်းပန်းအခိုင် ငါးဆယ်၊ အမေ့ကို ဖြတ်ပေးနော်"

"ဟုတ်..."

"သေသေချာချာလုပ်နော်၊ ရှုပ်ပြာရှုပ်ပြာ မလုပ်နဲ့၊ ကျိုးပဲ့ကုန်မယ်"





"အမေကလည်း စွာလုပ်လို့ ဘယ်တုန်းကများ ပန်းတွေ ကျိုးဖူးလို့လဲ"

"အေး... ပန်းတော့ မကျိုးပါဘူး၊ အပင်တွေပဲ ကျိုးကုန်တာလေ၊ မိန်းကလေးတဲ့ မပြောချင်ဘူး၊ သစ်ပင်ပေါ်တက်တယ်၊ လေးခွပစ်တယ်၊ မောင်တွေနဲ့ရောပြီး ဂျင်းပေါက်တယ်၊ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ဦး၊ ကလေးလား၊ လူကြီးလားဆိုတာ"

ကြည့်... ဘာအကြောင်းမှလည်းမရှိဘဲ မနက်စောစော စီးစီးကြီးမှာ အမေက စွာ့ကို ပူညံပူညံ လုပ်နေပြီ။

"အမေ..."

"ဘာလဲ"

"အမေ စွာ့ကို မုန်းတယ်မဟုတ်လား"

ဒေါ်သက်ထားက သမီးကြီးကို လှည့်ကြည့်လိုက်မိသည်။ နေရောင်နုနုအောက်မှာ သမီးစွာစွာရဲ့ အလှက တောက်ပဝင့်ကြွားလို့ပါ။

"ဒါက ဘာစကားလဲ"

စိတ်မကောင်းဖြစ်သွားပေမဲ့ ဒေါ်သက်ထားက ခပ်တည်တည်ပဲ ပြန်မေးလိုက်သည်။

"အခု စွာ ဘာမှလဲမလုပ်ဘူး၊ ဘာမှလည်း မှားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အမေက အပြစ်မရှိ အပြစ်ရှာပြီး ဆူနေတာ စွာကို မုန်းလို့ပဲ မဟုတ်လား”

“ဘယ်အမေမှ ကိုယ်မွေးထားတဲ့ သားသမီးကို မမုန်းဘူး စွာစွာ၊ ညည်းကို ဆူနေတာ ချစ်လို့ဆိုတာ မြဲမြဲမှတ်ထား။ မုန်းရင် ဆူဖို့မပြောနဲ့ လှည့်တောင် မကြည့်ဘူး၊ သွား… ပန်းသွားခူးချည်”

ဒီလိုပိတ်ပြောလိုက်တော့မှပဲ စွာစွာက မျက်နှာလေး ပုပ်သိုးပြီး ပိန်းပန်းအိုးတွေဘက်ကို ထွက်သွားတော့တာ။

ဒေါ်သက်ထားက ဒီတော့မှပဲ သမီးစွာစွာရဲ့ ကျောပြင်လေးကို ချစ်မြတ်နိုးမှုတွေနဲ့ ငေးမောကြည့်နေမိပါတော့သည်။

ဒီသမီးကို ဘယ်လောက်ချစ်ပြီး၊ ဘယ်လောက်မျှော်လင့် တန်ဖိုးထားတယ်ဆိုတာ ဒေါ်သက်ထား ကိုယ်တိုင် အသိဆုံး ပါ။ သမီးလေးက ထက်မြက်ပြီး ချောဇမာလှပသည်။

စိတ်ဓာတ်လေးကလည်း ကိုယ်ငယ်ငယ်တုန်းကလို ပါပဲ။ ကိုယ့်ထက် ပိုဆိုးတာက အရွဲ့တိုက်တတ်တဲ့ အကျင့် ဆိုးလေးပါ၊ အပိုဆောင်းပြီး ရှိနေတာပါ။

ဒါကြောင့်ပဲ ကိုယ့်လိုမဖြစ်ရအောင် ဒေါ်သက်ထားက သမီးကို လုံးဝ မြှောက်မထားဘဲ အစစအရာရာမှာ အထူး ကြပ်မတ်နေရတာဖြစ်သည်။





ကိုယ့်တုန်းကလည်း မောင်တွေ့အစ်ကိုတွေကြားထဲမှာ ကြီးပြင်းလာခဲ့ရတဲ့ တစ်ဦးတည်းသော သမီးလေး၊ မိဘတွေက ချစ်လွန်း မြတ်နိုးလွန်း တန်ဖိုးထားလွန်းလို့ပဲ ‘သက်ထား’ ဆိုတဲ့နာမည်ကို မှည့်ခဲ့တာပါ။

ထက်ထက်သွက်သွက် ချောချောလှလှလေးမို့ မိဘ မောင်နှမတွေက အလိုလိုက် အရေးပေးပြီး မြှောက်စားထား ခဲ့ကြသည်။

‘မရှိဘူး’ ‘မရဘူး’ ဆိုတဲ့စကားကို ကြားတောင် မကြား ဖူးခဲ့ပါ။ ဘာမှလည်း မခိုင်းခဲ့ မစေခဲ့။ သနပ်ခါးကအစ အိမ်ဖော်တွေက သွေးပေးခဲ့သည်။ မိဘတွေက အရိပ်ဟကြည့် ကြည့်နဲ့ မဆူရက်၊ မပြောရက်၊ မထိရက်၊ မတို့ရက်။

ဒီလိုမျိုးဆိုတော့ ကိုယ်တိုင်ကလည်း သွေးနားထင် ရောက်ခဲ့သည်။ ထင်ရာစိုင်းခဲ့သည်။

ငယ်ငယ်ရွယ်ရွယ်နဲ့ အချစ်နွံထဲ နစ်ခဲ့ရသည်။ စက်မှု တက္ကသိုလ် ပထမနှစ်ကျောင်းသူ ဘဝမှာပဲ ချစ်သူနဲ့ အချစ် နယ်တွေ လွန်ခဲ့ရသည်။

ချစ်သူက နိုင်ငံခြားမှာ ကျောင်းတက်ဖို့သွားရတော့ ကိုယ့်မှာ မရှုနိုင် မကယ်နိုင်နဲ့ ကျန်ရစ်ခဲ့ရသည်။ ငယ်ဘဝ လေးမှာပဲ ဒုက္ခကို တွေ့လိုက်ရတာပါ။ လက်ထပ်မှုဖြစ်သော့



www.burmeseclassic.com

www.burmeseclassic.com



မယ့် အခြေအနေမှာ မိဘတွေရဲ့ လက်ရင်း တပည့်လည်းဖြစ် ပြန်၊ အစ်ကိုတွေရဲ့ သူငယ်ချင်းလည်းဖြစ်ခဲ့တဲ့ ကိုမောင်မောင် နဲ့ လက်ထပ်လိုက်ရပါသည်။

စိတ်သဘောထား ပြည့်ဝပြီး အနစ်နာခံနိုင်တဲ့ လင်သား ကို ရခဲ့တာပါ။

ကိုမောင်က သမီး ဖွာဖွာရဲ့ အဖေတော့ မဟုတ်ခဲ့ပါ။ ဒါကို ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားခဲ့ကြတာ ဒီနေ့ အထိပါပဲ။

သိတာက ဒေါ်သက်ထားရဲ့ မိဘတွေရယ်၊ ဒေါ်သက် ထားရဲ့ ခင်ပွန်းသည်ရယ်၊ ဒေါ်သက်ထားကိုယ်တိုင်ရယ်ပါပဲ။

ခင်ပွန်းသည် ကိုမောင်ရဲ့ အသိုင်းအဝိုင်းကတော့ မသိပါ။ ကိုယ့်အပေါ်မှာ အဲ့ဒီလောက် ငဲ့ညှာထောက်ထား ခဲ့တဲ့ လင်သားကို ရခဲ့တာ ဖြစ်သည်။ အိမ်ထောင်သက် တစ်လျှောက်လုံးမှာလည်း ကိုယ့်အပေါ် နိုင့်ထက်စီးနင်း ဆက်ဆံတာမျိုး မရှိခဲ့ဘဲ နွေးထွေးကြင်နာခဲ့တဲ့ လင်ယောက်ျား ပါ။ သားနှစ်ယောက် ထပ်မံမွေးဖွားပြီး သားယာတည်မြဲတဲ့ အချိန်မှာ သူ ဆုံးပါးသွားခဲ့တာပါ။

အခုဆို ကျေးဇူးရှင် ခင်ပွန်းသည် ဆုံးပါးသွားခဲ့တာ ဆယ်နှစ်တောင် ရှိခဲ့ပါပြီ။ မုဆိုးမဘဝနဲ့ သားသမီးသုံးယောက်





ကို ပြုစုပျိုးထောင်ပြီး အခြေတကျ ဖြစ်နေမှပဲ ဘဝတစ်ဆစ် ချိုးက ဖြစ်လာခဲ့ပါပြီ။

ကိုယ့်ဘဝထဲကနေ ထွက်ခွာသွားတာ ကြာလှနေမှပဲ အားလုံး မေ့မော့လျော့လျော့နဲ့ ဖြစ်နေမှပဲ 'သူ' က ဗြုန်း ခနဲ ရောက်လာခဲ့တာပါ။

"ဟင်…"

ဒေါ်သက်ထားက သက်ပြင်းချလိုက်မိတော့တာ။

ဩော်…

တစ်ချိန်က 'သူ' ရယ်…

ဘာကြောင့်များ 'ထား' ဘဝထဲကို ပြန်ဝင်လာခဲ့ရတာ လဲကွယ်။

ပြီးခဲ့တာတွေ ပြီးပါစေတော့ရှင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒီနေ့ည ဧည့်သည်တွေ ရောက်မယ်တဲ့ မမစွာ"

စွာက စိတ်တိုသွားသည်။

"ဘာလာရှုပ်ဦးမယ် မသိပါဘူးဟာ၊ အဲ့ဒီကလေးနှစ်ကောင်ကို လုံးဝ ကြည့်လို့မရဘူး"

ဂျာဂျာ့ကိုပြောတော့ အရမ်းအေးတဲ့ ဂျာဂျာက စွာ့ကိုပဲ ဖျောင်းဖျနေသေးတာ။

"မမစွာကလည်းဗျာ၊ သူတို့က တာတာနဲ့မှ ရွယ်တူဆိုတော့ ကလေးလေးတွေပဲ ရှိသေးတာ"

"ဟွဲ့... တာတာနဲ့ ရွယ်တူသာဆိုတယ် ဘာဆိုင်လဲ၊ ဒီကလေးနှစ်ယောက်က ကလေးဆိုး၊ ကလေးလူလည်ပုံစံတွေနော်၊ ဘယ်သူ့ကိုမှလည်း အရေးမစိုက်ဘူး၊ ဘယ်သူ့ကိုမှလည်း မကြောက်ဘူး၊ ပုံစံလေးတွေကိုက မုန်းစရာ"





"ဒါကတော့ သူတို့က နိုင်ငံခြားမှာ မွေးပြီး၊ နိုင်ငံခြားမှာ ကြီးလာခဲ့လို့ နေမှာပေါ့၊ ကိုယ့်ဆီကို ခဏလာတဲ့ ဧည့်သည်ပဲ မမစွာရယ်၊ သည်းခံလိုက်ပါ"

စွာ့မောင် 'ဂျာရစ်' က အဲ့ဒီလို အေးချမ်းတာပါ။ အသက်ဆယ့်လေးနှစ် ရှစ်တန်းကျောင်းသားဆိုပေမယ့် 'ဂျာဂျာ' က လူကြီးလေးလိုပါပဲ။ ဒေါသလည်း မထွက်တတ်၊ သူများကို အပြစ်လည်း မတင်တတ်။ တကယ် အေးချမ်းတာပါ။

စွာ့ စိတ်နဲ့ကတော့ တခြားစီပါပဲ။ စွာ့ကို စွာလွန်းလို့ပဲ ငယ်ငယ်ထဲက 'စွာကျယ်' လို့ အမေက ခေါ်ခဲ့တာလေ။

စွာ့ နာမည်အရင်းက 'သိမ့်မွေ့သက်ထား' တဲ့။ နာမည်နဲ့လူနဲ့ တွဲကြည့်လိုက်ရင် တကယ်ရယ်စရာကြီး။

ဂျာရစ်နာမည်က 'ငြိမ်းချမ်းသက်ထား"။ တာတီးရဲ့နာမည်က 'အေးချမ်းသက်ထား'။ စွာ့အဖေက အမေ့ကို ဘယ်လောက်ချစ်ပြီး၊ ဘယ်လောက် ဦးစားပေးလဲဆိုသားသမီးတွေရဲ့နာမည်မှာ အမေ့နာမည်ကို ထည့်ပြီး မှည့်ထားတာပဲ ကြည့်ပါလား။

စွာတို့လည်း အဖေ့ကို အရမ်းချစ်တာပါပဲ။ အဖေ့ရင်ခွင်ထဲမှာ ပုံပြင်နားထောင်ပြီး အိပ်ခဲ့ရတဲ့ ညတွေကိုခုထိ



www.burmeseclassic.com

www.burmeseclassic.com



စွာ အမှတ်ရနေဆဲပါ။

အမေနဲ့ အဖေကလည်း အရမ်းချစ်ကြတာပါ။ လင်မယား စကားများရန်ဖြစ်တာကို စွာ မသိဘူးခဲ့ပါ။ အဖေ့မျက်နှာက အမြဲပြုံးပြီး အေးချမ်းနေတာ။ အမေကလည်း အဖေ့ကို ရိုသေလေးစားပါသည်။

ဒါပေမဲ့ စွာတို့အဖေက အသက်မရှည်ခဲ့ပါ။ အသက်သုံးဆယ်ကျော်မှာပဲ ရုတ်တရက်ကြီး မူးလဲလို့ သေဆုံးသွားခဲ့ရတာပါ။

"ဘာတွေ တွေးနေတာလဲ မမစွာ"

"အဖေ့ကို သတိရလို့"

"ဂျာလည်း ညက အဖေ့ကို အိပ်မက်မက်တယ်ဗျ"

"ဟင်... ဘယ်လိုမျိုး မက်တာလဲ"

"အဖေက ခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေတယ်လို့ မက်တာ မမစွာရဲ့"

ချက်ချင်းပဲ စွာက အဖေ့ကို သတိရပြီး မျက်ရည်တွေ ပိုးမိုးပေါက်ပေါက် ကျလာရတော့တာ။

"ဟာ... မမစွာကလည်းဗျာ၊ မငိုပါနဲ့"

"အဖေ့ကို သတိရလိုက်တာ ဂျာဂျာရယ်၊ အဖေသာ ရှိရင် အရမ်းကောင်းမှာပဲနော်၊ တကယ်လို့ အမေသာ နောက်





ယောက်ျားယူရင် ငါတော့ ဒီမှာမနေတော့ဘူး"

"ဟင်... အမေက"

ဂျာဂျာက အထိတ်တလန့်မေးတော့မှပဲ စွာ စကားပြောမဆင်ခြင်မိတာကို သတိထားလိုက်မိသည်။ ဒါပေမဲ့ ပြောပြီးသွားပြီလေ။

"အခုလာမယ့် ညွှန့်သည်အဘွားကြီးက အမေ့ကို ချွေးမတော်ချင်နေတာတဲ့ ဂျာရစ်ရဲ့"

"ဟာ... မဟုတ်ဘူး ထင်ပါတယ်ဗျာ"

"နင်မယုံရင် နေပေါ့"

"မမစွာကို ဘယ်သူပြောလဲ"

"အဒေါ်ကြီး ပြောတာ"

"သူများပြောတိုင်း ယုံစရာလား"

"ဟဲ့... ငါ့ဘာသာငါလဲ ကြည့်လို့သိတာပဲပေါ့၊ အမေက အဲ့ဒီညွှန့်သည်တွေ ပထမတစ်ခါလာတုန်းကတောင် ဘယ်လောက် ဂရုစိုက်ထားသလဲ၊ ဟော... အခု လာဦးမယ်၊ လာမယ်လို့ ပြောတာနဲ့ ငါတို့ကို မာလကာသီးတွေ မခူးနဲ့၊ ညွှန့်သည်ကလေးတွေအတွက်ထားလို့ မှာတာ မဟုတ်လား"

"မဟုတ်နိုင်ပါဘူး"

"မဟုတ်ရင်လဲ နေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'စွာ' က ဂျာ့ကိုပါ စိတ်တိုသွားရတာပါ။

"မမစွာ"

"ဘာတုံး"

"အရမ်း… အရမ်း လျှောက်မပြောနဲ့နော်၊ အမေ ကြားရင် စိတ်ဆိုးလိမ့်မယ်"

"မပြောပါဘူး"

ဂျာဂျာက ခေါင်းကလေး ခါယမ်းပြီး ထွက်လာခဲ့လိုက်တော့တာ။ မမစွာကို ကြည့်ရတာ အမေ့ကို သိပ်မကြည်ဘူးပေါ့။

အရွယ်နဲ့မလိုက်အောင် လူကြီးဆန်တဲ့ ဂျာဂျာက မမကိုသာ ပြောရတာပါ၊ ဂျာဂျာ့စိတ်ထဲမှာလည်း ထူးဆန်းနေတာတော့ အမှန်ပါပဲ။

ဒီဧည့်သည်တွေ ခဏခဏ လာနေတာကို 'ဂျာဂျာ' လည်း တစ်မျိုးကြီးပါပဲ။ ဧည့်သည် ဦးလေးကြီးနဲ့ အမေနဲ့ စကားပြောကြတဲ့ပုံစံကလည်း တစ်ခုခုကို သိုသိုသိပ်သိပ်နဲ့ ဖုံးဖိထားတဲ့ ပုံစံမျိုးပါ။

ဂျာဂျာကတော့ သားယောကျ်ားလေးတွေရဲ့ ထုံးစံအတိုင်း အမေကို ချစ်သည်။ အမေ စိတ်ချမ်းသာ ပျော်ရွှင်တာကိုပဲ မြင်တွေ့ချင်သည်။ အမေ ဖြစ်ချင်တာတွေ ဖြစ်အောင်





လုပ်ပေးချင်သည်။ ဒါပါပဲ တကယ်လို့ အမေက နောက်အိမ်ထောင်ပြုမယ်ဆိုရင်လည်း 'ဂျာဂျာ' ကတော့ အမေ့ဆန္ဒအတိုင်းပါပဲ။

မမစွာကျယ်ကတော့ သဘောထား ပျော့ပျောင်းမည် မထင်။ 'တာတာ' က ကလေးပဲ ရှိသေးတာမို့ ဘာသိမှာတဲ့လဲ။

ဂျာဂျာက အမေနဲ့ မမစွာ ထိပ်တိုက်တွေ့မှာကို လုံးဝမလိုလားပါ။ ပြီးတော့ အမေ စိတ်ချမ်းသာတာကိုလည်း မြင်ချင်ပါသည်။ မမစွာ စိတ်ညစ်တာကိုလည်း မမြင်ချင်ပါ။

ဘာပဲဖြစ်ဖြစ် ညနေကျရင်တော့ ဧည့်သည်တွေ ရောက်လာပါတော့မည်။ လောလောဆယ် ခြံထောင့်က သစ်သားအိမ်ကလေးကို အမေက ရှင်းခိုင်းထားတာမို့ သွားရှင်းရပါမည်။ ဧည့်သည်တွေကို ခြံထောင့်က အိမ်ကလေးမှာ ထားမလို့ပဲလား။

ဟိုတစ်ခါလာတုန်းကတော့ ဂျာဂျာတို့ အိမ်မှာ ညမအိပ်ကြပါ။ အခုတော့ အိမ်မှာပဲ တည်းခိုမည် ထင်ပါသည်။

အမှန်အတိုင်း ဝန်ခံရရင် အဲဒီဧည့်သည် မိသားစုကို ဂျာဂျာလည်း သဘောမကျပါ။ ဒါပေမဲ့ ကိုယ်က ကလေးဆိုတော့ ကလေးလိုပဲ နေရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည် ဦးလေးကြီးက အမေ့ကိုလည်း ငေးကြည့်တတ်သလို၊ မမစွာကိုဆိုရင်လည်း တိတ်တိတ်လေး လိုက်ငေးကြည့်တတ်ပါသည်။

ဂျာဂျာက အဲ့ဒါကို စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာ။

"ဂျာဂျာရေ"

"ဗျာ... အမေ"

"ပြတင်းပေါက်မှန်တွေကို သေသေချာချာ ဆပ်ပြာရည်နဲ့ ဆေးနော်"

"ဟုတ်..."

"ကြမ်းပြင်ကို ရေဝတ်နဲ့ မသုတ်နဲ့နော်။ ဖွက်ပေါက်သွားလိမ့်မယ်"

"ဟုတ်ကဲ့ အမေ"

"ဪ... သား ညနေကျူရှင်ရှိလား"

"ရှိတယ် အမေ၊ ဒါပေမဲ့ အမေခိုင်းစရာရှိရင် ခိုင်းပါ၊ ကျူရှင်က မတက်ရင်လည်း ရပါတယ်၊ ဂျာ စာတွေရပြီးသွားပါ"

လိမ္မာတဲ့ သားကို ဒေါ်သက်ထားက သနားသွားပါသည်။





ဒီသားကမှ အဖေတူတဲ့သား စစ်စစ်ပါ။ သူ့အဖေလိုပဲ အေးဆေးတည်ငြိမ်ပါသည်။

"အေး... သားရယ်၊ ညနေ ပန်းခူးရမယ်၊ စွာစွာကို ခိုင်းလို့ရမှာ မဟုတ်ဘူး၊ ဧည့်သည်တွေလာရင် စွာစွာက လုံးဝ မကြိုက်တော့ ပန်းခူးခိုင်းရင် ပေါက်ကရတွေ ခူးပစ်မှာ"

"ဂျာ ခူးပေးမယ် အမေ"

"အေးကွယ်"

"အမေ"

"ပြော..."

"ဒီအိမ်ကို ဘာဖြစ်လို့ ရှင်းတာလဲဟင်"

သားကမေးတော့ ဖြေရမှာ မဂုံ့မလဲပါ။

"ဪ... ဧည့်သည်က ဒီမှာ ခဏလောက်တည်းခိုမယ်ဆိုတော့..."

"ဟာ... ဒီအိမ်လေးက ကျဉ်းကျဉ်းလေးကို ဧည့်သည်တွေနေလို့ ဆံ့ပါ့မလား"

သားမေးတာလည်း ဟုတ်တာပါပဲ။

"ဧည့်သည်က တစ်ယောက်တည်းပဲ လာတော့မှာ သားရဲ့၊ လေးငါးယောက်ဆိုရင် မဆံ့ပေမယ့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲတော့ ဆုံပါတယ် သားရယ်"

"ဩော်... တစ်ယောက်တည်းလား"

ကိုယ့်ဆီမှာ အတိတ်က အရိပ်ရှိနေတော့ ကလေးရဲ့ရှေ့မှာတောင် မလိုမလဲနဲ့ပါ။ ဒါကြောင့် အမြန်ပဲ ထွက်လာခဲ့ရတော့တာ။

"အမေ လုပ်စရာရှိသေးတယ်"

"စိတ်ချ၊ ဂျာ အကောင်းဆုံး သန့်ရှင်းထားပေးမယ် အမေ"

သား ဂျာရစ်က ပြုံးပြုံးလေး ကျွန်ရစ်ခဲ့သည်။ မပြ နိုင် မရယ်နိုင်သူကတော့ ဒေါ်သက်ထားရယ်ပါ။

ညနေဆိုရင် အိမ်ကို ညွှန့်သည် ရောက်လာပါတော့ မည်။

လွန်ခဲ့တဲ့ နှစ်လတုန်းက လာခဲ့ပြီး တောင်းဆိုမှုတစ် လုပ်သွားခဲ့တဲ့ ညွှန့်သည်က အခုတစ်ခါ ပြန်ရောက်လာတော့ မှာပါ။

ရောက်လာတာနဲ့ တောင်းဆိုမှုနဲ့ ပတ်သက်ပြီး အဖြေ ပေးရပါတော့မည်။ ခုထိ ဒေါ်သက်ထားဆီမှာ အဖြေမရှိသေး ပါ။ တည်ငြိမ်ခိုင်မာနေတဲ့ စိတ်တွေလည်း ဒီနေ့ ပဲ ယိုင် ချင်ချင် ဖြစ်နေရတော့တာ။ ရင်ခုန်သံတွေကလည်း မြန်ဆ





နေရတော့သည်။

ကိုယ့်ကိုယ်ကိုပင် စိတ်တိုစိတ်ပျက်ရတဲ့အထိပါပဲ။

တကယ်ဆို ဒီအရွယ်ရောက်မှ ဒီအခြေအနေဖြစ်နေမှ စိတ်လှုပ်ရှားစရာတဲ့လား၊ အတိတ်က ဘာတွေဖြစ်ခဲ့ပါစေ ပြတ်သားခဲ့ပြီးမှတော့ ဆက်ပြီး ပြတ်သားရမှာပဲပေါ့။

မကြာခင် ရောက်လာတော့မယ့် ညွှန့်သည်က အတိတ် တုန်းက ဒေါ်သက်ထားရဲ့ ချစ်သူ၊ ဒေါ်သက်ထားရဲ့ ဘဝ ကို ကျွမ်းထိုးမှောက်ခုန် ဖြစ်စေခဲ့တဲ့သူ။

အို... ရင်ခုန်စရာ မရှိတော့ပါဘူးလေ။ ဒါပေမဲ့ ကြီးမား တဲ့ ဆက်နွယ်မှုကြီးက ရှိနေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ညနေလေးနာရီ။

ဇွာဇွာက ညွှန့်သည်လာမှာကို လုံးဝ သဘောမကျတဲ့အတွက် အမေ့ကို ဆန္ဒပြဖို့ စဉ်းစားနေမိပါသည်။

ဘယ်လိုပုံစံနဲ့ ဆန္ဒပြရမလဲ။

အမေကတော့ လုပကြော့ရှင်းလို့ပါ။ အဒေါ်ကြီးနဲ့ ညစာချက်ပြုတ်စီစဉ်နေသည်။

ဂျာရစ်က ပန်းခူးနေသည်။ ကာတီးက ပန်းပင်ရေလောင်းနေသည်။ ဇွာက ခြံထဲက အလုပ်ကိုလည်း မကူပါ၊ ညွှန့်သည်တွေလာရင် မတွေ့ချင်ဘူးလို့ပဲ စိတ်ထဲမှာ ခံစားနေရတာမို့ စက်ဘီးကို ဆွဲယူပြီး ထွက်ဖို့ပြင်လိုက်ပါသည်၊

"ဇွာဇွာ ဒါက ဘယ်လဲ"





"မိသံတို့ဘက် အမေ"

"ညနေရောက်နေပြီ မသွားနဲ့၊ နီးတဲ့ခရီးလား"

ဇွာက မတတ်နိုင်ပြန်။ အမေက မသွားနဲ့ဆိုတော့ မသွားပဲနေရရုံပေါ့။

မသွားနဲ့လို့တားတာကို ဖွတ်ထွက်သွားရလောက်အောင် ဇွာ သတ္တိမကောင်းပါ။ ဒီတော့ မှုန်ကုပ်ကုပ်လေးနဲ့ပဲ ခြံထဲကို ဆင်းလာခဲ့ရပါတော့သည်။

"တာတာ"

"ဗျာ... မမဇွာ"

"ညွှန့်သည် မျောက်လောင်းလေးတွေ ရောက်လာရင် အတူတူ မကစားနဲ့နော်၊ ငါ လုံးဝ မကြိုက်ဘူး"

ကာတာက မျက်လုံးအပြူးသားလေးနဲ့ ခေါင်းညိတ်ပြသည်။

"အဲဒီ ခွေးကောင်လေးတွေကများ အနိုင်ကျင့်လာခဲ့ရင် လုံးဝ မခံလေနဲ့ ကြားလား"

"သူတို့က အနိုင်မကျင့်ပါဘူး မမဇွာရဲ့၊ သားထက်တောင် အရပ်ပုပါတယ်ဗျ"

"အေးပါ၊ အနိုင်မကျင့်ရင် ပြီးတာပဲ။ အနိုင်ကျင့်ရင်တော့ မခံနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဇွာသာ ပြောတော့ နှင်းဆီပုံလေးတွေကို ဖြတ်နေရင်း "ရှာဂျာ" က ဇွာ့ကို လှမ်းပြောပါသည်။

"မဇွာ့ကို ပြောနေ၊ အဲ့ဒီကောင်လေးတွေက ပါလာ မှာမဟုတ်ဘူး၊ ညှော်သည်က တစ်ယောက်တည်းပဲတဲ့"

"ဟုတ်လို့လား၊ အဲ့ဒီကောင်လေးတွေ ပါလာမှာမို့လို့ပဲ မာလကာသီးတွေတောင် ရူးမစားနိုင်းတဲ့ဥစ္စာ"

"အမေပြောတာပဲ၊ ညှော်သည်က တစ်ယောက်တည်း တဲ့၊ ပြီးတော့ ခြံထဲက ဘိမ်လေးမှာ တည်းခိုမှာတဲ့"

"ဟင်... ဟုတ်ကယ်လား"

ဇွာက အရမ်းအံ့သြသွားသည်။

တစ်ယောက်တည်းဆိုတော့ အဘွားကြီး လာမှာလား၊ ဦးလေးကြီးပဲ လာမှာလား။

အဘွားကြီးလာမှာဆိုရင်တော့ ခြံထဲကအိမ်ကို ရှင်းခိုင်း မှာတဲ့လားနော်၊ ဇွာဇွာတို့ အိမ်လေးမှာပဲ နေလို့ရတာပဲဟာ၊ ဒါဆို ဦးလေးကြီး လာမှာပဲ ဖြစ်မှာပေါ့။ တစ်ယောက်တည်း လာပြီး ဒီအိမ်မှာတည်းမယ်ဆိုတာကရော ဘာသဘောလဲ။

ဟုတ်ပါတယ်၊ ဒီလူကြီး အမေ့ကို လိုချင်နေတာပါ။

အမေကရော...

လာတည်းတာကို လက်ခံတယ်ဆိုမှတော့ အမေလည်း





စိတ်ပါနေတာ ဖြစ်မှာပေါ့။

တွေးရင်း ဒေါ်သတွေထွက် စိတ်တွေတိုလာရပါတော့ သည်။ ဇွာဇွာ့ ရင်ထဲမှာ အမေ့ကို နာမြောတဲ့စိတ်တွေနဲ့ မုန်းကြွပ်နေရတော့တာ။

"တောက်..."

ဇွာ တောက်ခတ်တော့ ဂျာရစ်နဲ့ တာတီးရား ငြိမ်ကုပ် သွားသည်။

ဇွာက ဘောတ်ဆတ် ဘောက်ဆတ်နဲ့ အိမ်ပေါ် ပြန် ဘက်လာပြီး မီးဖိုထဲမှာ ချက်ပြုတ်နေတဲ့ အဒေါ်ကြီးရဲ့ အနားကို လာခဲ့ပြန်ပါသည်။

"အဒေါ်ကြီး"

"ပြော..."

"ညှော်သည်က တစ်ယောက်တည်းဆို"

"အေးလေ"

ဟင်... ဟင်းတွေက အမျိုးအမည်စုံတွေများလှချည် လား"

"မသက်ထား စီစဉ်ပေးတာလေ၊ မုန့်ဟင်းခါးဆီပြန်၊ သရက်ချဉ်သုပ်၊ ဘူးသီးဟင်းခါး၊ ကြက်သားကြော်၊ ကန်စွန်း ရွက်နဲ့ မှိုကြော်၊ ငါးပိရည် တို့စရာ"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက အလိုက်မသိဘဲ ဟင်းတွေ ရွတ်ပြနေသေးတာ။

"နေပါဦး၊ အဲ့ဒီညှော်သည်က ဘာမို့လို့ ဒီလောက်တောင် ချက်ပြုတ်စီစဉ်နေရတာလဲ"

စွာက ဒီလိုမေးတော့မှပဲ အဒေါ်ကြီးက ပြုံးပြုံးပျာပျာနဲ့ တားပါတော့သည်။

"ရှူး... တိုးတိုးပြောပါ စွာစွာရယ်၊ တကတည်းမှပဲ မသက်ထား ကြားသွားရင် အခက်"

"မဟုတ်လို့လား"

"ဟဲ့... ဒီကောင်မလေးနှယ့်နော်"

ဒေါ်ကြည်က စွာစွာကို ဟန့်ရသလို၊ မသက်ထားကိုလည်း ကြည့်ရပါသေးသည်။ တော်ကြာ စွာစွာ့ကို မြှောက်ပေးနေတယ်လို့ ထင်ရင်အခက်ပါ။ ကိုယ်က စွာစွာ့အဖေဘက်ကတော်ရတဲ့ အမျိုးမဟုတ်လား။

ဒေါ်ကြည်က စွာစွာ့အဖေနဲ့ မောင်နှမဝမ်းကွဲတော်သူပါ။ အမျိုးကြီးမို့ ကလေးတွေကို တွယ်တာပြီး စွာစွာတို့နဲ့ အတူနေတာ ဆယ်နှစ်ကျော်ပါပြီ။

မောင်ဖြစ်တဲ့ စွာစွာတို့ အဖေဆုံးတော့ နယ်ကနေပြီး အသုဘကို လာခဲ့သည်။ ဒီရောက်တော့ ကလေးသုံးယောက်





နဲ့ သနားစဖွယ် ယောက်မချောလေးကို တွေ့ပြီး သနားရသလို၊ စွာစွာတို့ ကလေးတွေကိုလည်း ကရုဏာသက်မိသွားသည်။

ဒေါ်ကြည်ကိုယ်တိုင်က နယ်မှာ တစ်ယောက်တည်းနေနေရတဲ့သူ၊ ဒါကြောင့်ပဲ ယောက်မလေးအနားမှာ ခဏနေပေးရင်းနဲ့ အခုဆို ဆယ်နှစ်တောင် ကျော်သွားရပါပြီ။

"အဒေါ်ကြီး"

"ပြော..."

"အမေသာ နောက်ယောက်ျားယူရင် ဘယ်လိုလုပ်ရမလဲဟင်"

"ပေါက်ပေါက်ရှာရှာ စွာစွာရယ်၊ မဟုတ်မဟတ်တွေ မပြောစမ်းပါနဲ့ကွယ်"

ဒေါ်ကြည်က ပြောသာပြောရတာပါ ကိုယ်တိုင်လည်း စိုးရိမ်နေမိတာတော့ အမှန်ပါ။

တစ်ပင်လဲလို့ တစ်ပင်ထူတာ အပြစ်မဆိုသာပေမယ့်၊ သမီးအပျိုဖလေးရှိနေမှ နောက်အိမ်ထောင် မပြုစေချင်။

"ဟင်... အဒေါ်ကြီးပြောတော့ ညှော်သည်အဘွားကြီးက အမေ့ကို ချွေးမတော်ချင်နေတာဆို"

"အေးလေ သူ့ဘာသာ သူတော်ချင်နေတာပဲဟာ၊



www.burmeseclassic.com

www.burmeseclassic.com



မမသက်ထားကြအ မုံတော်ချင်ရင် သူ့ ဘာလုပ်လို့ရမှာတဲ့လဲ”

“အမေကော့ဝါ တော်ချင်နေရင်ရော”

“ဒီကောင်မလေးဟာလေ၊ ဘာတွေပြောနေတာလဲ”

အဒေါ်ကြီးက မျက်နှာတည်ကြီးနဲ့ ဟန့်လိုက်တော့မှပဲ စွာစွာက နှုတ်ခမ်းလေး စူထော်ပြီး ပါးစပ်ပိတ်ထားလိုက်ရတော့တာ။

အဒေါ်ကြီးနဲ့ စကားပြောရတာ အဆင်မပြေပါဘူး။ အဒေါ်ကြီးက အဖေ့ရဲ့ အစ်မဆိုတော့ စွာစွာ့မှာ အမေနဲ့ မတိုသက်ပြီး ပြောရဆိုရခက်နေတာပါ။

တကယ်ဆို ပြောပြချင်တဲ့ ကိစ္စတစ်ခုက စွာ့ရင်ထဲမှာ ရှိနေပါသည်။ ဒါပေမဲ့ ပြောလို့မထွက်၊ အဲဒီကိစ္စကြောင့်ပဲ စွာ့မှာ ဒေါသတွေ ဖြစ်နေရတာ။ အမေ့ဆီလာတဲ့ ညီ့သည် လူကြီးက စွာ့ကိုပဲ လိုက်ရောနှောချင်နေတာပါ။ ဟိုတစ်ခေါက် လာတုန်းကတည်းက သတိထားမိသည်။

ဒီလူကြီးက အမေလစ်တာနဲ့ စွာ့ကိုပဲ ငေးနေတာတဲ့ လူကြီး။ အမေ့ကိုပဲ လိုက်ငေးကြည့်နေတာဆိုတော့ စွာ စိတ်ထဲမှာ ဒေါသတွေ ထွက်နေရတာပါ။

စွာ အပြင်ထွက်လိုက်တာနဲ့ ခြံထဲကို ကားမဲမဲကြီး တစ်စင်း မောင်းဝင်လာတာ တွေ့ရပါသည်။ ပန်းလာဝယ်





တဲ့သူတွေများလားလို့ တွေးနေဆဲမှာပဲ ကားကြီးက အိမ်ရှေ့ကို လျှောခနဲ ရောက်လာတော့တာ။

ပန်းလာဝယ်တဲ့သူအမှတ်နဲ့ စွာစွာက ပြုံးပြထားတုန်းမှာပဲ ကားတံခါးဖွင့်လာပြီး ကားပေါ်ကနေ ချောမောခန့်ညားတဲ့ ဦးလေးကြီးက မြူးရွှင်စွာနဲ့ ဆင်းလာတော့တာ။

“သမီး နေကောင်းတယ်နော်”

“ဟင်...”

စွာ့ မျက်နှာပေါ်က အပြုံးတွေက ချက်ချင်းပဲ ပျောက်ကွယ်သွားရသည်။ မျက်နှာလေးက ချက်ချင်းပဲ တည်သွားရတော့တာ။

ဟုတ်တယ်လေ၊ ဒီလူကြီးကို စွာ ပြုံးမပြနိုင်ပါဘူး။ ညှော်ခံဖို့ဆိုတာကတော့ အဝေးကြီးပါ။ ဒါ စွာ့အမေကို လာချိန်နေသလို စွာ့ကိုလည်း လိုက်ရောနေတဲ့ လူလည်ကြီးပေါ့။

ဟိုတစ်ခါလာတုန်းက ဒီလူကြီး တစ်ယောက်တည်းလာတာ မဟုတ်ပါ။ သူ့ရဲ့သား မျောက်လောင်းနှစ်ကောင်နဲ့ သူ့ရဲ့အမေ အဘွားကြီးတစ်ယောက်ပါ ပါလာသည်။ အခုတော့ တစ်ယောက်တည်းပါလား။

ပြီးတော့ ခြံထဲက အိမ်ကလေးကိုလည်း ညှော်သည်နေဖို့ဆိုပြီး အမေက ရှင်းခိုင်းထားသတဲ့။ ဒါ ဘာလဲဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



စွာစွာက မျက်နှာတည်လေးနဲ့ ညည့်သည်ဦးလေးကြီးရဲ့ ရှေ့ကနေ ချာခနဲ လှည့်ထွက်လာလိုက်ပါတော့သည်။

အဲဒီအချိန်မှာပဲ အမေကလည်း အိမ်ထဲကနေ ထွက်လာပါတော့သည်။ စွာစွာကတော့ လုံးဝ လှည့်မကြည့်တော့ပါ။

* * *



## အခန်း (၅)

ကားသံနဲ့ စကားသံကြောင့် အိပ်ခန်းထဲ ရောက်နေရာကနေပြီး ဒေါ်သက်ထားက အပြေးလေး ထွက်လာခဲ့မိတာပါ။

ထင်တဲ့အတိုင်း 'သူ' ရောက်လာတာပါ။ ဖြစ်ချင်တော့ စွာစွာနဲ့မှပဲ တည့်တည့်ကြီး တိုးရသတဲ့။ ဒေါ်သက်ထားက အားနာသလို စိတ်မကောင်းလည်း ဖြစ်သွားရပါသည်။

'သူ' က နှာကျင်ကြေကွဲနေတဲ့ မျက်လုံးတွေနဲ့ ထွက်သွားတဲ့ သမီးစွာစွာရဲ့ နောက်ကျောကို လိုက်ကြည့်နေတာ။

"ဩော်... ဦးသန့်သော် ရောက်ပြီလား"

ဒေါ်သက်ထားက တည်ငြိမ်အောင် ကြိုးစားပြီး နှုတ်ဆက်လိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ အတော့်ကို လှုပ်ရှားဆူဝေနေရတာဖြစ်သည်။

"ကိုရယ် ခုအချိန်ထိ ထားကို ရင်ခုန်စေတုန်းပါပဲလားကွယ်"

ဒေါ်သက်ထားက စိတ်ထဲကနေပဲ ပြောလိုက်မိတာပါ။

"ထားရယ် သူစိမ်းတွေလိုပဲ ကြိုဆိုနေတုန်းပဲလားဗျာ"

"အိမ်ပေါ်တက်ပါ ဦးသန့်သော်"

တမင်ပဲ စကားစဖြတ်ပြီး ဧည့်ခန်းထဲကို ဦးဆောင်လို့ခေါ်လာခဲ့ရပါသည်။

ရှေ့က သွားနေတဲ့ ချစ်ခဲ့ဖူးသူ 'ထား' ရဲ့ ဆွဲဆောင်မှုအားကောင်းလွန်းလှတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းတွေကြောင့် ဦးသန့်သော်မှာ အသက်ရှူမဝချင်တော့အောင်ပါပဲ။

အရမ်းချစ်ခဲ့ဖူး၊ အဆုံးစွန်ထိ ရင်းနှီးဖူးခဲ့တဲ့သူတိုင်း တံတိုင်းတွေ ခြားထားတဲ့ အနေအထားနဲ့ ပြန်တွေ့ရတာမို့ ရင်နာရပါသည်။ ဘာပဲဖြစ်ဖြစ် တံတိုင်းတွေကို ဖြတ်ကျော်နိုင်ဖို့ပဲ ဦးသန့်သော်က ဆုံးဖြတ်ထားသည်။

"ထိုင်ပါ ဦးသန့်သော်၊ ကလေးတွေရော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်"





"ကျွန်မက အန့်တီရော၊ ကလေးတွေရော ပါလာမယ်ပဲ ထင်နေတာ"

"အမျိုးသမီးမှ မဟုတ်တာ ထားရယ်၊ လူပိုတွေ ပါလာရင် ထားနဲ့ နီးနီးကပ်ကပ် စကားပြောရဖို့ အခွင့်အရေးကို မရနိုင်ဘူး မဟုတ်လား။ ကိုက ထားပေးမယ့် အဖြေအတွက် လာခဲ့တာ"

"ဒီလို အသုံးအနှုန်းတွေနဲ့ မပြောပါနဲ့ ဦးသန့်သော်၊ ကျွန်မတို့က မိတ်ဆွေတွေပါ။ ဒီလောက် မရင်းနှီးပါဘူး"

"ဩော်... ထားရယ်"

မျက်နှာထားတည်တည်တင်းတင်းလေးနဲ့ ပြောတဲ့ ထားရဲ့ပုံစံနဲ့ လေသံကြောင့် ဦးသန့်သော်ရဲ့ ရင်ထဲမှာ နာကျင်သွားရပါသည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်ပါ။

"ဆောရီး ကိုယ် ထိန်းပါ့မယ်"

မျက်နှာပျက်သွားပေမယ့် ဦးသန့်သော်က ချက်ချင်းပဲ ပြန်ထိန်းလိုက်ပါသည်။

ကလေးတွေမှ မဟုတ်တော့တာ။ အသက်တွေက သုံးဆယ့်ရှစ်နှစ်ဝန်းကျင် ရောက်နေပြီလေ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါးတုန်းကလို ခံစားနေလို့ ရပါ့မလား။

"သမီး သိမ်မွေ့သက်ထားက ကိုကို အရမ်းစိမ်းတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ထား... အဲ ဒေါ်သက်ထား ပြောပြလိုက်လို့လား"

"မပြောပါဘူး၊ ပြောဖို့မှ မဖြစ်နိုင်တာ"

"မဟုတ်ဘူးလေ၊ ကျွန်တော်နဲ့ ဒေါ်သက်ထား၊ အဲ... မဟုတ်သေးဘူး၊ ကျွန်တော်က ဒေါ်သက်ထားကို လက်ထပ်ခွင့် တောင်းထားတဲ့အကြောင်း..."

"ဒါလည်း မပြောရသေးပါဘူး ဦးသန့်သော်၊ စွာစွာရဲ့အနေအထားကို ရှင် မြင်ပါတယ်လေ၊ သဘောထားအရမ်းတင်းမာနေတာပါ၊ ဒါတောင် ရှင် လက်ထပ်ခွင့်တောင်းထားတဲ့ကိစ္စကို သူ အတိအကျ သိထားတာ မဟုတ်သေ ဘူးနော်"

"ကျွန်တော် နားလည်ပါတယ်ဗျာ"

ဦးသန့်သော်က ခေါင်းငိုက်စိုက်ကျသွားတော့ ဒေါ်သက်ထားက စိတ်မကောင်း ဖြစ်သွားရပြန်ပါသည်။

"ကဲ... အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့ရှင်၊ အနားယူပါဦး၊ ကျွန်မ ခြံထဲက အိမ်ကို ပြင်ဆင်ပေးထားပါတယ်။ သီးသန့်လွတ်လွတ်လပ်လပ် နေလို့ရအောင်ပါ။ ထမင်းစားရင်လည်း ကျွန်မတို့ မိသားစုနဲ့ပဲ စားပါ"

"ကျေးဇူးပါပဲ"

"ရပါတယ်ရှင် မိတ်ဆွေတွေပဲ၊ ကျေးဇူးတင်တဲ့စကား





ပြောနေစရာ မလိုပါဘူး"

ဒေါ်သက်ထားက ဘာမှမဖြစ်သလိုမျိုးပဲ နေပြလိုက်ပါသည်။

ရင်ထဲမှာ ဖြစ်နေတာကို ဖွင့်ချပြလို့ ဖြစ်မှာတဲ့လား၊ တကယ်ဆို အခုလိုမျိုး မိတ်ဆွေအဆင့်ထားပြီးတော့ ဆက်ဆံရတာတောင် အန္တရာယ်များလွန်းတဲ့ အနေအထားပါ။

လျှို့ဝှက်ထားရတာတွေက အများကြီး မဟုတ်လား။

"မမကြည်ရေ"

"လာပြီ မသက်ထား"

"သာ ဂျာရစ်ကို ခေါ်ပေးပါနော်"

"အေး...အေး"

မမကြည် ခြံထဲကို ဆင်းသွားတော့မှ ဒေါ်သက်ထားက သတိပေးစကားကို ပြောရပါတော့သည်။

"ဦးသန့်သော်အနေနဲ့ ကတိတည်မှပဲ ဖြစ်မယ်နော်၊ သမီးနဲ့ပတ်သက်ပြီး ရှင့်ဘက်က ဖွင့်ချလိုက်တာနဲ့ အားလုံးဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်မယ်ဆိုတာ ရှင် မမေ့ပါနဲ့"

ဩော်... ထားရယ်။

ကို လောဘမကြီးပါဘူးဗျာ။

ပျက်ကွက်ခဲ့တာ၊ ထားကို ဒုက္ခရောက်စေခဲ့တာက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပဲ မဟုတ်လား၊ အခုအချိန်မှာ ထားကို ရွေးဖွေးဖွေးမြွ ခွင့်လေးပဲ ကိုယ် လိုချင်ပါတယ်။

"ဟော… ဂျာဂျာရေ၊ ဒီဦးလေးကို ခြံထဲက အိမ်လေးဆီ ပို့ပေးလိုက်နော် သား"

"ဟုတ်ကဲ့ အမေ"

"ဦးလေး ကြွပါခင်ဗျ"

ဂျာရစ်ဆိုတဲ့ ချစ်စရာ ချာတိတ်လေးက ဖျူးဖျူးဖြာဖြာနဲ့ ခေါ်တာမို့ ဦးသန့်သော်က လိုက်သွားလိုက်ပါသည်။

"ဦးလေးကားကို ဒီလမ်းအတိုင်း မောင်းလာခဲ့လို့ ရတယ်ခင်ဗျ၊ အိမ်ရှေ့မှာ ကားရပ်ထားလို့ရတယ်"

"လာလေ၊ သားပါ ကားနဲ့လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့ ဦးလေး"

"သားက ဘာလုပ်နေတာလဲ"

"ပန်းခူးပေးနေတာပါ"

"လိမ္မာတယ်ကွာ၊ မိဘကို ကူညီတာ ကောင်းတာပေါ့"

"ဟုတ်ကဲ့"

အိမ်ကလေးကို ရောက်တော့ ကျဉ်းပေမဲ့ သပ်သပ်ရပ် ရပ်လေးကို တွေ့ရသည်။

"အိမ်လေးက ကျဉ်းပေမယ့် တစ်ယောက်တည်းဆိုရင်





နေလို့ ရပါတယ် ဦးလေး"

"မကျဉ်းပါဘူးကွာ"

"ဦးလေး လိုတာရှိရင် ကျွန်တော့်ကို ခိုင်းနော်"

"အေးကွာ"

ချာတိတ်လေး ပြန်ထွက်သွားတော့ ခုတင်ပေါ်မှာ စောင်လှဲပြီး ဦးသန့်သော်က အတိတ်ကို ပြန်စဉ်းစားမိသွားပါ တော့သည်။

အဲ့ဒီတုန်းက သူရော၊ ကိုယ်ရော အသက်နှစ်ဆယ် အောက်အရွယ် အချစ်ကို အထွတ်အမြတ်ထား ကိုးကွယ်ခဲ့တဲ့ အချိန်ပေါ့။

ထားရဲ့ တကယ့် အချစ်စစ် အချစ်မှန်နဲ့ ကို ထားကို ချစ်ခဲ့တာပါ။

ဒါပေမဲ့ ဝေးခဲ့ကြရတယ်နော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အဲ့ဒီတုန်းက သန့်သော်နဲ့ သက်ထားဆိုတဲ့ သဲသဲလှုပ် ချစ်ခဲ့ကြတဲ့ ချစ်သူနှစ်ဦးက စက်မှုတက္ကသိုလ် ပထမနှစ် ကျောင်းသား ကျောင်းသူတွေပဲ ရှိသေးတာပါ။

နှစ်ယောက်စလုံးက ချောချောလှလှတွေမို့ အတွဲညီပြီး ရန်ကုန်စက်မှု တက္ကသိုလ်မှာ အရမ်းနာမည်ကြီးခဲ့ကြတာပေါ့။

ပြည့်စုံတဲ့ အသိုင်းအဝိုင်းက မွေးဖွားလာကြတာဆို တော့ ချစ်သူဘဝမှာလည်း ဘာမှ လိုလေသေးမရှိဘဲ ပျော် ခဲ့ကြသည်။

သန့်သော်က ရန်ကုန်က မဟုတ်ပါ။ မြစ်ကြီးနားကပါ။ ရန်ကုန်စက်မှုတက္ကသိုလ်မှာ ကျောင်းလာတက်တော့ ချမ်း သာတဲ့ မိဘတွေက တိုက်ပါလုံး ကားတစ်စီးနဲ့ ကျောင်း တက်စေခဲ့တာ ဖြစ်သည်။





ဒီတော့ သန့်သော်ပိုင်တဲ့ ဆိတ်ငြိမ်ရပ်ကွက်ထဲက တစ်ထပ်တိုက်ကလေးသည် ချစ်သူနှစ်ဦးအတွက် အနှောင့် အယှက်ကင်းပြီး ငြိမ်းချမ်းတဲ့ ချစ်သူ့နယ်မြေလေး ဖြစ်လာ ရပါတော့သည်။

ဆိတ်ကွယ်ရာမှာ လွတ်လပ်စွာ တွေ့ခွင့်ရခဲ့တော့ အချစ်နယ်လွန်ခဲ့ကြသည်။ အချစ်ဆိုတာကလည်း သောက် လေ သောက်လေ ငတ်မပြေနိုင်တဲ့ ပင်လယ်ရေလို မဟုတ် လား။

တက္ကသိုလ် ကျောင်းကလည်း လွတ်လပ်ခွင့်တွေ့ရတဲ့ နေရာ မဟုတ်လား။

"ထားနဲ့ကို ကျောင်းပြီးမှ လက်ထပ်မှာနော်။ ကျောင်း တော့ပြီးအောင် တက်မှာဖြစ်မှာကို ကျောင်းမပြီးသေးဘဲနဲ့ ယောကျ်ားယူရင် ထားကို အိမ်က စိတ်ဆိုးကြမှာ"

"ကိုတို့ ပညာပြည့်စုံမှပဲ အိမ်ထောင်သည်ဘဝကို ရောက်တဲ့အခါမှာလည်း စိတ်အေးချမ်းသာယာနိုင်မယ်ဆိုတာ ကို သိပါတယ်ဗျာ"

"ကိုနော် ကျောင်းပြီးဖို့တော့ အဝေးကြီးလိုပါသေးတယ် ဆိုပြီး ကြားထဲမှာ နောက်ထပ် ရည်းစားတွေ လျှောက်မထား ရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ၊ ကို့အနားမှာ ထားဆိုတဲ့ တောက်တဲ့မလေးက အမြဲတမ်း ကပ်ပါနေတာ ကိုက နောက်ထပ်ရည်းစား ဘယ်လိုလုပ်ပြီး ထားနိုင်မှာတဲ့လဲ"

"ဒါပဲနော်၊ ကို သစ္စာဖောက်လို့ကတော့ အသေသတ်ပစ်မှာ"

"ကြောက်စရာကြီးပါလားဗျာ. အဟွန်း… ဟွန်း"

သန့်သော်တစ်ယောက် ရန်ကုန်မှာ ကောင်မလေးတစ်ယောက်နဲ့ ရှုပ်နေတယ်ဆိုတဲ့သတင်းက အိမ်က ထမင်းချက်ဘကြီးကတစ်ဆင့် မိဘတွေထံ သတင်းရောက်နေတာကို သန့်သော် မသိခဲ့ပါ။

ချက်ချင်း လက်ထပ်ဖို့ စိတ်ကူးမရှိသေးတဲ့အတွက် ချစ်သူရှိနေတာကိုလည်း မိဘတွေကို မပြောထားမိသေးပါ။ အတူတူနေတာဆိုရင်လည်း တစ်မျိုးပေါ့။

မိဘတွေက သူ့ကို နိုင်ငံခြားက အစ်ကို့ဆီပို့ဖို့ စီစဉ်နေတာကိုလည်း သန့်သော် မသိခဲ့။

ကျောင်းပိတ်ရက် အလည်သွားမယ်ပြောပြီး အမေနဲ့ အဖေက သူ့ကို နိုင်ငံခြားက အစ်ကိုဆီ ခေါ်သွားသည်။

အလည်အပတ်ပဲဆိုတော့ သန့်သော်က ဘာသံသယမှ မရှိခဲ့သလို ထားကလည်း အေးဆေးပါပဲ။





"ကိုနော် ဘိုမတွေနဲ့ ရှုပ်မလာနဲ့" လို့ပဲ မှာခဲ့တာပါ။ ရက်သတ္တ နှစ်ပတ်ပဲ ကြာမယ်လို့ သိထားတာကိုး။

ဟိုရောက်တော့မှ သူ့ကို ကျောင်းတက်ဖို့ ကိစ္စတွေ စီစဉ်ထားပေးတာ သိရတော့သည်။

"ဟာ… မဖြစ်ဘူး မေမေ၊ ကျွန်တော် ရန်ကုန်မှာပဲ ဘွဲ့ရအောင် ကျောင်းတက်ချင်တယ်၊ ဒီမှာမနေချင်ဘူး။ ရန်ကုန်မှာ ကျွန်တော့် ချစ်သူရှိတယ်"

သန့်သော်က အကြောက်အကန် ငြင်းခဲ့တာပါ။ ဒါပေမဲ့ အမေတို့ကလည်း အလျှော့မပေး။

"မဖြစ်ဘူး သား၊ မေမေက သားကို ရည်မှန်းချက်ကြီးကြီးထားတာ၊ ရန်ကုန်မှာ ရည်းစားရှိတာ သိနေလို့ပဲ ဒီကို ပို့တာပေါ့၊ စောစောစီးစီး အိမ်ထောင်ကျပြီး ရည်မှန်းချက်တွေ လွဲချော်ကုန်မှာမျိုး လုံးဝ အဖြစ်မခံနိုင်ဘူး"

"ကျွန်တော် သူ့ကိုပဲ လက်ထပ်မှာ မေမေ၊ ချက်ချင်း လက်ထပ်ဖို့လည်း ဆုံးဖြတ်မထားပါဘူး၊ ကျောင်းပြီးမှ လက်ထပ်ဖို့ တိုင်ပင်ထားပြီးသားပါ"

"မေမေလည်း ကတိပေးတယ်ကွယ်၊ ကျောင်းပြီးတဲ့အထိ ဒီမှာတက်ပါ၊ ပြီးရင် သားချစ်သူနဲ့ပဲ လက်ထပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သန့်သော် ဘယ်လိုမှ ငြင်းလို့မရတော့ပါ။

မိဘတွေ စီစဉ်တဲ့အတိုင်း နာခံရပါတော့သည်။ အဒေ
က ပြန်တော့ ထားအတွက် စာနဲ့လက်ဆောင်ပစ္စည်းတွေရယ်
ဆက်သွယ်ဖို့ လိပ်စာရယ်ကို သူ ထည့်ပေးလိုက်သည်။

"စိတ်ချ မေမေ သွားပို့ပေးမယ်၊ ဘာမှ စိတ်မပူနဲ့
သား၊ ပညာရေး ဆုံးခန်းတိုင်သွားတာနဲ့ အဲ့ဒီကလေးမနဲ့ပဲ
လက်ထပ်ရမှာ"

မတတ်နိုင်တဲ့ အခြေအနေမှာ မိဘတွေရဲ့ သဘော
အတိုင်းပဲပေါ့။

မေမေ ရန်ကုန်ပြန်သွားပြီး ချစ်သူဆီက အဆက်
အသွယ်ကို စောင့်ခဲ့သည်။ ရောက်မလာပါ။ မေမေကပြော
တော့ သူ ပေးလိုက်တာတွေ အားလုံးပေးခဲ့တယ်တဲ့။

ခဏခဏမေးလည်း ဒီအဖြေပဲရခဲ့တာပါ။ နှစ်လ
လောက်အကြာမှာ မေမေက လက်ထပ်ပြီးစီးခြင်း သတင်းပါ
တဲ့ သတင်းစာ ပို့ပေးခဲ့ပါသည်။

ထားနဲ့ မောင်မောင်ဆိုတဲ့ လူတစ်ယောက်နဲ့ လက်ထပ်
သွားပြီတဲ့။

မေမေပြောတာဆိုရင် သူ ယုံမှာမဟုတ်ပါ။ အခုဟာက
သတင်းစာပါ ထည့်ပေးလိုက်တာမို့ ယုံကြည်လိုက်ရပါတော့





သည်။

ဘယ်လိုဖြစ်သွားတာလဲဆိုတာ စဉ်းစားလို့ မရတော့ပါ။
အသည်းကွဲတဲ့ ဝေဒနာကို ပက်ပက်စက်စက် ခံစားလိုက်ရပါ
သည်။

အကြောင်းရင်းကိုလည်း မသိရ။ သူ ဆက်သွယ်လို့ရော
ဘာများထူးတော့မှာလဲ။ ဒီလိုနဲ့ပဲ စာကို ကြိုးစားသင်ယူခဲ့
ပြီး အသည်းကွဲတာကို ကုစားခဲ့သည်။ နိုင်ငံခြားမှာပဲ ဘွဲ့
ရပြီး အလုပ်အကိုင်ပါရခဲ့သည်။

ထား လက်ထပ်သွားတာလဲ၊ ခြောက်နှစ်တောင် ရှိခဲ့
ပြီ။ ဒီတော့ မေမေတို့က သူ့ကို အိမ်ထောင်ပြုပေးပြန်ပါ
သည်။

ထားမှ ကိုယ့်ဘဝထဲကို ဝင်မလာနိုင်တော့တာမို့ မိဘ
တွေ စိတ်ချမ်းသာဖို့ကိုပဲ လိုက်နာရတော့သည်။ အဲ့ဒီမှာတင်
သားတို့ရဲ့ အမေ 'ဝါဝါ' နဲ့ လက်ထပ်ဖြစ်ခဲ့သည်။

လက်ထပ်ပြီး သားနှစ်ယောက် အမွှာမွေးဖွားခဲ့သည်။
ကလေးတွေ သုံးနှစ်အရွယ်မှာ 'ဝါဝါ' က အဆုတ်ကင်ဆာ
ရောဂါနဲ့ ဆုံးပါးသွားခဲ့ပါသည်။ ဒီတော့မှပဲ သုံးနှစ်သာ
ကလေးနှစ်ယောက်နဲ့ မြန်မာပြည်ကို ပြန်ရောက်ရတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မှပဲ ထား သတင်းကို ကြားရပါသည်။ ထားလည်း ကလေးသုံးယောက်နဲ့ မုဆိုးမ ဖြစ်နေပြီတဲ့။

ဒီတော့မှပဲ မေမေက ပြောပြပါသည်။ ထား သူ့ကို လာရှာတဲ့အကြောင်း၊ သူ့ရင်သွေးကို လွယ်ထားရပြီမို့ ပြန်ခေါ်ပေးဖို့ တောင်းပန်တဲ့အကြောင်းတွေပါ။

မေမေပြောတာကို နားထောင်ရင်း ယောကျ်ားတန်မဲ့ သူ ငိုခဲ့ရသည်။

"မေမေ အပြစ်ပါ သားရယ်၊ မေမေ အတ္တကြီးခဲ့ပါတယ်။ တစ်ဖက်မိန်းကလေးကို မစာနာနိုင်ဘဲ အယုံအကြည်မဲ့ခဲ့ပါတယ်။ သား ဘဝနစ်မွန်းမှာကို စိုးရိမ်ခဲ့တယ်၊ ဒါကြောင့်ပဲ သားကို အကြောင်းမကြားခဲ့ဘူး"

"မေမေရယ်..."

"ဒါကြောင့် သူ့ခမျာ ယောကျ်ားတစ်ယောက်ကို အမြန်ယူခဲ့ရရှာတယ်ကွယ်၊ နောက်မှ တဖြည်းဖြည်းနဲ့ မေမေ မှားမှန်းသိခဲ့ရပါတယ်။ ဒါပေမဲ့ သူကလေးရဲ့ မိသားစုလေး သာယာနေတော့ မေမေ စိတ်သက်သာရာ ရမိတယ်၊ ပြီးတာတွေလည်း ပြီးပါစေတော့ဆိုပြီး သားကို အိမ်ထောင်ချပေးခဲ့တာပေါ့။ အခုတော့ သူလည်း မုဆိုးမလေး ဖြစ်နေပါပြီ သားရယ်"





"ဟင်... ထား... ထားမှာ ကလေး ဘယ်နှစ်ယောက် ရှိနေလဲ မေမေ"

"သုံးယောက်ရှိတယ် သား၊ အကြီးဆုံး သမီးလေးက မေမေတို့သွေးပဲပေါ့"

အမေ့ စကားကြောင့် သူ စိတ်လှုပ်ရှားခဲ့ရပါသည်။ ဝမ်းနည်းခဲ့ရပါသည်။ သိမ်ငယ်ခဲ့ရပါသည်။ ထားကိုရော သမီးကိုပါ တွေ့ချင်ခဲ့သည်။ ဒါပေမဲ့ မရဲခဲ့ပါ။

ကိုယ့်ဘက်က အကြီးအကျယ် ပျက်ကွက်ထားခဲ့ရတာကိုး။ အမေကလည်း နောင်တတွေရပြီး ထားနဲ့ ဆက်သွယ်ဖို့ သူ့ကို ဖိအားတွေပေးနေပါတော့သည်။

"သားရယ် သက်ထားဆီမှာ လင်သားရှိနေတယ်ဆိုရင်တော့ တစ်မျိုးပေါ့ကွယ်၊ အခု သူက မုဆိုးမလေး၊ သားကလည်း မုဆိုးဖိုဆိုတော့ သားတို့ချင်း ပြန်ဆက်သွယ်သင့်တာပေါ့"

"ကျွန်တော် မရဲဘူး မေမေ၊ ထား ကျွန်တော့်ကို အရမ်းစိတ်နာနေမှာ"

"ဒါက သား သိတာမှ မဟုတ်ဘဲကွယ်၊ မေမေကြောင့် ဖြစ်ရတာ မဟုတ်လား၊ သက်ထားလဲ နားလည်မှာပါ သားရယ်၊ မေမေ့မြေးလေးကြောင့် ဆက်သွယ်စေချင်တာပါ၊ မြေး



www.burmeseclassic.com

www.burmeseclassic.com



မလေးကို လိုချင်တယ်ကွယ်၊ မေမေ တစ်ရက်မှ စိတ်မအေးဘူး”

သူက အမေ့ကို ငေးကြည့်နေလိုက်မိသည်။

ပြီးသွားခဲ့တဲ့ကိစ္စကို အပြစ်တင်နေလို့ရော ဘာထူးမှာမို့လို့လဲ။

“သားရယ် ဒီကလေးဟာ ကိုယ့်သွေးသားဆိုတော့ တာဝန်ယူသင့်တယ်”

“မေမေရယ် တကယ်တာဝန်ယူရမယ့် အချိန်တုန်းက ကိုယ်လွတ်ရုန်းနေခဲ့ပြီး ဒီအချိန်ကျမှ ငါ့သွေးသားလို့ သွားလုပ်ရင် တရားပါ့မလားဗျာ၊ ထားက ကျွန်တော်တို့ကို အခွင့်အရေးပေးခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကသာ ထား အပေါ်မှာ ရက်စက်ခဲ့ ပျက်ကွက်ခဲ့ကြတာပါ”

သူ ဒီလိုပြောတော့ အမေက ထားနဲ့ ဆက်သွယ်ဖို့ မပြောတော့ပါ။

အမေ မပြောပေမဲ့ သူ့ရင်ထဲမှာတော့ အချိန်တိုင်း ထားနဲ့ သမီးလေးပဲ ရှိနေခဲ့တာပါ။ အချိန်တိုင်း အချိန်တိုင်း မေ့မရခြင်းနဲ့ နောင်တတွေက သူ့ကို ဖိစီးနှိပ်စက်ခဲ့ပါသည်။

သူ ဘာမှမသိရတဲ့အကြောင်း၊ ထား သိအောင် ပြောပြချင်ခဲ့သည်။ ထားကို အနူးအညွတ် တောင်းပန်ချင်ခဲ့သည်။





သမီးလေးကို ရင်းနှီးနွေးထွေးချင်ခဲ့ပါသည်။

ဒါပေမဲ့ ကိုယ်က မှားခဲ့ ပျက်ကွက်ခဲ့တဲ့သူမို့ ထား အနားကိုသွားဖို့ သတ္တိမရှိခဲ့ပါ။ အမေကတော့ ‘သား အမှား မဟုတ်ဘူး၊ မေမေ့ အမှား၊ မေမေ ရှင်းပြမယ်” လို့ ပြောခဲ့သည်။ ဒါကိုလည်း သူ လက်မခံဝံ့သေး။ ဒီလိုနဲ့ နှစ်တွေ ကြာခဲ့ရပြန်ပါသည်။

သူ ခံစားနေရတာကို မကြည့်ရက်တဲ့အတွက် အမေကပဲ ‘ထား’ ဆီကို ဆက်သွယ်ပေးခဲ့သည်။ ထားကို အမေကပဲ ရှင်းပြခဲ့သည်။ တောင်းပန်ခဲ့သည်။ ‘ထား’ က ခါးခါးသီးသီး မလုပ်ဘဲ အလိုက်အထိုက် ပြောဆိုခဲ့သည်။

‘ထား’ မရိုင်းတတ်တာကို သူ သိပါသည်။ ပြီးတော့ ထား သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာလည်း သူ သိသည်။ ဒီလိုနဲ့ပဲ သူနဲ့ အမေက ကုလားအုတ်နဲ့ တဲရှင် ပုံပြင်ထဲက ကုလားအုတ်ကြီးလိုမျိုး ခြေကလေး ဝင်ပါရစေ၊ လက်ကလေး ဝင်ပါရစေနဲ့ ထား အနားကို ချဉ်းကပ်ခဲ့မိတာပါ။

လွန်ခဲ့တဲ့ သုံးလတုန်းက သူတို့ မိသားစု၊ ထားတို့ဆီ အလည်လာခဲ့သည်။

ထားကို တွေ့လိုက်တော့ သူ့ရင်ထဲက အချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်နိုးထ ရှင်သန်လာခဲ့ရသည်။ သမီးလေးကို တွေ့ရတော့ ဖခင်တစ်ယောက်ရဲ့ မေတ္တာတွေ အင်အားကြီးခဲ့ရပြန်ပါသည်။

သမီးလေးကိုလည်း မေတ္တာတွေ ပေးချင်သည်။ ထားကိုလည်း တစ်ဘဝစာ ရင်ခွင်ထဲ ထည့်ထားချင်သည်။ ကလေးသုံးယောက်နဲ့ ရုပ်တည်နေတဲ့ 'ထား' ကို လေးစားမြတ်နိုးပြီး 'ထား' ရဲ့ ပခုံးပေါ်က တာဝန်တွေကို သူ ယူချင်ခဲ့မိသည်။ အမေကလည်း ကျိုးပဲ့သွားတဲ့ အိမ်ထောင်နှစ်ခုကို တစ်ခုတည်းဖြစ်အောင် ပြန်ဆက်ဖို့ တိုက်တွန်းသည်။

ဒါကြောင့်ပဲ 'ထား' ဆီမှာ သူ လက်ထပ်ခွင့် တောင်းခဲ့တာပါ။ ခုထိတော့ အဖြေမရသေး။ ထားရဲ့ အရိပ်အကဲက ပုံဖမ်းရခက်ခဲလွန်းလှပါသည်။

"ကျွန်မသမီးနဲ့ ပတ်သက်ပြီး ဘာမှမပြောပါဘူးဆိုတဲ့ ကတိကိုပေးမှ ကျွန်မ အိမ်ကိုလာခဲ့ပါ" လို့ ထားက ပြတ်သားခဲ့တာမို့ ဘာမှမပြောရဲခဲ့ပါ။

ထူးဆန်းတာက သမီးလေး 'သိမ်မွေ့သက်ထား' ပါ။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာ သွေးက စကားပြောသတဲ့။

အခုတော့ သမီးက သူ့ကိုရော၊ သူ့သားနှစ်ယောက်ကိုရော၊ အမေ့ကိုရော လုံးဝ ဒွေးရောယှက်တင် မနေပါ။





စကားဝိုင်းထဲတောင် ဝင်မထိုင်တတ်။ သူ့ကိုဆို ပိုဆိုးသေးသည်။ မျက်နှာလေးကို ချီတင်းထားတတ်တာပါ။ သွေးက စကားမပြောတာလား။

သမီးက သူ့ရဲ့အစ်မ 'သန့်သန္တာ' နဲ့ အရမ်းတူပါသည်။ မမက ဆုံးပါးသွားပြီမို့ အမေကဆို သမီးကို အရိပ်ကြည့်ပြီး ချစ်နေတာပါ။ သမီးကတော့ ရန်လိုတဲ့ အကြည့်တွေနဲ့ပဲ ပြန်ကြည့်တတ်ခဲ့သည်။

သမီးကို ကိုယ်ဝန်ဆောင်တဲ့ အချိန်တုန်းက ထားအနေနဲ့ သူတို့မိသားစုကို အရမ်း မုန်းတီးခဲ့လို့များ၊ သမီးဆီကို အမုန်းတွေ ကူးစက်နေတာလားလို့ တွေးမိတိုင်း သူ့မှာ ယောက်ျားတန်မဲ့ မျက်ရည်ဝိုင်းခဲ့ရတာပါ။

အခုလာတာက 'ထား' ဆီက အဖြေတောင်းဖို့အတွက်ပါ။ အမေနဲ့ သူ့သားနှစ်ယောက်ကိုပါ ခေါ်မလာခဲ့ဘဲ တစ်ယောက်တည်း လာခဲ့တာပါ။

ထားက အမေ့ကို နာကြည်းနေမှာစိုးတာရယ်၊ အမေ တစ်ခုခု ဝင်ပြောဝင်လုပ်လိုက်လို့ သူတို့ရဲ့ အခြေအနေလေး ပျက်စီးသွားရမှာကိုစိုးတာရယ်ကြောင့် တစ်ယောက်တည်း လာခဲ့တာ ဖြစ်သည်။

ရောက်ရောက်ချင်း သမီးကိုတွေ့တော့ ပျော်သွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမဲ့ သမီးရဲ့ မုန်းတီးပူလောင်တဲ့ အကြည့်တွေကြောင့် ဦးသန့်သော် ရင်နာခဲ့ရပါပြီ။

ဩော်... သမီးရယ်။

'ထား' ရဲ့ တခြားသားနှစ်ယောက်ကမှ သူ့အပေါ်မှာ နွေးထွေးပါသေးသည်။ စောစောက ကလေးဆိုရင်ပဲကြည့် ယဉ်ကျေးပျူငှာပါသည်။ ကိုယ့်သွေးသားဖြစ်တဲ့ သမီးကတော့ စကားကိုတောင် တည့်တည့်မပြော၊ လုံးဝ မလိုလားတဲ့ပုံစံနဲ့ပဲ ဆက်ဆံတတ်တာပါ။

ထားရယ်...

ကို ဘာလုပ်ရမလဲဗျာ။

ဒီလိုအနေအထားမှာ ကို့ရဲ့ လက်ထပ်ခွင့်ကို ထားက လက်ခံမှာလား။

ရင်မောရပါလား ထားရယ်။

* * *



## အခန်း (၇)

ဇွာဇွာက အမေနဲ့ အမေ့ညှော်သည်ကို ဘယ်လို ဆန္ဒပြရမလဲလို့ စဉ်းစားကြည့်သည်။

ဟွန်း... ဇွာကသာ ရင်ထဲမှာ မကျေနပ်လို့ ပူနေတာပါ။ အမေကတော့ သူ့လူကြီး ရောက်လာလို့ ပျော်နေမှာပေါ့။

အဖေရယ်...

ဇွာ အဖေ့ကို သတိရလိုက်တာ။

အစကတည်းက ဇွာဇွာက အဖေ့ကို အရမ်းချစ်ခဲ့တာလေ။ ငယ်ငယ်လေးကတည်းက အဖေနဲ့ပဲ လက်ပွန်းတတီး နေခဲ့တာပါ။

အဖေကလည်း ဇွာ့အပေါ်မှာ အမေ့ထက် ပိုအရှည်သည်။ ဇွာ အိပ်ချင်ပြီဆိုရင် အဖေက ဇွာ့ကို ပခုံးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပြီး လမ်းလျှောက်သည်။ စွာ အိပ်ပျော်သွားတဲ့အထိ စိတ်ရှည်လက်ရှည်နဲ့ပါ။

တစ်ခါတစ်ခါမှာ စွာက ရီးရီးလမ်းလျှောက်ခိုင်းတာတောင် မဟုတ်၊ သီချင်းပါ ဆိုခိုင်းလိုက်သေးတာ။ အဖေက ညစဉ်ညတိုင်း စွာ့ကို ပခုံးထက်မှာထမ်းပြီး လမ်းလျှောက်သည်။

စွာက အဖေ့ပခုံးပေါ်မှာပဲ အိပ်ပျော်တတ်ခဲ့တာပါ။ အဖေ ဘယ်လောက်ပဲ မောပန်းလာပါစေ၊ ဘယ်လိုပဲ စိတ်မသက်မသာ ဖြစ်နေပါစေ၊ စွာ့ကိုချီပြီး သိပ်တဲ့ဝတ္တရားကိုတော့ မပျက်ခဲ့ပါ။

ဒါကြောင့်လဲ စွာက အမေ့ထက် အဖေ့ကို ပိုချစ် ပိုတွယ်တာခဲ့မိတာ။ အဖေဆုံးတော့ စွာက ပထမတန်းကျောင်းသူလေးပဲ ရှိသေးတာပါ။ ဒါပေမဲ့ အဖေမူးလဲသွားတာ ခေါ်လို့မရတော့တာ အားလုံးကို ခုထိ စွာစွာ မှတ်မိနေပါသေးသည်။

အရင်ကဆို အိပ်မက်တွေ့ မက်မက်ပြီးတောင် ငိုနေခဲ့ရတာပါ။

စွာက အမေ့ကို အဖေ့လောက် မချစ်ပါ။ အခု ဧည့်သည်လူကြီးကို ခြံထဲက အိမ်မှာ တည်းခိုခိုင်းတာကို သဘောလုံးဝမကျ။ ဒါကြောင့် ဆန္ဒပြဖို့ စိတ်ကူးနေတာပါ။





အခုတောင် စွာက ခြံရှေ့က အုန်းပင်စည်နဲ့ လုပ်ထားတဲ့ ထိုင်ခုံလေးပေါ်မှာ တက်ထိုင်ပြီး အိမ်ခြံထဲကို မကြည့်မိအောင် ကြိုးစားနေတာ။ ကြည့်မိလို့ ဟိုလူကြီးကို တွေ့မိရင် စိတ်တိုနေမှာစိုးလို့လေ။

အို... စိတ်တိုတာကတော့ ဂျာရစ်နဲ့ တာတီးကိုလည်း စိတ်တိုတာပဲ။ အဲ့ဒီလူကြီးကို စွာကသာ မုန်းနေတာ၊ သူတို့နှစ်ယောက်ကတော့ ပလူးပလဲနဲ့။

အဒေါ်ကြီးကို ကြည့်ရတာလည်း စွာ အားမရပါ။ အမေ့ဖက် ယိမ်းချင်နေကြတာ မဟုတ်လား။ စွာ့ကိုပဲ ဟိန်းလိုက်ဟောက်လိုက် လုပ်နေတာ။ အဲ့ဒီလူကြီးကို လုံးဝသဘောမကျလို့ အခုလို ခပ်ဝေးဝေးမှာ စွာလာနေရင် ဒီလူကြီးက အမေ့အနား ပိုကပ်တော့မှာလို့ တွေးမိတာနဲ့ စွာက ထိုင်နေရာကနေ ထရပ်ပြီး ခြံထဲပြန်ဝင်လာခဲ့မိပါတော့သည်။

စွာ အိမ်ရှေ့ကို လမ်းလျှောက်ဝင်လာတော့ ဟိုလူကြီးကားက အိမ်ရှေ့မှာ မရှိတော့ဘဲ ခြံထဲက အိမ်ကလေးရဲ့ရှေ့မှာ ရောက်နေလေပြီ။

"မမစွာ"

တာတာက စွာ့ဆီပြေးလာပြီး အားရပါးရ ပြောသည်။

"ဧည့်သည် ဦးဦးရဲ့ကားကြီးက အရမ်းလှတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"တာ..."

"ဗျာ..."

"အဲ့ဒီလူကြီးကို အရောမဝင်နဲ့နော် သိလား"

"ဘာဖြစ်လို့လဲဟင်"

"အဲ့ဒီလူကြီးက မြေခွေးလိုပဲ ကောက်ကျစ်တယ်တာရဲ့၊ အမေ့ကို ဝါးစားသွားလိမ့်မယ်"

"ဟား... ဟား... ဟား မမစွာကလည်းဗျာ ပေါက်ကရတွေ"

တာတာက အော်ဟစ်ရယ်တော့ စွာမှာ ဒေါသထွက်ရပြန်ပါသည်။

"ဟွန်း... တော်တော် နားမလည်တဲ့ကောင်လေးတွေ မပြောချင်ပါဘူး"

"တာတာ"

အဲ့ဒီအချိန်မှာပဲ အိမ်ပေါ်ကနေပြီး အမေက တာတာ့ကို ခေါ်ပါသည်။

"ဗျာ... အမေ"

"ခြောက်နာရီထိုးရင် ထမင်းစားကြမှာနော်၊ ကိုကိုကျော် ပမစွာကိုပါ ပြောထားလိုက်"

"ဟုတ်..."





စွာက စိတ်တိုရပြန်ပါသည်။

ဒီဇည့်သည်နဲ့ ထမင်းအတူတူစားပြီး ရင်းနှီးမှု တည်ဆောက်ပေးဖို့ အမေက စိတ်ကူးနေတာပဲ ဖြစ်မှာ။

ဟွန်း... ရပါလိမ့်မယ် စောင့်နေ၊ စွာကတော့ အမေ့နေရာမှာ သူစိမ်းတစ်ယောက်ကို အစားမထိုးနိုင်ပါဘူး။

အခု အမေက ပွင့်ပွင့်လင်းလင်း ဘာမှမပြောသေးလို့သာ စွာကလည်း ငြိမ်နေရတာ၊ အမေပြောတာနဲ့ ပြတ်ပြတ်သားသားကို ကန့်ကွက်ပစ်ရတော့မှာ။

တွေးရင်းနဲ့ စိတ်ပိုဆိုးလာတာမို့ စွာက အိမ်ပေါ်မတက်တော့ဘဲ ခြံထောင့်က သရက်ပင်ကြီးပေါ်မှာ တက်ထိုင်နေလိုက်ပါတော့သည်။

သရက်ပင်ပေါ်မှာ တက်ထိုင်တာ့တောင် အမေ မတွေ့နိုင်အောင်လို့ အမြင့်ဆုံးအကိုင်းလည်းဖြစ်၊ ဟိုဘက်ခြံဘက်ကိုပါ ကိုင်းနေတဲ့အကိုင်းပေါ်မှာ ထိုင်နေလိုက်ပါတော့သည်။

စွာတို့ရဲ့ ကပ်လျက်ခြံနဲ့ တိုက်မှာလူမရှိပါ။ အိမ်ရှင်ဆိုတာ ဘယ်သူတွေမှန်းပင် မသိ။ အိမ်နဲ့ ခြံကိုတော့ လာရှင်းနေတာ ခဏခဏ တွေ့ဖူးပါသည်။ လူနေတာတော့ မတွေ့ပါ။

စွာက သစ်ကိုင်းပေါ်မှာ လွတ်လွတ်လပ်လပ်ပဲ ခွထိုင်



www.burmeseclassic.com

www.burmeseclassic.com



...တော့တာ။ ပြီးတော့ အိတ်ထဲမှာ ပါလာတဲ့ နေကြာစေ့ ...ာက်ပြီး စိတ်ကူးတွေ ရွက်လွင့်ရင်း နေကြာစေ့တွေ ...နေခဲ့ပါတော့သည်။

ဗွာ ထိုင်နေတဲ့ သစ်ကိုင်းက သူများခြံထဲ ဝင်နေပေမယ့် ဒီခြံထဲမှာ လူမှမနေတာလေ၊ ဒီတော့ ဗွာက အကြိုက်ပဲပေါ့။ ဘယ်သူ့ကိုမှ အားနာစရာမလိုဘဲ အမှိုက်တွေ နေကြာစေ့အခွံတွေကို စိတ်ထင်တိုင်း ပစ်ချနေလိုက်ပါတော့သည်။

* * *



## အခန်း (၈)

ထိုအချိန်တွင် ဒေါက်တာမြတ်နိုးမောင်က ဒရင်းဘက်စ်တစ်လုံးပေါ်မှာ အေးအေးဆေးဆေး လှဲလျောင်းပြီး စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေတာပါ။

ဒီနေ့မနက်ပိုင်းကမှ ဟော့ဒီအိမ်ကို သူပြောင်းလာခဲ့တာပါ။ ဆိတ်ငြိမ်ရပ်ကွက်မို့ အေးချမ်းတိတ်ဆိတ်လွန်းလှတာမို့ သူကတော့ အကြိုက်တွေ့နေပါသည်။

အဘွားကတော့ သူ့ရဲ့ စားရေးသောက်ရေးအတွက် စိတ်ပူနေသည်။

"မြေးရယ် အဲ့ဒီမှာ တစ်ယောက်တည်း မနေပါနဲ့၊ အန်တီဖြူ့အိမ်မှာ သွားနေစမ်းပါ" လို့ အဘွားက ပြောသည်။ အန်တီဖြူဆိုတာက အဘွားရဲ့ စီပွားဖက် မိတ်ဆွေပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမှာ သွားနေရင် စားရေးသောက်ရေး အဆင်ပြေမှာတော့ အမှန်ပါပဲ။

ဒါပေမဲ့ 'မြတ်နိုးမောင်' က အန်တီဖြူ့သမီး နှစ်ယောက်ကို လန့်ပါသည်။

သွက်လက်ရဲတင်းပြီး သူ့ကိုတွေ့ရင် ဆွဲလွဲဖက်ရမ်းလို့ ရင်းနှီးတတ်ကြတဲ့ အဲ့ဒီမိန်းကလေးနှစ်ယောက်ကို ကြောက်လည်းကြောက် လန့်လည်းလန့်ပါသည်။

သူ့စရိုက်ကိုက ခပ်အေးအေး နေချင်တဲ့စရိုက်ပါ။ စကားတွေ ပြောနေရတာကို မုန်းတီးသည်။ စာဖတ်နေရတာကို ပိုကြိုက်သည်။ ဒါမှမဟုတ်ရင်လည်း ရုပ်ရှင်ကားကောင်းကောင်းတစ်ကားလောက်ကို အရသာခံပြီး ထိုင်ကြည့်နေချင်သည်။

အန်တီဖြူ့ သမီးနှစ်ယောက်ကတော့ အချိန်တိုင်း စကားများနေတတ်ကြတာပါ။

'ကိုကိုမောင်' လို့ သူ့ကို ခေါ်ကြတာကိုက နားထဲမှာ ယားကျိကျိနဲ့ပါ။

"ကိုကိုမောင် မီးကို ရုပ်ရှင်လိုက်ပြနော်"

"မုန့်လိုက်ကျွေးရမယ်နော်"

"လေညင်းခံထွက်ရအောင်နော်"





"ဘုရားသွားဖူးမယ်နော်"

ဆိုတဲ့ တောင်းဆိုမှုတွေနဲ့ သူ့လက်မောင်းကို ယီးလေးခိုပြီး လုပ်နေကြတာပါ။

အကြီးမက ပိုဆိုးသည်။ ထမင်းစားရင်လည်း သူ့ပန်းကန်ထဲ ဟင်းတွေ အလုအယက်ထည့်ပေးတတ်သည်။

"ကိုကိုမောင့်မှာ ရည်းစားရှိလားဟင်" လို့ ရီဝေဝေမျက်လုံးတွေနဲ့ မေးတတ်သေးတာ။

"ကိုကိုမောင်က ဘယ်လိုမိန်းကလေးမျိုးကို ချစ်မှာလဲဟင်" လို့လဲ မေးတတ်ပါသည်။ စဉ်းစားကြည့်ရင် ကျောတောင်ချမ်းမိတဲ့အထိပါ။ အန်တီဖြူကဆိုရင်လည်း သူ့ကို သား... သားနဲ့ အရမ်းမျက်နှာသာပေးသလို၊ သူ့ကိုလည်း လွတ်လပ်ခွင့်တွေ အများကြီး ပေးထားတာပါ။

သမီးနှစ်ယောက်တည်းက တစ်ယောက်နဲ့ ဖြစ်သွားဖို့ ပြည်ရွယ်ထားသလားလို့တောင် ထင်ရတဲ့အထိပဲ ဖြစ်သည်။

အဲ့ဒီအိမ်မှာ သွားနေရင် သူ ဒုက္ခရောက်ရမှာပါ။ သူ့အခန်းထဲ ဝင်လိုဝင် ထွက်လိုထွက် လုပ်တတ်တဲ့ ကောင်မလေးတွေကို ဘယ်လိုရှောင်ရမှာတဲ့လဲ။

ကိုယ့်ကိုယ်ကို မယုံကြည်တာတော့ မဟုတ်ပါ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ သွေးနဲ့ ကိုယ့်သားနဲ့ကိုယ်လေ၊ တော်ကြာ အနေ
အထိုင်မတတ်တဲ့ ကောင်မလေးတွေကြောင့် အမှားအယွင်း
ဖြစ်သွားရရင် ဘယ်လိုလုပ်မလဲ။

သူက အချစ်မပါဘဲ အိမ်ထောင်တစ်ခုကို တည်ဆောက်
ရမှာ အရမ်းကြောက်တဲ့သူပါ။ ကိုယ် မချစ်တဲ့ မိန်းမကို
တစ်သက်လုံး အတူနေ ပေါင်းသင်းရမှာ ကြောက်စရာ
အကောင်းဆုံးပါပဲလို့ ခံယူထားသည်။

ဒါကြောင့်ပဲ အန္တရာယ်များတဲ့ အန်တီဖြူ့အိမ်မှာ သွား
မနေဘဲ ဘယ်သူမှမရှိတဲ့ ဒီအိမ်မှာ နေရတာပါ။

စားရေး သောက်ရေးကတော့ ပင်ပန်းတာပေါ့လေ
မနက်စာကို အိမ်မှာစားပြီး နေ့လယ်စာကိုတော့ ကျောင်းမှာ
ဖြစ်သလိုပဲ စားရပါသည်။ ညစာကျတော့ အပြင်ဆိုင်မှာ
စားချင်လည်းစား ဒါမှမဟုတ် အိမ်ရောက်မှ ပေါင်မုန့်နဲ့
ကြက်ဥကြော်၊ ဝက်အူချောင်းကြော်နဲ့ ဘိုလိုစားလိုက်လည်း
ပြီးတာပါပဲ။

အရေးကြီးတာက အန္တရာယ်ကင်းကင်းနဲ့ အေးအေး
ဆေးဆေး နေရဖို့ပါ။ အခု သူ ဆေးတက္ကသိုလ် (၂) မှာ
သရုပ်ပြရာထူးနဲ့ အလုပ်ဝင်နေတာ၊ ဒီအိမ်မှာ တစ်ယောက်
တည်းနေနေတာကို အန်တီဖြူတို့ကို လုံးဝ အသိမပေးသေးပါ။





"ဘွားဘွား ကျွန်တော် ရန်ကုန်မှာရှိနေတာ အန်တီ
ဖြူတို့ကို မပြောပါနဲ့နော်" လို့တော့ အဘွားကို တောင်းပန်
ထားပါသည်။ သိပ်တော့လည်း စိတ်မချရပါ။ အဘွားက
တစ်ဦးတည်းသောမြေး သူ့ကို စိတ်ချတာမဟုတ်။ တော်ကြာ
စားရေးသောက်ရေးနဲ့ ကျန်းမာရေးအတွက် စိတ်မချပါဘူး
ဆိုပြီးတော့ အန်တီဖြူဆီကို အကြောင်းကြားပြီး လာကြည့်
ခိုင်းမှာ မြင်ယောင်နေပါသည်။

အင်းလေ ၊လာလောဆယ်တော့ အနှောင့်အယှက်မရှိ
ဘဲ ဘယ်လောက်ငြိမ်းချမ်းထားသလဲ။

တစ်ဖက်ခြံမှာက ပန်းတွေအကြီးအကျယ် စိုက်ပျိုးထား
တာမို့ အသက်ရှူလိုက်တိုင်း ပန်းရနံ့တွေကို ရနေတော့တာ။

ဆည်းဆာက အရောင်တောက်ပလို့။ လေညင်းလေး
တွေက အေးမြလို့၊ ငြိမ်းချမ်းမှုက နှလုံးသားထဲအထိ စီးဝင်
နေသလိုပါပဲ။

"ဟား... နေသာထိုင်သာရှိလိုက်တာ"

လက်နှစ်ဖက်ကိုဆန့်ပြီး တစ်ယောက်တည်း ပြောနေ
တုန်းမှာပဲ သူ့မျက်နှာပေါ်ကို ဘာမှန်းမသိတာတွေ ပြုတ်ကျ
လာသည်။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ကြည့်လိုက်တော့ နေကြာစေ့အခွံတွေ ရုတ်တရက်တော့ ကြောင်သွားသည်။

ဘယ်က ဘယ်လို ရောက်လာတာလဲဆိုတာ မခန့်မှန်း တတ်အောင်ပါပဲ။

ကြည့်နေတုန်းမှာပဲ လေနဲ့အတူ နေကြာစေ့အခွံတွေ က သူ့ကိုယ်ပေါ်ကို အဆက်မပြတ် လွင့်ကျလာကြသည်။

အသေအချာ ကြည့်လိုက်တော့ ဟိုဘက်ခြံကနေ ကိုင်း ညွှတ်နေတဲ့ သရက်ကိုင်းကနေ နေကြာစေ့အခွံတွေ တသော သော ပြုတ်ကျလာနေတာ ဖြစ်နေသည်။

ဒေါက်တာမြတ်နိုးမောင်က ထိုင်နေရာကနေ သရက် ပင်ပေါ် လှမ်းကြည့်သည်။ **အရွက်တွေ အုပ်ဆိုင်းနေတာမို့** ဘာကိုမှ မတွေ့ရပါ။ နေကြာစေ့အခွံတွေကတော့ ကျနေဆဲ ထိုင်ရာကနေ ထရပ်ပြီးကြည့်သည်။ တရားခံကို မတွေ့ပါ။

ဒေါက်တာမြတ်နိုးမောင်က သရက်ကိုင်းရဲ့အောက်ကို လျှောက်လာပြီး မော့ကြည့်လိုက်တော့ ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်အောင် ဖြစ်သွားရသည်။

သစ်ကိုင်းကြီးကို ကားယားခွထိုင်ပြီး တွဲလောင်းကျ နေတဲ့ ခြေထောက်တွေကို လှုပ်ယမ်း ကစားနေတာက





ယောကျ်ားလေးမဟုတ်ဘဲ မိန်းကလေးတစ်ယောက် ဖြစ်နေ သို့ပါ။

ရုပ်ရည်ကိုတော့ အသေအချာ မမြင်ရ၊ ဝတ်ဆင်ထား ဘာက အဝါရောင်ပေါ်မှာ အနီရောင်ပန်းပွင့်ကြီးတွေပါတဲ့ ဂါဝန်ဖားဖားကြီး ဖြစ်သည်။ ဂါဝန်ဝတ်ပြီး သစ်ကိုင်းမှာ ထိုင်နေတာဆိုတော့ အောက်ကနေ မော့ကြည့်ရတာ ဘယ် လောက်အသည်းယားစရာ ကောင်းထားသလဲ။

“ဟိတ်... အပေါ်က ဘယ်သူလဲ”

“အမယ်လေး”

ရုတ်တရက် ကြားလိုက်ရတဲ့ အသံသြသြကြောင့် ာစွာက လိပ်ပြာလွင့်စဉ်တော့မတတ် ထိတ်လန့်သွားရတော့ ာ။

“အခု ဆင်းခဲ့စမ်း၊ ဘာဖြစ်လို့ အမှိုက်တွေ စည်းမဲ့ ာမ်းမဲ့ ပစ်ချနေရတာလဲ”

ဒီအိမ်မှာ လူမရှိဘူးဆိုတာ သိထားတဲ့အတွက် စွာ ခေါင်းထဲမှာ အတွေးတွေ ချာချာလည်သွားရတော့တာ။

ဒါ... သူခိုးများလား။

လူမရှိတဲ့အိမ်ကို ဖောက်ထွင်းဝင်ဖို့ အလစ်ချောင်းနေ င်း စွာ သစ်ပင်ပေါ်မှာရှိနေတာကိုသိလို့ ခြောက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်လိုက်တော့ ဘောင်းဘီတိုနဲ့ တီရှပ်ကိုဝတ်ပြီး ခါးထောက်ရပ်နေဟဲ့ လူကြီးတစ်ယောက်ကို တွေ့ရသည် ဆည်းဆာတောက်တောက်အောက်မှာ ပုံစံကတော့ အမိစား အပျံစားပါပဲ။

အို... ပုံစံက အမိစားဖြစ်နေရုံနဲ့ လူကောင်းဖြစ်ရ... တဲ့လား၊ ဒီအိမ်မှာ လူမနေဘူးဆိုတာ သိသိကြီး။

"ဟော့... ဆင်းလာလို့ ပြောနေတယ်နော်၊ ရဲစခန်းကို ဖုန်းဆက်လိုက်ရမလား"

"အံမာ သူခိုးက လူဟစ်လို့၊ ခင်ဗျားကြီး အဲဒီနေရာ... ပဲ ရပ်နေနော်၊ လုံးဝ ထွက်ပြေးဖို့ မစဉ်းစားနဲ့"

"ဘာကွ"

"ဘာကွတွေ ညကွတွေ လုပ်မနေနဲ့၊ ခင်ဗျားကို ... လက်အပ်ရမယ်"

"ဟေ..."

ဒေါ်တာမြတ်နိုးမောင်က ရယ်ချင်မိသွားသည်။ သစ်... ပေါ်က ချာတိတ်မရဲ့ အသံစွာစွာလေးက သဘောကျ... စရာတော့ အကောင်းသား။

"အံမာ မင်းက ဘာကြောင့် ငါ့ကို ရဲလက်အပ်ရ... လဲ၊ မင်းသာ အခုဆင်းလာခဲ့"





"ခင်ဗျားက သူခိုးလား၊ အလစ်သမားလား၊ ဖောက်ထွင်းဝိဇ္ဇာလား"

"ဟော့... ဘာတွေစွပ်စွဲနေတာလဲ၊ အခု ဆင်းခဲ့နော်၊ ကျောက်ခဲနဲ့ ပစ်ချရမလား"

ချာတိတ်မကို စ,ချင်မိတာမို့ သူက ကျောက်ခဲတစ်လုံး ကောက်ကိုင်လိုက်သည်။

သူ ဒီလိုလုပ်လိုက်ရင် ကျောက်ခဲနဲ့မပစ်ပါနဲ့ ဘာညာဆိုပြီး တောင်းပန်မယ်လို့ ထင်ထားတာပါ။ ဒါပေမဲ့ သူထင်သလိုမဟုတ်။ အာဂချာတိတ်မက မတောင်းပန်တဲ့အပြင် သူ့ကိုတောင် ပြန်ခြောက်လိုက်ပါသေးသည်။

"ခင်ဗျားကြီး လက်ထဲက ကျောက်ခဲကို အခုချလိုက်နော်၊ ဒီမှာတွေ့လား လောက်လေးခွစာ မိသွားမယ်"

ဟောဗျာ။

အခုမှပဲ အခက်၊ ကျောက်ခဲကို ပစ်ချလိုက်ရရင်လည်း လောက်လေး မလောက်စားလေးကို ကြောက်ရာရောက်လိမ့်မည်။

ကျောက်ခဲကို ဆက်ကိုင်ထားလို့ အပေါ်ကနေ လောက်လေးခွနဲ့ ပစ်ချလိုက်ရင်လည်း အခက်ပါ။ ကိုယ့်အဖြစ်ကို ကိုယ် ရယ်ချင်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုထိ ကျောက်ခဲကို မချသေးဘူးလား ကဲ"

"ဗိုး..."

"ဘုတ်..."

သူ့အနားကို လောက်စာလုံးတစ်လုံး အရှိန်ပြင်းပြင်းနဲ့ ပြုတ်ကျလာတော့ အလန့်တကြားနဲ့ လက်ထဲက ကျောက်ခဲကို ပစ်ချလိုက်ရတော့တာ။ သစ်ပင်ပေါ်က ချာတိတ်မက တကယ်လက်သံပြောင်တော့မှာကိုး။

"ဟော့... ဟော့ အရမ်းမပစ်နဲ့ကွ"

"လက်မတည့်ဘူးလို့တော့ မထင်လေနဲ့နော်၊ တမင်မထိအောင်ပစ်ထားတာ၊ ခင်ဗျားကြီး အဲ့ဒီနေရာကနေ လုံးဝမရွေ့နဲ့နော်၊ နားမထောင်ရင် ခေါင်းအကွဲပဲ"

မြတ်စွာဘုရား။

သူ့အဖြစ်က ဆရာဝန်လည်းဖြစ်၊ ဆေးတက္ကသိုလ်ကဆရာလည်းဖြစ်နေတဲ့ကြားထဲက မလောက်လေးမလောက်စားလေးရဲ့ ကြိမ်းမောင်းတာကို ခံနေရတဲ့အဖြစ်ပါ။

ဒါပေမဲ့ ဒေါက်တာမြတ်နိုးမောင်က ဒေါသမထွက်ဘဲ စိတ်ထဲမှာ ပျော်ရွှင်နေမိပါသေးသည်။

"လက်နှစ်ဖက်ကို မြှောက်ထား ဟုတ်ပြီ၊ ကျောက်ခဲကို ဝေးဝေးရောက်အောင် ကန်ထုတ်လိုက် အိုကေ"





သူက ချာတိတ် မခိုင်းတဲ့အတိုင်း လုပ်လိုက်တော့ ချာတိတ်မက သစ်ကိုင်းကြီးပေါ်ကနေ သွက်လက်ကျွမ်းကျင်စွာ ဆင်းပြီး သူ့အရှေ့ကို ရောက်လာပါတော့သည်။

ဒီတော့မှပဲ သူ့ကို လောက်လေးခွနဲ့ ချိန်ထားတဲ့ ချာတိတ်မကို အသေအချာ တွေ့ရပါတော့သည်။

လှလိုက်တဲ့ ချာတိတ်မ၊ အသက်က ဆယ့်ခြောက် ဆယ့်ခုနစ်နှစ်လောက်ပဲ ရှိမှာပါ။ အသားအရေလေးက ဝါဝင်းနှစ်လို့၊ အရပ်မြင့်မြင့် ကိုယ်နေဟန်လှလှမှာ ကျစ်လျစ်သွယ်လျမှုတွေကလည်း ဖေးကူထားသေးတာ။

အဝါနဲ့အနီ စပ်ထားတဲ့ အသားပျော့အိအိ ဂါဝန်ကို ဝတ်ဆင်ထားတော့ ကလေးပိုဆန်နေပါသည်။

ဒါပေမဲ့ မျက်နှာလှလှ နုနုလေးကို တည်တင်းထားတဲ့ ပုံစံလေးက တကယ့်ကို လန့်စရာ။ ချာတိတ်မကို ကြည့်နေရင်း သူ့ရဲ့ ရင်ခုန်သံတွေ မြန်ဆန်လာရတာမို့ တအံ့တဩ ဖြစ်သွားရပါတော့သည်။

* * *



www.burmeseclassic.com

# အခန်း (၉)

"ဟင်…"

နီးနီးကပ်ကပ် တွေ့လိုက်ရတော့မှ 'စွာ' က တအံ့တသြလေး ဖြစ်သွားရတော့တာ။

လူကြီးရဲ့ပုံစံက အရမ်းသန့်၊ အရမ်းခန့်နေတာကိုး။

အရပ်ကြီးကလည်း အမြင့်ကြီး၊ ဘောင်းဘီတိုဝတ်ထားတာမို့ စိုပြည်ဝါဝင်းတဲ့ အသားအရေကို တွေ့နေရသည်။

ခန္ဓာကိုယ်ကလည်း ယောကျ်ားပီသ အံချိုးအစားကျနပြီး တကယ့်ကို ရင်ဖိုစရာကြီးပါ။ ပြီးတော့ လူကြီးဆီကနေ မမြင်ရတဲ့ ဆွဲငင်အားတစ်ခုက စွာ့ကို ဆွဲဆောင်နေသလိုပဲ ခံစားရပါသည်။





တကယ်ပါပဲ၊ စွာ့ ရင်ခုန်သံတွေက ပရမ်းပတာနဲ့ မြန်ဆန်လို့ အသက်ရှူနှုန်းတွေကလည်း မြန်ဆန်လာတော့တာ။

"ဟေး… ဘယ်လိုလဲ ဒီအတိုင်းပဲ လက်မြှောက်ထားရမလားဗျာ အဟွန်း… ဟွန်း"

ဒီတော့မှပဲ စွာက သတိပြန်ဝင်လာရပါတော့သည်။

"အို… မြှောက်ထားပေါ့၊ ပြော ခင်ဗျား ဒီခြံထဲကို ဘာလာလုပ်တာလဲ၊ အလစ်သုတ်ဖို့လား၊ ဖောက်ထွင်းဖို့လား"

စွာက တည်တည်တင်းတင်းပုံစံနဲ့ မေးနေတာပါ။

"ဟာကွာ ကိုယ့်ပုံစံက အလစ်သမားပုံပေါက်နေလို့လား …တိတ်ရာ"

အင်း… အလစ်သမားပုံတော့လည်း မပေါက်ပါဘူး။ …ပမဲ့ လူတွေကို အပြင်ပုံစံကြည့်ပြီး ဆုံးဖြတ်လို့ရတာမှ …တ်ဘဲ။ ဒီမရှိတဲ့ခြံထဲကို ရောက်နေတာ ရိုးသားပါ့မလား …။

စွာက ကိုယ့်အတွေးနဲ့ကိုယ် သေချာထားတာမို့ လောက် …းခွနဲ့ ချိန်ထားသလို မျက်နှာလေးကိုလည်း အစွမ်းကုန် …းမာထားသည်။

"မေးတာကိုပဲ ဖြေနော်၊ ခင်ဗျား ဘယ်သူလဲ၊ ဘာလာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လုပ်တာလဲ၊ ဘယ်သူတွေပါသေးလဲ”

ရော်… ခက်နေပါပြီ။

ကောင်မလေးရဲ့ပုံစံလေးက ကြောက်စရာမကောင်းဘဲ ဖက်နမ်းချင်စရာ ကောင်းနေတော့တာ။

“ကဲ… ဖြေဆိုတော့လည်း ဖြေရတာပေါ့ဗျာ၊ ကိုယ့်နာမည်က ‘မြတ်နိုးမောင်’ အလုပ်အကိုင်က ဆရာဝန်လည်း ဟုတ်တယ်၊ ကျောင်းဆရာလည်း ဟုတ်တယ်၊ ဒီအိမ်နဲ့ခြံကြီး ကိုယ့်အဘွားက လွန်ခဲ့တဲ့ သုံးနှစ်ကျော်ထဲက ဝယ်ထားတာ ကိုယ်ကတော့ ဒီမနက်မှ ပြောင်းလာပြီးနေတာ”

“ဟင်…”

“မယုံရင် အိမ်ထဲလိုက်ခဲ့ သက်သေပြစရာတွေရှိတယ်”

ကောင်မလေးက မျက်လုံးဝိုင်းလေးနဲ့ သူ့ကို ကြည့်နေသည်။ လေးခွနဲ့ ချိန်ထားတာတော့ ပြန်မရုပ်သိမ်းသေးပါ။ ဒီတော့ သူ့မှာ ကိုယ့်သဘောနဲ့ကိုယ် မြှောက်ထားတဲ့လက်ကို ပြန်မချရဲ၊ တော်ကြာ လေးခွနဲ့ ပစ်ထည့်လိုက်ရင် ပြဿနာလေ။

“ကိုယ့်လက် ပြန်ချလို့ရပြီလား”

“မချနဲ့ဦး”

“ဟောဗျာ”





ကောင်မလေးက သူ့အိမ်ဘက်ကို လှည့်ကြည့်ပြီး စူးစမ်းနေသည်။

အိမ်တံခါးဖွင့်ထားတာကို တွေ့ရတော့မှ သူ့ဘက်ပြန်လှည့်ပြီး ခပ်တည်တည်လေးပဲ ပြောသည်။

“ဒီအိမ်မှာ လူမရှိမှန်းသိလို့ အိမ်နီးချင်းကောင်းပီပီသသ စောင့်ရှောက်တာ၊ အလစ်သမားမဟုတ်ဘူးဆိုရင်လည်း ပြီးတာပဲပေါ့”

“ကျေးဇူးတင်ပါတယ်ဗျာ အဟွန်း… ဟွန်း၊ ကဲ… ကိုယ် လက်ချလို့ ရပါပြီနော်”

“အင်း… ချတော့”

“လေးခွကြီးကရော ချိန်ထားဦးမှာလား”

“ဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကိုယ့်ကိုယ်ကို ကာကွယ်တာလေ၊ ရတ်ရတ်ရက်ရက်ဆိုရင်တော့ ပစ်ထည့်လိုက်မှာ”

အတော်လာတဲ့ ချာတိတ်မပါ။

ဒေါက်တာမြတ်နိုးမောင်ကတော့ ချစ်စရာ စွာတာတာ ကောင်မလေးကို သဘောတွေကျပြီး မိတ်ဆွေဖွဲ့ဖို့ ကြိုးစားပါတော့သည်။

“စိတ်ချပါဗျာ၊ ရတ်ရတ်ရက်ရက် ဘာမှမလုပ်ပါဘူး၊ ချာတိတ်က ဟိုဘက်ခြံကလား”



www.burmeseclassic.com

www.burmeseclassic.com



"အင်း…"

"နာမည် ဘယ်လိုခေါ်လဲ"

စွာစွာက ဆရာဝန်ဆိုတဲ့ လူကြီးကို ခပ်တည်တည်လေး ပဲကြည့်ပြီး နေလိုက်သည်။

အခုမှတွေ့တဲ့ လူတစ်ယောက်ကို ရင်းရင်းနှီးနှီးနဲ့ မိတ်ဆွေမဖွဲ့နိုင်ပါဘူး။

"သွားတော့မယ်"

ဒီလောက်ပဲပြောပြီး စွာက ထွက်လာခဲ့လိုက်ပါတော့ သည်။

"ဟာ… နေပါဦးကွာ"

စွာက လုံးဝ လှည့်မကြည့်တော့ပါ။ အုတ်တံတိုင်းကို ကျော်တက်ချင်ပေမယ့် အဲ့ဒီလူကြီးရဲ့ရှေ့မှာ ဖြစ်နေတာမို့ ခြံရှေ့ကပဲ ပြန်ထွက်လာဖို့ လုပ်ရပါတော့သည်။

"ကိုယ့်နာမည် ဒေါက်တာမြတ်နိုးမောင်နော်၊ မှတ်ထား ဦး၊ လမ်းမှာတွေ့ရင်လည်း ခေါ်ပါ"

စွာစွာက နည်းနည်းတော့ အားနာသွားပါသည်။

ဒါကြောင့် တစ်ချက်လှည့်ကြည့်ပြီး ပြုံးပြလိုက်မိတော့ တာ။

စွာ လှည့်ကြည့်တဲ့အချိန်နဲ့ ဒေါက်တာကြီးကလည်း





စွာကို စူးစူးနစ်နစ် ကြည့်နေတာ တည့်တည့်ဆုံသွားတော့ စွာ ရင်ခုန်သံတွေက မြန်ဆန်သွားရပါတော့သည်။

ဒါ… ဘာဖြစ်တာလဲ။

စိတ်တွေ အရမ်းလှုပ်ရှားသွားတာကို မထိန်းနိုင်တဲ့ အတွက် စွာက ဒေါက်တာကြီးရဲ့ရှေ့ကနေ လှစ်ခနဲ ပြေး ထွက်လာခဲ့မိတော့တာ။

စေ့ရုံစေ့ထားတဲ့ ခြံတံခါးကို တွန်းဖွင့်ပြီး စွာက ကိုယ့် ခြံထဲအရောက် ပြန်ပြေးလာခဲ့မိသည်။ ရင်ခုန်သံတွေက အရမ်းပတာနဲ့မို့ ချက်ချင်း အိမ်ပေါ်မတက်သေးဘဲ ခြံထဲမှာ တုတ်တုတ်လေး ထိုင်နေမိတော့တာ။

ထူးဆန်းလိုက်တာနော်၊ ဒေါက်တာကြီးရဲ့ ပုံရိပ်က စွာ့ စိတ်အာရုံထဲမှာ စွဲထင်နေပါရောလား။ မျက်ဝန်းလေးကို မှိတ်လိုက်လည်း ရှိနေသည်။ ဖွင့်ထားလည်း ရှိနေသည်။

အဲ့ဒါ ဘာဖြစ်တာလဲဟင်။

စွာ့ ရင်ကလေးက တဖိုဖိုနဲ့ပါ။ အခုမှပဲ သစ်ကိုင်း ပေါ်မှာ ခွထိုင်နေမိတဲ့အဖြစ်ကို တွေးမိပြီး ရှက်ရွံ့လာရတော့ တာ။

ဒုက္ခပါပဲ။

ဒီနေ့မှပဲ စွာကလည်း ဂါဝန်ဝတ်မိတယ်၊ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက အောက်ကနေ မော့ကြည့်တာဆိုတော့ ရုက်ရှိ ဘယ်
လောက်ကောင်းနေပြီလဲနော်”

တွေးရင်း ရင်ကလေးတဖိုဖိုနဲ့ ဖြစ်နေရတော့တာ။

အမှောင်ဘက်လှနေတဲ့ ဟိုဘက်ခြံကို လှမ်းကြည့်ရတာ
ကလည်း စိတ်လှုပ်ရှားစရာပါ။ လောလောဆယ်မှာ စွာက
အိမ်မှာရောက်နေတဲ့ ဧည့်သည်ကို စိတ်ဆိုးဖို့ မေ့လျော့သွား
မိပါသည်။ အဲ့ဒီအချိန်မှာပဲ ဂျာရစ်က အနားကို ရောက်လာ
တာ။

“မမစွာ”

“အား… လန့်လိုက်တာဟာ”

“အမေက ထမင်းစားမယ်တဲ့”

“ဟင်…”

ဒီတော့မှပဲ ဧည့်သည်လူကြီးနဲ့ ထမင်းအတူတူစား
တော့မှာကို စွာက သတိရလိုက်သည်။

“ငါ မစားချင်ဘူး၊ နောက်မှစားမယ်”

“မလုပ်ပါနဲ့ မမစွာရယ်၊ အမေစိတ်မကောင်းဖြစ်သွား
မှာပေါ့”

တာတာနဲ့ ဂျာဂျာက အမေ့ဘက်တော်သား စစ်စစ်





ပါ။ အမေ့မျက်နှာ ညိုးတာကို လုံးဝ လက်မခံနိုင်ကြတဲ့
ကလေး တွေပေါ့။

စွာလည်း အမေ့ကိုချစ်တာပါပဲ။ ဒါပေမဲ့ ဒီလိုကိစ္စမျိုး
မှာတော့ ဘယ်လိုနည်းနဲ့မှ သဘောထား မပျော့ပျောင်းနိုင်ပါ။

“ဟာ… ငါ မစားချင်ပါဘူးဆို”

“လာပါ မမစွာရာ၊ ဟင်းတွေက အရမ်းကောင်းတာ
ဗျ၊ ထမင်းစားပြီးရင်ထဲ ရွှေတိဂုံဘုရားသွားဖူးမှာတဲ့”

“ဟင်…”

အမေက ဒီဧည့်သည်လူကြီးနဲ့ ဒီလောက်တောင်မှ
ရင်းနှီးနေတာလား။

“သွားဟာ စဆာသေးဘူး”

“မမစွာကလဲဗျာ”

ဂျာဂျာက ခေါင်းလေးကုတ်ပြီး စွာ့ရှေ့ကနေ ထွက်သွား
တော့တာ။

အိမ်ပေါ်လည်း မတက်ချင်သေးတဲ့အတွက် စွာက ခြံ
ထဲက ခုံတန်းလေးမှာပဲ ထိုင်နေလိုက်ပါသည်။ တကယ်ပါပဲ၊
စိတ်တိုလိုက်တာ။

ဒီဧည့်သည်က ဘယ်လောက်ကြာအောင်တောင် နေမှာ
တဲ့လဲ။ အမေကရော ဘာဖြစ်လို့များ ဒီလောက်တောင်ဦးစား



www.burmeseclassic.com

www.burmeseclassic.com



ပေးနေရတာလဲ။

စွာတို့ မောင်နှမတွေကိုပါ အဲ့ဒီလူကြီးနဲ့ ရင်းနှီးအောင် လုပ်နေတာဆိုတော့ ဘာသဘောလဲ၊ စွာကတော့ လုံးဝ သည်းမခံနိုင်ပါ။ ဒီပုံစံအတိုင်းသာဆိုရင်တော့ စွာနဲ့ အမေ ထိပ်တိုက်တွေ့ရပါတော့မည်။

* * *



## အခန်း (၁၀)

"အမေ မမစွာက ထမင်းမစားသေးဘူးတဲ့ နောက်မှ စားမယ်တဲ့"

သား ဂျာဂျာက တိုးတိုးလေး လာကပ်ပြောတာပါ။ ဒေါ်သက်ထားက သက်ပြင်းချလိုက်မိသည်။ သမီးကတော့ ဆန္ဒပြနေပါပြီ။

အခုမှ ရင်မောရတာလည်း အရမ်းပါပဲ။ 'ကို' နဲ့ သမီးကို ဘယ်လိုမှ ရင်းနှီးအောင် လုပ်ပေးလို့ မရပါ။

ဘယ်လောက် အံ့သြစရာ ကောင်းထားသလဲနော်။ သမီးက သူလေးရဲ့အဖေအရင်းကို အမုန်းကြီး မုန်းနေတာပါ။

ဒေါ်သက်ထားအနေနဲ့ကလည်း အတော့်ကို ခက်ခဲတဲ့ ပြဿနာကို ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်သည်။ နှလုံးသားအရေးရယ်၊ မိသားစုအရေးရယ်၊ ဂုဏ်သိက္ခာအရေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပြောရင်တောင်လည်း ဘာမှမခက်သလိုပါပဲ။ ရင်ဆိုင်နေရတဲ့သူဟာ တကယ့် အခက်အခဲ အကျပ်အတည်း ဖြစ်နေရတော့တာ။

တကယ်တော့ အစတည်းက ပြတ်သားခဲ့ရမှာပါ။ ဦးသန့်သော်ရဲ့အမေက ဆက်သွယ်ပြီး...

"သမီး မသက်ထားရယ်၊ အန်တီ တောင်းပန်ပါတယ်၊ အန်တီ့ကို ခွင့်လွှတ်ပါ" လို့ ပြောကတည်းက လုံးဝ လက်မခံ နားမထောင်ဘဲ နေလိုက်ရမှာပါ။ အဲ့ဒီတုန်းက ဦးသန့်သော်ရဲ့ အမေ ရှင်းပြခဲ့တာ၊ တောင်းပန်ခဲ့တာကို လက်ခံနားထောင်ခဲ့မိတာကိုက ဒေါ်သက်ထားရဲ့ အမှားပဲ ဖြစ်ပါလိမ့်မည်။

"သမီးရယ် တကယ်တော့ ဖြစ်ပြီးတဲ့ကိစ္စတွေမှာ သား မောင်သန့်သော် ဘာမှမသိရှာပါဘူးကွယ်၊ အန်တီသာ သား ဖေါ်နဲ့ အမှားတွေ လုပ်ခဲ့မိတာပါ။ သမီးကို ပစ်ပစ်ခါခါ ပြော ခဲ့ငြင်းခဲ့တာလဲ အန်တီ့ဆန္ဒတစ်ခုတည်းကြောင့်ပါပဲ။ သားခမျာ ဘာဆိုဘာမှ မသိရှာခဲ့ပါဘူး"

ကိုယ့်အမေ အရွယ်ကြီးက တောင်းပန်တော့လည်း ဒေါ်သက်ထားက နားမထောင်ဘဲ မနေနိုင်။

နားထောင်မိတော့လည်း အစကတည်းက မရိုင်းပ တတ်တဲ့သူမို့ ယဉ်ကျေးစွာပဲ တုံ့ပြန်မိပါသည်။





"ရပါတယ် အန်တီ၊ ပြီးခဲ့တာတွေ ပြီးသွားပါပြီ။ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး ရပါတယ်"

"အဲ့ဒီလိုလဲ မဟုတ်ဘူးပေါ့ သမီးရယ်၊ အန်တီ့ရဲ့ တာဝန်မဲ့မှု၊ တစ်ကိုယ်ကောင်းဆန်မှုကို တွေးမိတိုင်း နောင်တ တွေ ရမိတယ်ကွယ်၊ ပြီးတော့ အန်တီရဲ့ မြေးမလေး"

ဒီစကားက ဒေါ်သက်ထားရဲ့ နှလုံးသားကို ဆုပ်ညှစ် နယ်ပစ်လိုက်သလိုမျိုးပါပဲ။ လျှို့ဝှက်ချက်ဆိုတဲ့ အားနည်း ချက်ကို ခံစားနေရသူဆိုတော့ လိပ်ပြာမလုံနိုင်ဘဲ ဖြစ်ခဲ့ ရပါသည်။

"ရှင်... အန်... အန်တီ ဘာကိုဆိုလိုတာလဲ"

"သမီးရယ် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပဲ ပြောရ အောင်ပါကွယ်၊ သက်ထားရဲ့ သမီးအကြီးဆုံးလေးဟာ အန်တီတို့ သွေးသားဆိုတော့ အန်တီတို့လည်း ရင်းနှီးနွေးထွေး ချင်ပါတယ်"

ဒီစကားက အရှိက်ကို အထိုးခံလိုက်ရသလိုပါပဲ။ သမီးလေးကို လွယ်ပိုးထားရမှန်းသိကာစ အချိန်မှာ ခံစားခဲ့ ရတဲ့ ခံစားချက်တွေက အသစ်ပြန်ဖြစ်လာရတာပါ။

အဲ့ဒီတုန်းက ဘယ်လောက်တောင် ခံစားခဲ့ရတယ်ဆို တာ ပြန်မတွေးချင်တော့တဲ့အထိပါပဲ။ ချစ်သူကလည်းအနား



www.burmeseclassic.com

www.burmeseclassic.com



မှာမရှိ၊ မိဘတွေနဲ့လည်း ပြဿနာက အကြီးအကျယ်ပါ။

ချစ်သူကို ဘယ်လိုဆက်သွယ်ရမှန်းလည်း မသိ၊ မိဘတွေကို ဘယ်လိုနှစ်သိမ့်ပေးရမှန်းလည်း မသိ၊ ချစ်သူကိုတော့ ယုံကြည်ပါသည်။ ကိုယ့်အပေါ်မှာ သစ္စာဖောက်မှာ မဟုတ်ဘူးလို့ အသေအချာ သိနေသည်။ ဆက်သွယ်လို့မရတာကပဲ ဆိုးနေခဲ့သည်။

လိပ်စာစုံစမ်းတော့ နယ်မှာပါ။ လိုက်သွားတော့လည်း မြို့မျက်နှာဖုံးတွေမို့ အလွယ်တကူပဲ ရှာဖွေတွေ့ခဲ့ရပါသည်။

ချစ်သူကိုတော့ မတွေ့၊ ချစ်သူရဲ့ အမေနဲ့ပဲ တွေ့ခဲ့ရတာ။

"အားနာပါတယ်ကွယ်၊ ဒီလို စွပ်စွဲတိုင်း ယုံရမှာတော့ ခက်လှပါတယ်၊ အန်တီ့သားက နိုင်ငံခြားမှာ စာသင်နေပြီဆိုတော့ အင်းလေ သားကို အန်တီ မေးပေးပါ့မယ်၊ သူ့ဆန္ဒအတိုင်းပဲပေါ့"

"ကျွန်မကို လိပ်စာပဲပေးပါ အန်တီရယ်" လို့ ပြောပေမယ့် ဆက်သွယ်လို့ရမယ့် လိပ်စာကို မပေးပါ။

ပြီးတော့ အကြောင်းပြန်ပေးပါသည်။

"သားက သူနဲ့မဆိုင်လို့ တာဝန်လည်း မယူနိုင်ပါဘူး" တဲ့။

အဲ့ဒီအချိန်တည်းက ဒါ ချစ်သူရဲ့ဆန္ဒ၊ ချစ်သူရဲ့





နှုတ်ထွက်စကား မဟုတ်ဘူးဆိုတာ ဒေါ်သက်ထား သိခဲ့တာပါပဲ။ ဒါပေမဲ့ ဘယ်လိုမှ ဆက်သွယ်လို့လည်းမရ။ အချိန်တွေလည်း မပေးနိုင်ပါ။ အချိန်ပေးပြီး စုံစမ်းဆက်သွယ်ရင် ရနိုင်ပေမယ့် တစ်နေ့တခြား ကြီးရင့်လာတော့မယ့် ကိုယ်ဝန်က ကိုယ့်ကို ရပ်စောင့်နေမှာတဲ့လား။ ဒါနဲ့ပဲ မိဘတွေ စီစဉ်ပေးသလို ကိုယ့်အဖြစ်အပျက်နဲ့ ချွတ်ယွင်းချက်ကိုလည်း နားလည်လက်ခံပေးနိုင်တဲ့ ကိုမောင်မောင်နဲ့ လက်ထပ်လိုက်ရတာပါ၊

သမီးအပေါ်မှာလည်း အရမ်းချစ်ခဲ့တဲ့ ကိုမောင်မောင်က ဒီအားနည်းချက်နဲ့ ကိုယ့်ကို တစ်ခါမှ အနိုင်မယူခဲ့ပါ။

သမီးအပေါ်မှာလည်း စစ်မှန်တဲ့ မေတ္တာတွေပေးခဲ့လို့ သမီးက သူ့အဖေကို ကိုယ့်ထက်ပောင် ပိုချစ်မိတွယ်တာခဲ့တာပါ။

အခု ခင်ပွန်းသည်လည်း ဆုံးပါးသွားပါပြီ။ ဦးသန့်သော်ရဲ့ မိခင်ကလည်း အလံဖြူပြနေပါပြီ။ ဦးသန့်သော် ကိုယ်တိုင်လည်း သားကလေးနှစ်ယောက်နဲ့ မုဆိုးဖိုတဲ့။

ဒီလိုအကြောင်းတွေကြောင့်ပဲ ခွင့်လွှတ်ပေးခဲ့လိုက်တာပါ။

ဦးသန့်သော်ရဲ့ မိခင်က ဒီလောက်နဲ့ ကျေနပ်မသွား



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဦးသန့်သော်ကိုပါ ကိုယ့်အနားရောက်အောင် တွန်းပို့ခဲ့ပြန်ပါသည်။

အစကတည်းက အချစ်တွေအားလုံး ပုံပြီးချစ်ခဲ့ရတဲ့ ချစ်ဦးသူကို မေ့လျော့နာကျည်းခဲ့ရတာမှ မဟုတ်ဘဲလေ။ ဒီတော့ ပြန်တွေ့တဲ့အချိန်မှာ ရင်ခုန်ခဲ့ရ မဆန်းပါဘူး။

အဲ့ဒီ ရင်ခုန်ခြင်းနဲ့ မပြတ်သေးတဲ့ သံယောဇဉ်ကြောင့်ပဲ အခု ဒုက္ခရောက်နေရတာ။ အစကတည်းက လုံးဝ ကင်းကင်းနေခဲ့ရင် အကောင်းသား။ အခုတော့ လူမှုရေးပြဿနာတွေက ရှင်းမရအောင်ပါပဲ။

ဦးသန့်သော်က လက်ထပ်ခွင့် တောင်းထားသည်။ တကယ်လို့သာ သမီးကြီး စွာစွာနဲ့ သမီးရဲ့အဖေအရင်းဖြစ်တဲ့ ဦးသန့်သော်တို့ သွေးက စကားပြောပြီး ချစ်ခင်ရင်းနှီးမယ်ဆိုရင် ဦးသန့်သော်နဲ့ ဒေါ်သက်ထားတို့ လက်ထပ်လိုက်တာ ဘာပြဿနာမှ မရှိပါ။

သားတွေက အေးအေးဆေးဆေးပဲ မဟုတ်လား။ အခုဖြစ်နေတာက သမီးစွာစွာပါ။ အဖေအရင်းဖြစ်တဲ့ ဦးသန့်သော်ကို အရမ်းမုန်းပြီးမျက်နှာချင်းတောင် မဆိုင်နိုင်အောင် ဖြစ်နေရတာလေ။

ဒါတောင် ဦးသန့်သော်က လက်ထပ်ခွင့်တောင်းလာ





တာကို အတိအကျ ပြောပြရသေးတာ မဟုတ်။ ဦးသန့်သော်တို့မိသားစု ပထမအကြိမ် အိမ်ကို အလည်လာကတည်းက စွာစွာနဲ့ အဆင်မပြေတာပါ။

ဦးသန့်သော်ကိုရော၊ ဦးသန့်သော်ရဲ့ မိခင်ကိုရော၊ ဦးသန့်သော်ရဲ့ သားနှစ်ယောက်ကိုရော စွာစွာက လုံးဝ အရေတဝင် မရှိခဲ့။ ကြည့်တဲ့အကြည့်ကတောင် မုန်းတီးပြီး အလိုမရှိဘူးဆိုတဲ့ အကြည့်ပါ။

သမီးစွာစွာရဲ့ အမုန်းကြောင့် ဦးသန့်သော် ခံစားနေရတာကို ဒေါ်သက်ထားလည်း မကြည့်ရက်ပါ။ ဒါပေမဲ့ ဘာမှလည်း မတတ်နိုင်၊ အခုအချိန်မှ ဒါ သမီးရဲ့အဖေအရင်းပါပဲလို့လည်း မပြောပြနိုင်ပါ။

ပြောလိုက်တာနဲ့ သမီးစွာစွာ ဘယ်လောက်ခံစားရမလဲ၊ သွားလေသူ ကျေးဇူးရှင် ခင်ပွန်းရဲ့ မေတ္တာနဲ့ ကျေးဇူးတရားကိုလည်း စော်ကားဖောက်ဖျက်ရာ ရောက်ပါလိမ့်မည်။

ပြီးတော့ ကိုယ့်အပေါ်မှာ သမီးက ကြည်ညိုနိုင်ပါတော့မလား၊ နောက်မောင်နှမတွေ သွေးကွဲကုန်နိုင်သည်။ ဒါကြောင့် ဘယ်တော့မှ ပြောပြလို့ မဖြစ်နိုင်တဲ့ ကိစ္စပါ။ ဦးသန့်သော်ကလည်း ပြောပြဖို့ မတောင်းဆိုပါ။

လက်ထပ်ခွင့်ပဲ တောင်းတာဖြစ်သည်။ သူနဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်ပြီး ဘ၀တစ်ခုအဖြစ် ပေါင်းစည်းချင်တာတဲ့လေ၊ ပတ်သက်ဆက်နွှယ်နေတဲ့ ကလေးတွေကိုလည်း တအူတုံဆင်းလို ချစ်ခင်စေချင်တာတဲ့။

စဉ်းစားကြည့်တော့ ကလေးငါးယောက်ရဲ့ ဆက်နွှယ်မှုကလည်း သမီးစွာစွာအပေါ်မှာ ဗဟိုပြုနေသည်။ ဒီဘက်က ဂျာဂျာနဲ့ တာတာကလည်း စွာစွာ့မောင်အရင်းလေးတွေ၊ ဟိုဘက်က ဦးသန့်သော်ရဲ့သား အမြွှာညီနောင်ကလည်း စွာစွာ့ရဲ့ မောင်အရင်းလေးတွေပဲပေါ့။

အဆင်ပြေလို့ လက်ထပ်ရရင်တော့လည်း အကောင်းဆုံးပဲ။ တကယ်လို့ လက်ထပ်လိုက်မှ အရာရာက ပိုဆိုးဖို့ရင်တော့လည်း ပြီးသွားခဲ့တဲ့ အချစ်ဇာတ်လမ်းတစ်ခုကို ပြန်မစချင်တော့ပါ။

ဒီအချိန်၊ ဒီအရွယ်ဟာ အချစ်ကို ဦးစားပေးရတော့မယ့်အရွယ်မှ မဟုတ်တော့တာ။

"မသက်ထားရေ၊ ထမင်းပွဲ ပြင်ပြီးပြီ"

"ဟင်..."

ယောက်မဖြစ်သူ မမကြည်ရဲ့ အသံကိုကြားရတော့မှပဲ အတွေးက ပြတ်တောက်သွားရတော့သည်။

"ဂျာဂျာရေ ဧည့်သည်ဦးလေးကို သွားခေါ်ကွယ်"





"ဟာ... ဦးလေးတောင် ရောက်လာပြီ"

"ဟင်..."

ရုတ်တရက် တွေ့လိုက်ရတဲ့ ဦးသန့်သော်ရဲ့ပုံစံကြောင့် ရင်ခုန်သံတွေက မြန်ဆန်သွားရတော့တာ။ ဒါပေမဲ့ ကိုယ့်ရင်ခုန်သံကို ကိုယ်မေ့လျော့ထားလိုက်ပြီး ပုံမှန်အတိုင်းဖြစ်အောင် ကြိုးစားရပါတော့သည်။

"သြော်... ဦးသန့်သော်တောင် ရောက်လာပြီပဲ၊ ကျွန်မတာ ခုပဲ သားကြီးကို အခေါ်လွှတ်နေတာ၊ ညနေစာ စားဖို့ကြွပါရှင်"

ဦးသန့်သော်ရဲ့ မချိတရိအပြုံးကြောင့် ရင်ထဲမှာ ခံစားရပါသည်။

သြော်... ဘာများတတ်နိုင်မှာလဲ ကိုရယ်။

ကံတရားရဲ့ ဖန်တီးမှုကိုပဲ နာခံရရုံပေါ့ရှင်။

ထားတို့နှစ်ယောက် တကယ်ချစ်ခဲ့ကြပေမယ့် ကံတရားက ဒီလိုပုံစံပဲ ဖန်တီးပေးခဲ့တာ မဟုတ်လားကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ထမင်းဝိုင်းမှာ သမီး 'သိမ်မွေ့သက်ထား' မပါဝင်ပါ။ ထားရဲ့ မျက်နှာလည်း မကောင်းတဲ့အတွက် ဦးသန့် သော်က အခြေအနေကို သဘောပေါက်မိပါသည်။

သမီးက သူရောက်လာတာကို လုံးဝ သဘောမကျဘူး ဆိုတာ အရမ်းသိသာနေပါပြီ။ အလည်လာကာကိုတော အရမ်းသိသာနေပါပြီ။ အလည်လာတာကိုတောင် သဘော မကျဘူးဆိုတော့ သူနဲ့ထား လက်ထပ်တာကို သဘောတူ နိုင်ဖို့ကတော့ အဝေးကြီးပါပဲ။

အခြေအနေကို သိနေပေမယ့် နောက်ဆုတ်ဖို့ ဝန်လေ နေတာပါ။

"စားပါ ဦးသန့်သော်"





ထားက ဟင်းတွေ ခပ်ထည့်ပေးသည်။

"စားပါတယ် ထား၊ အဲ... ဒေါ်သက်ထား ဟင်းတွေ ရဲ့ လက်ရာက ကောင်းလိုက်တာဗျာ အဟွန်း... ဟွန်း"

ညှော်သည်က ငူတူတူ ငိုင်တိုင်တိုင်ဖြစ်နေရင် မကောင်း တာမို့ ဦးသန့်သော်ကလည်း ရယ်ရယ်မောမောနဲ့ အခြေအနေ ကို ဝင်ထိန်းပေးနေရပါတော့သည်။

"အဟင်း... ဟင်း ကျွန်မလက်ရာ မဟုတ်ရပါဘူးရှင်၊ ယောဒီက ကျွန်မယောက်မရဲ့ လက်ရာပါ။ ကလေးတွေက သူတို့ဒေါ်ကြီးချက်တာကိုပဲ ခံတွင်းတွေ့ကြတာ၊ အထူးသဖြင့် စွာစွာပေါ့၊ ဒေါ်ကြီးလက်ရာမဟုတ်ရင် မစားတော့ဘူး။ သူ့ အဖေရဲ့ အမျိုးတွေကတော့ ကလေးသုံးယောက်ထဲမှာ စွာစွာ ကို အချစ်ဆုံးပဲ"

ကိုးနားလည်ပါတယ် ထားရယ်လို့ စိတ်ထဲကပဲ ပြောလိုက်မိသည်။

ထားက သမီးကို သူ ဘယ်လိုမှ မစည်းရုံးနိုင်ဘူးဆို တာ သူ သိဖို့ အလိမ္မာလေးနဲ့ ပြောပြနေတာ မဟုတ်လား။

"ဟုတ်တယ်နော်၊ မမစွာကလည်း အမေ့အမျိုးတွေ ထက် အဖေ့အမျိုးတွေကို ပိုချစ်တာဗျ"

အငယ်ကောင်လေးကပါ ဝင်ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သား ထမင်းစားရင်း စကားမပြောနဲ့"

ထားက ကလေးကို ဟန့်နေသည်။

"အခု သမီးရော"

"မဆာသေးလို့တဲ့"

"ဪ..."

"ဦးသန့်သော်ရဲ့ သားလေးတွေ ခေါ်လာခဲ့ရင် ပြီးရော ရှင်"

"နောက်တစ်ခါမှပဲဗျာ၊ ဒီတစ်ခေါက်က အရေးကြီးတဲ့ ကိစ္စရှိနေတော့ အဟွန်း.... ဟွန်း"

ထားရဲ့ မျက်နှာချောချောလေးက တည်သွားသည်။ တကယ်ဆို ဒီမိသားစုဟာ သူ့ရဲ့ မိသားစုဖြစ်ရမှာပါ။

အမေ့ရဲ့ အတ္တကြောင့် သူ့ဘဝမှာ အရှုံးတွေချည်းပါပဲ။ ဒါပေမဲ့ အမေ့ကို အပြစ်တင်နေလို့ရော ဘာထူးတော့မှာလဲ။

ထမင်းစားနေရပေမယ့် ပါးစပ်ထဲမှာ အရသာ မတွေ့ပါ။ စောင့်စည်းနေရတာ မျိုသိပ်နေရတာတွေကို စိတ်ဆင်းရဲလွန်းလှပါပြီ။ ထားနဲ့ နှစ်ယောက်တည်းတွေ့ပြီး အကျေအလည် ဆွေးနွေးချင်နေပါပြီ။

ထားရယ်...

ကို့ကို အခွင့်အရေးလေးတော့ ပေးပါဗျာ၊ အခြေအနေ





ပေးတိုင်းပဲ သူက ထားကို တောင်းပန်ခယတဲ့ မျက်လုံးတွေနဲ့ ကြည့်နေမိတော့တာ။ ထားကလည်း သူ့အကြည့်တွေကို ရှောင်လွှဲနေတာများပါသည်။

ဒီလိုနဲ့ပဲ ထမင်းစားလို့ ပြီးသွားသည်။ ပြီးတော့ ဧည့်ခန်းထဲမှာထိုင်ပြီး အသီးအနှံတွေ စားကြပြန်ပါသည်။

ထားက သူ့ကို နှစ်ယောက်တည်း စကားပြောခွင့် ပေးချင်တဲ့ ပုံစံမရှိပါ။ ကလေးနှစ်ယောက်ကို အနားမှာ ခေါ်ထားသည်။

ဦးသန့်သော်မှာတော့ မချင့်မရဲ။ ထားကို ကြည့်ရတာလည်း စိတ်မအေးနိုင်တဲ့ပုံစံမျိုးနဲ့ပါ။

"ဦးလေး ဘုရားသွားမယ်ဆို"

ဂျာဂျာက မေးတာဖြစ်သည်။

"ဟာ... သွားမှာပေါ့ သားရယ်"

"တာတာလည်း လိုက်မယ်နော်"

"လိုက်ရမှာပေါ့၊ မမကိုပါ သွားခေါ်ပါလား"

သူပြောတော့ တာတာက အလန့်တကြားလေး ပြောသည်။

"ဟာ... ရမှာမဟုတ်ဘူး ဦးလေး၊ မမကတော့ လိုက်မှာမဟုတ်ဘူးဗျ၊ သွားခေါ်ရင် တာတာတို့ကိုပါ မလိုက်ရဘူး လို့ပြောမှာ"



www.burmeseclassic.com

www.burmeseclassic.com



"တာတာ"

ထားက ဟန့်လိုက်တော့ တာတာက ဆက်မပြောတော့ဘဲ ငြိမ်သွားသည်။

ထားက သူ့ကို စာနာတဲ့အကြည့်နဲ့ ကြည့်သည်။ အကြည့်လေးတစ်ချက်ကပဲ ရင်ထဲမှာ အေးမြစေတာပါ။

ထားရယ်...

ကို့ကို အကြင်နာ အကြည့်တွေနဲ့ ဘယ်တော့များ ကြည့်မှာလဲဗျာ။

ထားကို 'ကို' ကြင်နာနွေးထွေးချင်ပါတယ်ဗျာ၊ အဲ အခွင့်အရေးလေး ကို့ကိုပေးပါ။

ဒေါ်သက်ထား ဟန့်လိုက်တော့ တာတာက ငြိမ်သ သွားသည်။ ဂျာဂျာကလည်း စကားတွေ ဝင်မပြောတော့

"ဂျာဂျာနဲ့ တာတာပဲ ဦးဦးနဲ့ လိုက်သွားလိုက်လေ

"ဟုတ်ကဲ့"

"ကျွန်မကတော့ အလုပ်တွေ ရှိနေလို့ပါ"

"ရပါတယ်ဗျာ"

ဒေါ်သက်ထားက သက်ပြင်းခိုးချလိုက်မိသည်။ ဂျာ နဲ့ တာတာကို ခေါ်ပြီး ဦးသန့်သော် ထွက်သွားတော့ ခြံထဲဆင်းပြီး သမီးစွာစွာကို ရှာရပါတော့သည်။





ခုံတန်းလေးမှာ စွာစွာက ငူငူလေးထိုင်လို့။

"စွာစွာ ဘယ်အချိန်ရှိပြီလဲ၊ အိမ်ပေါ်တက်လေ"

ဒေါ်သက်ထားက စွာစွာ့ပခုံးလေးကို ထွေးပွေ့ပြီး ပြောလိုက်တာပါ။

"အမေ"

"လာ သမီး အမေတော်င် ထမင်းမစားသေးဘူး၊ ညည်းနဲ့အတူတူစားဖို့ စောင့်နေတာ၊ ဩ့သည်နဲ့ ဂျာရစ်တို့ ညီအစ်ကိုကို ထမင်းပွဲပြင်ပြီး ကျွေးလိုက်တယ်လေ၊ အခု သူတို့ အပြင်သွားကြပြီ"

စွာစွာ စိတ်ကျေနပ်အောင် ဒေါ်သက်ထားက ညာရ တာပါ။

"အမေ အဲ့ဒီဩ့သည်က ဘာလာလုပ်တာလဲ"

"သူ့အလုပ်ကိစ္စနဲ့သူ လာတာပေါ့ သမီးရယ်။ ဘာကိစ္စ ဆိုတာတော့ အမေလည်း သိပါ့မလား"

"သူ့အလုပ်နဲ့ သူလာရင် သူ့ဘာသာသူ အပြင်မှာ တည်းပေါ့၊ စွာတို့ အိမ်မှာ ဘာကြောင့်လာတည်းခိုရတာလဲ"

ဒေါ်သက်ထားက ဘာပြောရမှန်း မသိတော့အောင်ပါ ပဲ။ စွာစွာ့ကို ကြည့်ရတာလည်း တော်တော့်ကို စိတ်တိုနေတဲ့ ပုံစံပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဪ... တည်းခိုခန်းမှာ အဆင်မပြေလို့ ဖြစ်မှာပေါ့ စွာစွာရယ်"

"ဘယ်လောက်ကြာမှာလဲ အမေ"

"ကြာမယ် မထင်ပါဘူး"

"စွာစွာတော့ လုံးဝ ကြည့်မရဘူး အမေရာ"

"စွာ့စွာရယ် ယဉ်ကျေးစမ်းပါ၊ ဘာဖြစ်လို့ ရိုင်းရိုင်းစိုင်းစိုင်းတွေ ပြောနေရတာလဲ။ တကယ်ဆို ကိုယ့်အဖေ အရွယ်လောက်ရှိတာ ယဉ်ကျေးမှပေါ့"

စွာ့ရင်ထဲမှာ စပ်ဖျဉ်းဖျဉ်းလေး ဖြစ်သွားရသည်။

ကိုယ့်အဖေအရွယ်လောက်တဲ့၊ ဒီစကားကိုပဲ စွာ ခံစားလို့မရတာပါ။

အမေက အဖေ့နေရာမှာ အစားထိုးချင်နေတာလား" လို့ မေးချင်နေတာ။ မေးလိုက်ရမှာ အားနာလို့ပဲ မျိုသိပ်နေရတာ ဖြစ်သည်။

"အမေ့အိမ်ဆိုတော့ အမေ့ဧည့်သည်ကို အမေသဘောပေါ့၊ စွာ့ကိုတော့ ထမင်းအတူစားဖို့၊ ဘုရားအတူသွားဖို့ လာမခေါ်နဲ့နော်၊ စွာ လုံးဝ မကြိုက်ဘူး"

**စွာစွာက ပြောပြီးတာနဲ့** အမေ့ရှေ့ကနေပြီး ထွက်လာခဲ့လိုက်တော့တာ။





အရင်က စွာစွာကသာ ဒီလိုပြောရင် အမေ စိတ်ဆိုးပြီး ထရိုက်မှာ။ အခုတော့ အမေက ဘာမှမပြောဘဲ ဒီအတိုင်း ကြည့်နေသည်။ ဒါကို ကြည့်လိုက်တာနဲ့ အမေ့ဆီမှာ အမှားတစ်ခုခုတော့ ရှိနေမှာပဲလို့ စွာက တွေးမိပါသည်။

အမေများ အဲ့ဒီဧည့်သည် ဦးလေးကြီးကို လက်ထပ်ဖို့ စိတ်ကူးထားလို့လား။ တွေးကြည့်ရုံနဲ့တင် ရင်တုန်စရာကောင်းလှပါသည်။ အဖေ့နေရာမှာ တခြားတစ်ယောက်ကို အမေက အစားထိုးနိုင်ပေမယ့်လို့ စွာကတော့ ဘယ်လိုမှ အစားမထိုးနိုင်ပါ။

အိမ်ပေါ်ရောက်တော့ ဗိုက်ဆာနေပေမဲ့ စွာက မစားချင်တော့လို့ အိပ်ခန်းထဲ တန်းဝင်လာခဲ့ပါတော့သည်။

"စွာစွာ ထမင်းမစားဘူးလား"

"ဟင့်အင်း စွာ အိပ်ချင်ပြီ"

ဒီလောက်ပဲပြောပြီး စွာက အခန်းတံခါး ပိတ်လို့ အိပ်ပစ်လိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သားနှစ်ယောက် ပြန်လာတော့ ညကိုးနာရီ ထိုးနေပြီ။

ဦးသန့်သော်က ကလေးနှစ်ယောက်ကို ပြန်ပို့ပေး... ဒေါ်သက်ထားကို လူအလစ်မှာ ခပ်တိုးတိုးပြောသွားပါသည်...

"ညကျရင် အေးအေးဆေးဆေး ဆွေးနွေးရအောင်... ထဲ ခဏလောက် ဆင်းခဲ့ပါ ထား" တဲ့။ အယောင်ယော... အများများနဲ့ ခေါင်းညိတ်လိုက်မိပြီးမှ ရင်ထိတ်သွားရတာ...

ဒီလိုမျိုး ခြံထဲမှာ ဆင်းတွေ့လို့ သင့်လျော်ပါ့မလား... တွေးမိလို့ပါ။ ဒါပေမဲ့ အပြင်ကို နှစ်ယောက်တည်း ထွက်... သွားခဲ့ရင်လည်း အရုပ်ဆိုးမှာပါ။

အိမ်မှာပဲ ဆွေးနွေးမယ်၊ ဂုဏ်သိက္ခာရှိရှိ ဧည့်ခန်း...





မှာထိုင်ပြီး ဆွေးနွေးမယ်ဆိုတော့လည်း ပြောဆိုရမယ့်စကားတွေက ဘယ်သူမှ ကြားလို့မဖြစ်တဲ့ လျှို့ဝှက်ချက်တွေပါဝင်နေတော့ ခက်သည်။

ဘာလုပ်ရမလဲ။

ဘာပဲဖြစ်ဖြစ် အကျေအလည်တော့ ပြောမှရမှာပါ။ ရှောင်လွှဲနေလို့ရမှာတဲ့လား၊ ငြင်းရမယ်ဆိုရင်လည်း ပြတ်ပြတ်သားသား ငြင်းလိုက်တာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။

ဒီလိုတွေးတော့လည်း ညကျရင် စကားဆင်းပြောရမှာပေါ့လို့ တွေးမိပါသည်။ တကယ်တမ်း ပြန်တွေးကြည့်တော့လည်း ညဘက်ဆိုတော့ တိတ်ဆိတ်ပြီး အနှောင့်အယှက်ကင်းတဲ့အချိန်ပါ။ တွေ့ရမှာက ချစ်ခဲ့ဖူးသူတစ်ယောက်ကို တွေ့ရမှာ။

နှလုံးသားကျွံတာက ကိစ္စမရှိ၊ မကျွံသင့်တာကျွံသွားမိရင် အန္တရာယ်ရခက်တော့မှာလေ။

တွေဝေစွာနဲ့ပဲ ညက နက်လာရတော့တာ။ တစ်အိမ်လုံးတောင် တိတ်ဆိတ်အိပ်မောကျသွားပါပြီ။

ဒေါ်သက်ထားမှာတော့ မအိပ်နိုင်သေးဘဲ သက်ပြင်းတချချနဲ့ ဖြစ်နေရတော့တာ။ ကလေးသုံးယောက်အမေ



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမမို့သာ 'ဒေါ်သက်ထား' ဆိုပြီး ဒေါ်တပ်ခေါ်ဝေါ်သုံးနှုန်းနေရတာ။ တကယ်တော့ အသက်က သုံးဆယ့်ခုနစ်နှစ်ရှိသေးတာပါ။ ရင့်ကျက်တည်ငြိမ်နေပြီဆိုပေမယ့်လည်း နှလုံးသားရဲ့ လှုပ်ခတ်မှုဒဏ်ကိုတော့ဖြင့် ကြံ့ကြံ့မခံနိုင်သေးတာ အမှန်ပါပဲ။

သူစိမ်းယောက်ျားတစ်ယောက်က အခုအချိန်မှ ချဉ်းကပ်တာဆိုရင်တော့ နှလုံးသားက တုန်လှုပ်မှာတဲ့လား။ အခု ဦးသန့်သော်ဆိုတာက အဆုံးစွန်ထိ ရင်းနှီးပတ်သက်ခဲ့၊ ချစ်မိခဲ့တဲ့ အချစ်ဦး ရည်းစားဦးလေ။

"ဟင်း..."

တွေးရင်းနဲ့ပဲ ဒေါ်သက်ထားရဲ့ စိတ်တွေက ဒွိဟဖြစ်လာရပြန်ပါသည်။

အိပ်မပျော်တာမို့ ပြတင်းပေါက်တံခါးကို အသာလေး တွန်းဖွင့်လိုက်မိသည်။ ညဥ့်လေအေးက ပန်းရနံ့တွေ ပျော်ဝင်လို့။ လရောင်ကတော့ ဖျော့တော့တော့ပါ။

ကောင်းကင်ကို မော့ကြည့်ရာကနေ မြေပြင်ပေါ်ကို ငုံ့ကြည့်လိုက်မိတာနဲ့ အလန့်တကြား ဖြစ်သွားရတော့တာ။

"ဟင်... ကိုရယ်"

လရောင်မှုန်မှုန်အောက်မှာ ထိုင်ပြီး ပြတင်းပေါက်ကို





...းမျှော်ကြည့်နေတာ။

ထား... ထား ဘယ်လိုလုပ်ပြီး ဥပေက္ခာ ပြုနိုင်မှာလဲ ...ကိုရယ်။

ရင်ထဲမှာ သနားစိတ်နဲ့ နာကျင်သွားရတာမို့ ဒေါ်သက်ထားက အသာလေးပဲ အိမ်နောက်တံခါးကနေ ခြံ ...ထဲကို ဆင်းလာခဲ့ရပါတော့သည်။

နှလုံးသားရဲ့ ဆန္ဒတွေ ပြင်းပြလာတော့ ဆင်ခြင်တုံ ...ဉာဏ်ရားက နောက်ဆုတ်သွားတော့တာ။ ဘယ်လိုမှ တောင့်မခံ ...နိုင်တော့တဲ့ အဆုံးမှာပဲ ဒေါ်သက်ထားက ဦးသန့်သော်ရဲ့ ...ကို ရောက်သွားရပါတော့သည်။

"ဦးသန့်သော် ဒါ ဘာလုပ်နေတာလဲရှင်"

မြက်ခင်းပေါ်မှာ ဒူးထောက်ထိုင်ပြီး ပြတင်းပေါက်ကို ...မော့ကြည့်နေတဲ့အတွက် ဒေါ်သက်ထားက မေးလိုက်တာပါ။

"ထား... ထား ကိုယ့်ကို လာတွေ့တယ်နော်၊ ဝမ်းသာ ...လိုက်တာ ထားရယ်၊ ဝမ်းသာလိုက်တာဗျာ"

"အမြန်ထပါ ဦးသန့်သော်၊ သွားအိပ်ပါတော့နော်၊ ... ဒီလိုကြီး လုပ်နေတာ သေးလူတွေမြင်လို့လဲ မကောင်း ...ဘူး"

"ထားရယ် ဘယ်သူမှ မရှိတဲ့အချိန်မှာတောင် ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရင်ကလို အခေါ်အဝေါ်မျိုးလေးလောက်မှ မခေါ်နိုင်တော့ဘူးလားဗျာ၊ ကို ထားကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ထား အသိဆုံးပါ"

"ကျွန်မ ... ကျွန်မ"

"ထားရယ်"

ဦးသန့်သော်က အနားကို ရောက်လာပြီး နီးကပ်စွာ ရပ်တန့်လိုက်တော့ ဒေါ်သက်ထားခမျာ အချစ်ရဲ့ ဆွဲငင်အားကို မလွန်ဆန်နိုင်တော့ပါ။ ကြိုးစားပြီး နောက်ဆုတ်ဖို့ ဟန်ပြင်နေမိဆဲမှာပဲ ဦးသန့်သော်ရဲ့ လက်မောင်းတွေက နွေးထွေးစွာ ရစ်ပတ်နှောင်ဖွဲ့တော့တာ။

"ထားရယ်"

"အချစ်ရယ် ကို ဘယ်လိုမှ မခွဲနိုင်တော့ပါဘူးဗျာ"

အို ...

ရတ်တရက်ကြီး အငိုက်မိပြီး ကို့ရင်ခွင်ထဲကို လဲပြိုကျသွားရတော့တာ။

ရင်ခွင်ကျယ်ကြီးထဲကို ရောက်သွားပြီးမှ ဘယ်လို ပြန်ရုန်းထွက်နိုင်တော့မှာလဲကွယ်၊ အချစ်ဦးရဲ့ ရင်ခွင်ဦးမှာ ထားက ကျရှုံးသွားရတော့သည်။

"ထားရယ် အရမ်းချစ်ပ...ပဲဗျာ"





"အို ... လွှတ် ... လွှတ်ပါ ကိုရယ်"

"မလွှတ်နိုင်ဘူးဗျာ၊ ကို ဘယ်လိုမှ မလွှတ်နိုင်တော့ဘူး၊ သမီးနဲ့ထားကို ကို ပိုင်ဆိုင်ချင်တယ်၊ ထား တာဝန်ယူနေရတဲ့ မိသားစုတာဝန်တွေကို 'ကို' ပခုံးပြောင်းယူချင်တယ်"

လွှတ်ပါလို့ တောင်းပန်နေရင်းကပဲ ကို့ရဲ့ လက်မောင်းတွေက ပိုပြီး အားအင်တွေပါလာတော့တာ။

"ထား ... ထား ရှင်းပြ"

ကိုရယ် ...

အစတည်းက အသည်းမာလို့ ရှောင်နေခဲ့ရတဲ့ သူ မဟုတ်ပါဘူးကွယ်။

အသည်းမမာနိုင်လို့ဘဲ ရှောင်ဖြေးနေခဲ့ရတဲ့ သူပါ။

အခု တည့်တည့်ကြီးတိုးရပြီဆိုမှတော့ ထား ဘယ်လို ရှောင်နိုင်တော့မှာလဲကွယ်။

ကို့အနမ်းတွေက အတိတ်တုန်းကလို ချိုမြိန်နေဆဲ ရင်ဖိုလှိုက်မောခြင်းတွေကို အပြည့်အဝ ပေးစွမ်းနိုင်ဆဲပါ။

"ထားရယ် ချစ်တယ်ဗျာ"

"ကိုရယ်"

တိတ်ဆိတ်အေးချမ်းမှုက အချစ်ကို ပံ့ပိုးပေးလိုက်သလို ဖြစ်သွားရတာမို့ ငယ်ချစ်ဦး နှစ်ယောက်က ဘယ်လိုမှ ဟန်



www.burmeseclassic.com

www.burmeseclassic.com



မဆောင်နိုင်တော့ဘဲ အချစ်ရဲ့ ကျေးကျွန်ဖြစ်သွားရပါတော့သည်။

လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ကို ပြန်ရောက်သွားရသလိုပါပဲ။ အရမ်းချစ်ခဲ့၊ အရမ်းမြတ်နိုးခဲ့တဲ့ ချစ်သူနှစ်ဦးက ကြားမှာ ခြားထားတဲ့ တံတိုင်းတွေကို တဒင်္ဂမှာပဲ ဖြတ်ကျော်ပစ်လိုက်ကြတော့တာ။

"ကိုရယ်..."

"ထားရယ် အရမ်းချစ်တာပဲဗျာ"

ချစ်ခဲ့ဖူးသူ နှစ်ဦးက တစ်ကျော့ပြန် အချစ်တွေနဲ့ အရာရာကို မေ့လျော့သွားရလေတော့တာ။

အဲ့ဒီအချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် အိပ်ရာက နိုးလာသူကတော့ စွစွာရယ်ပါ။

* * *



BURMESE CLASSIC .com

## အခန်း (၁၃)

ဗိုက်ဆာလွန်းလို့ စွာက အိပ်ပျော်နေရာကနေ နိုးလာရတော့တာ။

ညနေစာမစားဘဲ စွာ အိပ်ပျော်သွားခဲ့တာ မဟုတ်လား။ ထမင်းထစားရမှာ ပျင်းလွန်းလို့ စွာက အတင်းဇွတ်မှိတ်ပြီး အိပ်ကြည့်သည်။

ဒါပေမဲ့ အိပ်လို့မရပါ။ ထမင်းစားရမှာ ပျင်းရင်တောင် တစ်ခုခုလေးတော့ စားမှဖြစ်မှာ နို့မို့ဆို အိပ်လို့မရဘဲ ဖြစ်နေမှာ သေချာပါသည်။

စွာစွာက အိပ်ရာထဲကနေ ဒယီးဒယိုင်နဲ့ ထလိုက်မိတော့တာ။ ကြည့်ပါဦး ညက ပြတင်းပေါက်တံခါးကိုတောင် မပိတ်ဘဲ အိပ်ပျော်သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖွင့်ဖို့ပြင်ပြီးမှ မဖွင့်သေးဘဲ စွာစွာက ပြတင်းပေါ
မှာရပ်ပြီး လရောင်မှိန်မှိန်ဖျော့ဖျော့အောက်က ပန်းပင်တွေ
လှမ်းကြည့်လိုက်မိပါသည်။

အဲ့ဒီမှာတင် ထိတ်လန့်စရာ မြင်ကွင်းကို မြင်လိုက်
တော့တာ။

ရုတ်တရက်တော့ စွာက အံ့ဩသွားရတာပါ။
မျက်လုံးတွေကို စွာကိုယ်တိုင် မယုံနိုင်အောင်ပါပဲ။

အိပ်ချင်မူးတူးနဲ့ အမြင်များ မှားနေသလားလို့ ထ
မိတာ။ အသေအချာ ကြည့်လိုက်တော့မှပဲ အရမ်းကို သေ
သွားပြီး စွာ နှုတ်ဖျားလေးက တိုးတိုးရေရွတ်သံလေး ထွ
ကျသွားရတော့တာ။

"ဟင်... အမေ"

ဘုရား... ဘုရား

အမေမှ အမေအစစ်ပါ။

အမေပေါ့၊ တစ်ယောက်တည်းလည်း မဟုတ်ဘူ
ဒေါ်သည် ဦးလေးကြီးနဲ့။ လရောင်အောက်က မြက်ခင်းစိ
စိမ်းပေါ်မှာ။

ရုတ်တရက် ရှက်ရွံ့ ကျုက်သေသေသွားပြီး စွာ
ဘာလုပ်ရမှန်းမသိတော့အောင် ထူပူသွားရတော့တာ။





အမေနဲ့ ဒေါ်သည် ဦးလေးကြီးက ဆိတ်ကွယ်ရာမှာ
ချိန်းတွေ့နေကြတာပေါ့။ စွာစွာ တို့ရှေ့မှာတော့ ခပ်တည်တည်
ကြီးနေပြီး နောက်ကွယ်မှာ အမေက ဒီလိုလုပ်သတဲ့လား။

ဒါဆို ဒီလူကြီးနဲ့ အမေနဲ့က ချစ်နေ ကြိုက်နေကြတာ
ပေါ့။ အခု စွာစွာတို့ကို ဘာမှ မပြောသေးပေမယ့် မကြာခင်
မှာ လက်ထပ်ကြတော့မှာပေါ့။

စွာ ဘာလုပ်ရမလဲ။

သူစိမ်းယောကျ်ားတစ်ယောက် စွာတို့ မိသားစုလေး
ဝင်လာတာကို ဒီအတိုင်း ကြည့်မနေနိုင်ပါဘူး။ စွာတို့
မောင်နှမ သုံးယောက်မှာ အဖေ မရှိတော့တာ ဘာပြဿနာ
မှ မရှိပေမဲ့ ပထွေးရှိလာရင်တော့ ပြဿနာတွေချည်းပဲပေါ့။

ပြီးတော့ ပထွေးဆိုမှာက သားနှစ်ယောက်နဲ့ အဘွား
ကြီးကိုလည်း စွာ လုံးဝ ကြည့်လို့မရပါ။ နေရာတကာ ပါ
ချင်နေတဲ့ အဘွားကြီး၊ စွာကိုဆို ချစ်ချင်ယောင်ဆောင်ပြနေ
တတ်တဲ့ အဘွားကြီး၊ ဒီအဘွားကြီးကိုသာ အမေ ယောက္ခမ
တော်လိုက်ရင် စွာတို့အတွက် နေရာ နေရာတောင် ရှိပါတော့
လေား။

အို... မနေဘူး၊ စွာ ဒီအိမ်မှာ မနေဘူး။ အဖေ့ အမျိုး
တွေဆီ ထွက်ပြေးပြီး သွားနေမည်။ အမေ့ အမျိုးတွေကို သွား



www.burmeseclassic.com

www.burmeseclassic.com



ပြောရင် သူတို့က အမေ့ဘက်ကပဲ ရပ်တည်ကြမှာ။

တွေးရင်း တွေးရင်း ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသလို စွာက လုံးဝ မကျေနပ်ဘူးဆိုတာကိုလည်း အတိအလင်း ပြချင်လာသည်။

ဒါနဲ့ပဲ ဆာလောင်နေတာကို မေ့လျော့သွားပြီး စွာက အဝတ်အမြန်လဲလိုက်ပါသည်။ ပြီးတော့ ကျောပိုးအိတ်ထဲကို အဝတ်နှစ်စုံလောက် ထိုးထည့်လိုက်သည်။

ပြီးတော့ စွာ့ မှတ်ပုံတင်ကို ယူသည်။ အရေးကြီးတာ က ပိုက်ဆံပါ။ စွာ့ဆီမှာ ပိုက်ဆံမရှိပါ။ ပိုက်ဆံ ပိုက်ဆံလို့ ရေရွတ်နေရင်း စုဘူးကို ဖျတ်ခနဲ သတိရလိုက်သည်။

စွာ့ဆီမှာ စုဘူးရှိသည်။ ကျောင်းဖွင့်ရင် လိုချင်တာဝယ် ဖို့ဆိုပြီးတော့ စွာ စုထားတဲ့ ဘူးပါ။

အခုဖောက်လို့တော့ မဖြစ်၊ စုဘူးက သံဘူးဆိုတော့ ဖောက်တာနဲ့ အသံမြည်လိမ့်မည်။ အသံကြားတာနဲ့ အမေ တို့ သိသွားတော့မှာ။ ဘယ်သူမှမသိအောင် ထွက်ပြေးရ ပါတယ်ဆိုပါမှ အသံပေးလို့ ဖြစ်ပါ့မလား။

ဒီတော့ စွာက စုဘူးကို ကျောပိုးအိတ်ထဲ ထည့်ရပြန် သည်။

ထည့်လို့မဆံ့ပါ။ မဆံ့တော့ အဝတ်တစ်စုံကို ပြန်ထုတ်





ပြန်ပါသည်။ စိတ်ဆိုးလွန်းလို့ စွာ တစ်ကိုယ်လုံးက တဆတ် ဆတ် တုန်နေရတော့တာ။

ပြီးတော့ စွာက အိမ်ရှေ့ပေါက်ကနေ တိတ်တိတ်လေး ဆင်းလာခဲ့လိုက်သည်။ ခြံတံခါးသော့ယူပြီး ဖွင့်လိုက်တာနဲ့ ခြံထဲမှာရှိနေတဲ့ အမေတို့ တွေ့သွားတော့မှာ။

ခြံတံခါးကို ကျော်တက်ရင်လည်း သေချာပေါက်တွေ့ မှာပါ။ အမေတို့ရှိနေတဲ့နေရာနဲ့ ခြံတံခါးဝက တန်းနေတာ လေ။

ဒါဆို ဘယ်လိုထွက်ရမလဲ။ ညနေတုန်းကလို ဟိုဘက် ခြံကို ထွက်နေတဲ့ သရက်ကိုင်းကနေပြီး ဟိုဘက်ခြံထဲကို ဆင်းခုန်ချလိုက်ပြီးမှ ဟိုဘက်ခြံကနေ ထွက်သွားရင် အမေတို့ လည်း မသိနိုင်။

လက်ပတ်နာရီကို ကြည့်လိုက်တော့ ညဥ့်တစ်နာရီ ထိုးနေပါပြီ။

စွာစွာက ဘာမှစဉ်းစားမနေတော့ဘဲ သရက်ပင်ပေါ် တက်လိုက်သည်။ ပြီးတော့ ဟိုဘက်ခြံဘက် ကိုင်းနေတဲ့ အကိုင်းကို သွားလိုက်သည်။ နောက် ခုန်ချလိုက်သည်။

"ဘုတ်"

"အား..."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာမို့ အောက်ကို မမြင်ရဘဲ အကျမတော်
ဖြစ်သွားတာပါ။

စွာ ခြေထောက်တစ်ဖက်က ခဲလုံးကြီးတစ်လုံးပေ
နင်းမိပြီး ကျသွားတာမို့ ခြေဖဝါးကို မီးစနဲ့ ထိုးလိုက်သလ
မျိုး ခံစားလိုက်ရပြီး မရပ်နိုင်တော့ဘဲ စွာက လဲကျသွားရတော့
တာ။

"ဂလွမ်း"

"အား..."

လဲကျသွားတော့ ကျောပိုးအိတ်ထဲက စုဘူးက အသ
မြည်တော့တာ။ စွာက လူးလဲထထိုင်ပြီး မတ်တတ်ရပ်ကြည
သည်။ ရပ်လို့မရတော့ပါ။

ခြေထောက် ကျိုးသွားပါပြီလို့ တွေးပြီး စွာက ငိုရ
လိုက်မိတော့တာ။

ထိုအချိန်တွင် ဒေါက်တာမြတ်နိုးမောင်က မအိပ်သေ
ပါ။ စာဖတ်ပြီးလို့ တိုက်ပုလေးရဲ့ ရှေ့မျက်နှာစာမှာ အညောင်
အညာဖြေနေတဲ့ အချိန်ပါ။

ခြံစည်းရိုးနားက ဘုတ်ခနဲ ပြုတ်ကျလာတဲ့အသံ...
'အား...' ခနဲ နာနာကျင်ကျင် အော်လိုက်တဲ့ မိန်းကလေ
ဘစ်ယောက်ရဲ့အသံ...



BURMESE CLASSIC .com



'ဂလုံးဂလွမ်' နဲ့ မြည်တဲ့အသံ၊ အသံအားလုံးကို သူ
ကြားလိုက်တာပါ။

ခြံထဲကအသံဆိုတာ သေချာနေလို့ လက်နှိပ်ဓာတ်မီး
ယူပြီး ခပ်မြန်မြန် ပြေးသွားလိုက်တော့ ညနေတုန်းက သူ့ကို
လေးခွတစ်လက်နဲ့ စွာကျယ်ကျယ်လုပ်သွားတဲ့ ကောင်မလေး
ကို တအံ့တသြနဲ့ တွေ့လိုက်ရတော့တာ။

"အား..."

"အီး... ဟီး... ဟီး"

ကောင်မလေးက ပုံ့ပုံ့လေးထိုင်ပြီး ငိုနေတာပါ။

"ဟာ... ချာတိတ် ဘာဖြစ်တာလဲ"

ဒီတစ်ခါတော့ ကောင်မလေးက သူ့ကို ရန်မရှာဘဲ
အားကိုးတကြီး ပြောပါသည်။

"ခြေထောက် ခြေထောက် ကျိုးသွားပြီလား မသိဘူး၊
စွာစွာ ခြေထောက်ကို ကြည့်ပေးပါ၊ မတ်တတ်ရပ်လို့ မရ
တော့ဘူး အီး... ဟီး... ဟီး"

လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ညာဘက်
ခြေထောက် ယောင်နေသည်။

"ဒီအချိန်ကြီးကျမှ သစ်ပင်ပေါ်တက်ဆော့နေရလား



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ကဲ... မင်းအိမ်က လူကြီးတွေကို လှမ်းခေါ်လိုက်မယ်နော်"

"ဟာ... မခေါ်နဲ့ မခေါ်ပါနဲ့"

ချာတိတ်မက ထိတ်ထိတ်ပျာပျာ ငြင်းဆန်တားမြစ်နေတော့တာ။

"ဘာဖြစ်လို့လဲ"

"စွာ... စွာ အိမ်က ထွက်ပြေးလာတာပါ"

"ဟောဗျာ"

ခုမှပဲ ကျောပိုးအိတ်ကို သတိထားမိပါတော့သည်။ ချာတိတ်မရဲ့ ပုံစံက ဂျစ်ကန်ကန်နဲ့ ဘာကိုမှ မကြောက်တဲ့ပုံစံ။

မကြောက်တတ်လို့လည်း အိမ်က ထွက်ပြေးလာတာပေါ့။ ဒီအချိန်ကြီးမှာ မိန်းမသားနုနုနယ်နယ်လေး တစ်ယောက်တည်း အိမ်ကထွက်သွားရင် အန္တရာယ်တွေကို ဖိတ်ခေါ်နေသလိုပဲ ဖြစ်နေတော့မှာပေါ့။

ဒါကြောင့် ဒေါက်တာမြတ်နိုးမောင်က အခြေအနေကို ဝင်ထိန်းပေးဖို့ စိတ်ကူးရပါတော့သည်။ ဒီကလေးမကို မြင်မြင်ချင်းမှာပဲ စိတ်ဝင်တစားနဲ့ ရင်ခုန်မိတာမို့ ဒီအတိုင်းတော့ လွှတ်မထားနိုင်ပါ။





"စွာ... စွာ ခြေထောက်ကို ကြည့်ပေးပါနော်၊ ဦးလေးက ဆရာဝန် မဟုတ်လား"

"အင်း... ကြည့်ပေးမယ်၊ လူကြီးတွေကို ခေါ်လိုက်တော့ မကောင်းဘူးလား ချာတိတ်"

"မကြည့်ချင်လဲနေ စွာဘာသာ ဖြစ်သလိုသွားတော့မယ်"

ကောင်မလေးက ပြောလဲပြော၊ အတင်းလဲကုန်းထတော့တာ။

"ဟာ... မခေါ်နဲ့ဆို မခေါ်ပါဘူး၊ နေပါဦး ချာတိတ်က ဘာဖြစ်လို့ အိမ်က ထွက်ပြေးချင်ရတာလဲ"

"ဒါလဲ မပြောပြနိုင်ဘူး၊ ဆေးကုပေးချင်လည်း ကုပေး မကုပေးချင်လည်းနေ"

"ဟောဗျာ မပြောပြနိုင်ရင်လည်း မမေးတော့ပါဘူး၊ လူကြီးတွေ မခေါ်နဲ့ဆိုရင်လည်း မခေါ်ပါဘူးဗျာ၊ တောင်းပန်ပါတယ်၊ ဆေးကုပေးပါ့မယ်၊ ကဲ... ရပ်ကြည့်"

"မရပါဘူးဆို၊ ရမှာတော့ ဒီလိုတောင် အချိန်ဖြုန်းမနေဘူး သွားပြီပေါ့"

"ကဲ... ဒါဆို ကိုယ် တွဲပေးမယ်နော်"

သူ ဖေးမပေးတော့မှ ချာတိတ်မက ရပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နာနေတဲ့ ခြေထောက်ကိုတော့ မထောက်နိုင်ရှာ အတော့်ကို နာနေတာမို့ သူကတွဲပြီး ခေါ်လာခဲ့ရပါတော့သည်။

ပွေ့ချီပြီး ခေါ်လာရင် ခရီးတွင်မှာပါ၊ ဒါပေမဲ့ ချာတိတ်မက တစ်မျိုးထင်သွားနိုင်တာမို့ အသာပဲတွဲပြီး ခေါ်လာခဲ့ရသည်။

"မြန်မြန် အိမ်ကတွေ့သွားရင် စွာ ထွက်ပြေးလို့ရမှာ မဟုတ်တော့ဘူး"

"ချာတိတ်က နာနေတာလေ၊ ချာတိတ်ကို ညှာလို့ပဲ ဖြည်းဖြည်းသွားခိုင်းနေရတာပေါ့"

တော်တော်မာကျောပုံရတဲ့ ချာတိတ်မက နာနေတဲ့ ခြေထောက်ကိုပါ ထောက်ပြီး အမြန်လျှောက်သည်။

ဒီလိုနဲ့ပဲ အိမ်ထဲကို ရောက်သွားရပါတော့သည်။

* * *



BURMESE CLASSIC .com

## အခန်း (၁၄)

"ကဲ ... ဒီမှာ ခဏထိုင်နော်၊ ဆေးသေတ္တာ သွားယူဦးမယ်"

"ဟုတ်ကဲ့"

နှစ်ယောက်ထိုင်ဆိုဖာခုံပေါ်မှာ စွာစွာ့ကို တင်ပေးထားတာပါ။

ခုမှပဲ စွာက မီးလင်းနေတဲ့ ဧည့်ခန်းကို အကဲခတ်ကြည့်ရပါတော့သည်။

ပရိဘောဂတွေကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ အိမ်ထဲမှာ ဂခြားအိမ်သားတွေကို မတွေ့မိတော့ စွာစွာကှာ ရင်ထိတ်သွားရပါသည်။

ဒါပေမဲ့ ဒေါက်တာဦးလေးကြီးရဲ့ ပုံစံကတော့ ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



မယ့်ပုံမျိုးပါ။ အို... ဘယ်ယောက်ျားကများ ရှိသားလို့လဲ။ အိမ်မှာရောက်နေတဲ့ လူကြီးကိုပဲကြည့် ဥပမိရုပ်က ခန့်ခန့် ညားညားနဲ့ ပြီးတော့မှ အမေ့ကိုလာပြီး သိုက်တူးနေတာ။

"ကဲ... ခြေထောက်ကို ဒီခုံပေါ်တင်လိုက်"

ဒေါက်တာဦးလေး ပြန်ရောက်လာတာမို့ စွာ့ အတွေးတွေ ပြတ်တောက်သွားရတော့တာ။

"ဟို... ဦးလေးရဲ့အိမ်မှာ တခြားသူတွေ မရှိကြဘူးလား ဟင်"

"ဒီအိမ်မှာလား၊ သက်ရှိဆိုလို့ ကိုယ်တစ်ယောက်တည်း ပဲရှိတယ်ဗျာ၊ ခွေးနဲ့ကြောင်တောင် မရှိဘူး"

"ဟင်..."

စွာ့ရင်ထဲမှာ ထိတ်ခနဲ။

ဦးလေးက စွာ့ခြေထောက်ကို အသေအချာ ကိုင်တွယ် စမ်းသပ်နေတာမို့ စွာနဲ့ အရမ်းကို နီးကပ်နေတာပါ။

ဒေါက်တာဦးလေးဆီက ဆွဲဆောင်မှု ပြင်းထန်တဲ့ ကိုယ်သင်းရနံ့ကိုပါ နီးနီးကပ်ကပ် ရှူရှိုက်မိနေတာမို့ စွာ့ ရင်ကလေးက တဖိုဖို။

"ဘယ်လိုဖြစ်သွားတာလဲ"

"ဟင်..."





"ခြော်... သစ်ပင်တက် ဒီလောက် ကျွမ်းကျင်တာ ဘယ်လိုဖြစ်ပြီး ခြေထောက်နာသွားရတာလဲလို့"

"တက်လို့ဖြစ်တာ မဟုတ်ပါဘူး"

"သစ်ပင်ပေါ်က ပြုတ်ကျတာ မဟုတ်ဘူးလား"

"ဟင့်အင်း ပြုတ်ကျတာ မဟုတ်ဘူး၊ စွာ ခုန်ချလိုက်တာ"

"ခုန်ချတာ ဟုတ်လား"

"ဟုတ်ကဲ့၊ စွာတို့ ခြံတံခါးကို ဖွင့်ထွက်ရင် အိမ်က လူကြီးတွေ တွေ့မှာလေ၊ ဒါကြောင့် ဦးလေးရဲ့ ခြံထဲကို ခုန်ချပြီးမှ အပြင်ထွက်မလို့၊ ဘာမှမမြင်ရဘဲနဲ့ ခုန်ချလိုက်တော့ ဒီခြေထောက်က ကျောက်ခဲပေါ်နင်းမိပြီး ချော်လဲသွားရတာ"

စွာ စကားပြောနေတုန်းမှာပဲ ဒေါက်တာကြီးက စွာ့ ခြေထောက်ကို ဆွဲခါပစ်လိုက်တာပါ။

"အာ..."

အရမ်းနာသွားလို့ လွှတ်ခနဲ အော်မိပြီးမှ စွာက ပါးစပ်ကို ပိတ်ထားရတော့တာ။ တိတ်ဆိတ်နေတဲ့အချိန်မို့ အိမ်က ကြားသွားနိုင်တယ် မဟုတ်လား။

"အရမ်းနာသွားလား"

"နာတာပေါ့၊ အရမ်းကြီးဆွဲခါတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏသည်းခံကွာ၊ တမင်သက်သက်လုပ်တာ မဟုတ်ပါဘူး၊ ဒီလို ဆွဲခါပစ်လိုက်မှ လေဝင်နေတာဆိုရင်လည်း ထွက်သွားလိမ့်မယ်၊ အဆစ်လွဲသွားတာဆိုရင်လည်း ပြန်တည့်သွားလိမ့်မယ်"

နာလွန်းလို့ စွာစွာက ချွေးစေးတွေတောင် ထွက်နေပါပြီ။

ဒေါက်တာကြီးက ဂျယ်လီလိုမျိုးဆေးကို စွာ့ခြေထောက်မှာ နာနာလိမ်းပေးပြီး ပတ်တီးအသေအချာ စည်းပေးပါသည်။ ပြီးတော့ အနာသက်သာအောင် ဆေးတစ်လုံး ထိုးပေးသည်။

"ဦးလေး ဒါဆို စွာ သွားလို့ရပြီလားဟင်"

ချာတိတ်မရဲ့ စိတ်ဓာတ်ကို သဘောအတော်ပေါက်ထားတာမို့ ဒေါက်တာမြတ်နိုးမောင်က သွားလို့မရဘူးလို့ လုံးဝ မပြောပါ။

"အင်း... လမ်းလျှောက်လို့ရရင်တော့ သွားပေါ့ကွာ"

"ဟို... ဆေးဖိုး ဆေးဖိုး ဘယ်လောက်ကျလဲဟင်"

သူ့ကိုမေးရင်း ချာတိတ်မက ကျောပိုးအိတ်ထဲက နို့မှုန့်ဘူးနဲ့လုပ်ထားတဲ့ စုဘူးကို ဆွဲထုတ်နေတာမို့ ရယ်ချင်သွားရပါသည်။

"ဘာလုပ်မလို့လဲ"





"စုဘူးဖွင့်ချင်လို့၊ စွာ့ကို နို့ဆီဖောက်တံ ခဏငှား"

"မီးဖိုခန်းထဲမှာ သွားဖောက်ပါလားကွ၊ အဲ့ဒီမှာဆို လက်နက်ကိရိယာတွေ အစုံပဲလေ"

ချာတိတ်မက မရွံ့မရဲပုံစံနဲ့ အိမ်ထဲကို ငေ့ကြည့်နေပြန်ပါသည်။

"ဘာလဲ မင်း စုဘူးထဲက ပိုက်ဆံတွေအတွက် စိတ်မချလို့လား၊ စိတ်ချပါ ချာတိတ်ရာ ကိုယ် လုံးဝ လာမကြည့်ဘူး"

ဒီတော့ ချာတိတ်မက မတ်တတ်ထရပ်သည်။ ထရပ်လိုက်တာနဲ့ မျက်နှာလှလှလေးက နီရဲရှုံ့မဲ့သွားပြီး ဆိုဖာခုံပေါ် ဝုန်းခနဲ ပြန်ထိုင်ကျသွားပါသည်။

"အား... အရမ်းနာတယ် ဦးလေး၊ ခြေထောက် ထောက်လို့တောင် မရဘူး"

ဒီတော့မှ ဒေါက်တာမြတ်နိုးမောင်က အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်ရပါသည်။

"ထောက်လို့တောင် မရသေးတဲ့ ခြေထောက်နဲ့ ဘယ်လို လမ်းလျှောက်မလဲ ချာတိတ်ရာ၊ လမ်းနည်းနည်း လျှောက်လို့ ရတယ်ပဲထားဦး ဒီအချိန်မှာ မိန်းကလေးတစ်ယောက်တည်း ထော့နဲ့ ထော့နဲ့ပုံစံနဲ့ လမ်းပေါ်မှာ လျှောက်နေလို့ ဖြစ်မလား၊



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်က အနည်းဆုံး သုံးရက်လောက် အနားပေးပြီး ဆေးထိုးဆေးသောက်လုပ်မှ သက်သာမှာကွ"

"ဟင်... ဒါဆို စွာ ဘယ်လိုလုပ်ရမလဲ"

သူ့စကားကြောင့် ချာတိတ်မလေးရဲ့ မျက်နှာက ချက်ချင်းပဲ ပြုံကော့မဲ့မိုးလို ဖြစ်သွားရတော့တာ။

"အိမ်ပြန်ပေါ့ကွာ"

"ဟာ... ဘယ်ဖြစ်မလဲ၊ အိမ်မှာမနေချင်လို့ပဲ ထွက်ပြေးလာတဲ့ဥစ္စာ"

"မင်း ခြေထောက်က လမ်းလျှောက်လို့မှ မရဘဲနဲ့ အိမ်ကထွက်ပြေးလို့ ရပါ့မလား၊ ဒီတော့ အိမ်ပြန်ပြီး ခြေထောက် ပြန်ကောင်းတဲ့အထိ နေလိုက်ဦး၊ ပြီးမှ ပြန်ထွက်ပြေးပေါ့"

"အို... ဘယ်ဖြစ်ပါ့မလဲ၊ တောင်းပန်ပါတယ် ဦးလေးရယ်၊ စွာ ခြေထောက်ပြန်ကောင်းတဲ့အထိ ဒီမှာ ပုန်းနေပါရစေနော်၊ ဦးလေးကပဲ ခြေထောက်ပြန်ကောင်းအောင် ဆေးကုပေးပါ၊ စွာ... စွာ ဆေးဖိုးပေးပါ့မယ်"

ဒေါက်တာမြတ်နိုးမောင်က ရယ်ချင်စိတ်ကို ထိန်းချုပ်ထားလိုက်ပါသည်။

ဒီချာတိတ်မက ပြောင်းပြန်မပြောမှ ဆန့်ကျင်ဘက်တွေ





သုပ်မှာပဲရှမှာပါ။ ကိုယ်က သဘောထား ပျော့ပျောင်းလိုက်တာနဲ့ သူက တစ်လွဲတွေ လုပ်ပစ်မှာ သေချာသည်။

ထွက်သွားလို့ တစ်ခုခုဖြစ်မှာ စိတ်ပူပြီးတော့ ဒီအိမ်မှာ အနေပေါ့လို့ ပြောလိုက်တာနဲ့ ချိုင်းထောက်တစ်ခုလုမ်ပြီး အောင်ထွက်သွားမယ့်ပုံစံပါ။ ဒီတော့ သူက ခပ်တင်းတင်းပဲ ငြင်းရပါတော့သည်။

"ဟာ... ဖြစ်မလား၊ ဒီအိမ်မှာက ကိုယ်တစ်ယောက်တည်းနေတာလေ၊ ကိုယ်က လူပျိုကွ၊ ဘေးကအမြင်မှာ သင့်ဘူးထင်တယ်၊ ပြီးတော့ ချာတိတ်ရဲ့အိမ်က သိသွားရင်လည်း ကိုယ့်ကို ပြဿနာရှာကြမှာ၊ မဖြစ်ပါဘူးကွာ"

"တောင်းပန်ပါတယ် ဦးလေးရယ်၊ စွာ့ကို လက်ခံပါနော်၊ ဘယ်သူမှ မမြင်အောင် စွာ ပုန်းနေပါ့မယ်"

"မဖြစ်ပါဘူးကွာ၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နေပါရစေ၊ ချာတိတ်ရဲ့အကြောင်းကို ဘာမှလည်း သိရတာ မဟုတ်ဘူး၊ တွေ့ဖူးတာရော ဘယ်နှစ်ကြိမ်ရှိသေးလို့လဲ၊ တန်ကုန်ပြောရရင် နာမည်တောင်သိတာ မဟုတ်ဘူး"

ဒေါက်တာမြတ်နိုးမောင်က တမင်တကာပဲ ခါးခါးသီးသီးပုံစံ လုပ်ပြနေတာပါ။

"စွာ့နာမည်က သိမ်မွေ့သက်ထားလို့ ခေါ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်နာမည်က စွာကျယ်တဲ့။ ဟိုဘက်ခြံမှာ နေတာပါ။ စွာ အမေက ဒေါ်သက်ထားလို့ ခေါ်ပါတယ်။ စွာ့ဆီမှာ အဖေ မရှိတော့ပါဘူး၊ မောင်လေး နှစ်ယောက်ရှိတယ်။ တစ်ယောက် က ဂျာရစ်တဲ့၊ နောက်တစ်ယောက်က တာတီး စွာ ဆယ်တန် အောင်ပြီးပြီ၊ ဒီလောက်သိရင် လက်ခံလို့ရပြီလားဟင် ဦးလေး”

ဒီလိုဆိုတော့လည်း သနားစရာလေး။ အခုထက်ပို့ပြ မှုယာမာယာလုပ်ပြလို့ တော်ကြာ ချာတိတ်မက ဖြစ်ချင်ရာ ဖြစ် ရအောင်သွားတော့မယ်လို့ ထလုပ်ရင် အခက်ပါ။

ဒါကြောင့် ဒေါက်တာမြတ်နိုးမောင်က အင်တင်တင် အမူအရာနဲ့ပဲ လက်ခံပေးလိုက်ပါတော့သည်။

“အင်းလေ မင်းက အရမ်းအခက်အခဲဖြစ်နေမှတော့ ခဏတစ်ဖြုတ် လက်ခံပေးရတော့မှာပေါ့၊ စည်းကမ်းချက်ကို တော့ ကြိုပြောထားမယ်နော်၊ အိမ်ထဲမှာပဲ နေရမယ်၊ ဘာ မစပ်စုရဘူး”

“စိတ်ချပါ ဦးလေးရယ်၊ ဦးလေးလည်း စွာ့ကို ကတိ တစ်ခုတော့ ပေးပါ”

“ဟော... မင်းကပါ ကိုယ့်ဆီက ကတိတောင်းနေ တယ်”





“စွာစွာ ဒီမှာရှိနေတယ်ဆိုတာ စွာတို့အိမ်ကို မပြော ပါဘူးဆိုတဲ့ ကတိပါ”

“ကောင်းပြီလေ၊ ကိုယ်ကတော့ မပြောပါဘူး”

“ကျေးဇူးတင်ပါတယ် ဦးလေးရယ်”

“ကဲ... ကဲ ဒါဆို အိပ်တော့၊ အိမ်မှာ အိပ်ခန်းနှစ် ခန်းရှိတော့ မင်းကို တစ်ခန်းပေးမယ်”

“ဦးလေး”

“အင်း... ပြော”

“ဟို... ဟိုလေ စွာစွာ ညနေစာတောင် မစားရသေး ဘူး စားစရာတစ်ခုခုရှိရင် ကျွေးပါနော်”

သနားစရာမိန်းကလေးကို သူက အရမ်းပဲ သနားမိသွား ပါသည်။ ပြီးတော့ ဘာကြောင့်များ အိမ်က ထွက်ပြေးချင် တာလဲဆိုတာကိုပါ သိချင်နေမိပြန်သည်။

ဒါပေမဲ့ အခုနေ မေးလို့ကတော့ မဖြစ်ပါ။ စိတ်ဝင် စားမိပေမယ့် လုံးဝ စိတ်မဝင်စားသလို မသိချင်သလို ဟန် ဆောင်ထားမှပဲ ဖြစ်မှာမို့ သူက အသာလေးပဲ နေလိုက်ပါ သည်။

“ကိုယ်ကလည်း တစ်ယောက်တည်းသမားဆိုတော့ မင်းဟင်းတွေ ချက်မစားဘူးကွ၊ မီးဖိုထဲမှာတော့ ပေါင်မုန့်ပလိပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ရေခဲသေတ္တာထဲမှာ ကြက်ဥတို့၊ ဝက်အူချောင်းတို့ ပေါင်မုန့်တို့ရှိတယ်၊ မင်းဘာသာမင်း သွားလုပ်စားပေါ့"

"ဟင်... စွာမှ လမ်းမလျှောက်နိုင်တာ"

"ဒါဆို ကိုယ်က မင်းစားဖို့ လုပ်ပေးရမှာလား၊ ကိုယ့်ဘာသာကိုယ်တောင် လုပ်စားရမှာပျင်းလွန်းလို့ ရေပဲသောက်လိုက်တာများတယ်"

တကယ်ဆို သူမလေးစားဖို့အတွက် စိတ်ပါလက်ပါ စေတနာပါပါနဲ့ စားစရာတွေ လုပ်ပေးချင်တာပါ။

ဒါပေမဲ့ သူက အသာပဲ တင်းတင်းမာမာပုံစံဖမ်းထားရပြန်ပါသည်။ ဒီချာတိတ်မကို ကိုင်တွယ်ဖို့ သူ့ထက် တင်းထားမှ ဖြစ်လိမ့်မယ်လို့ သဘောပေါက်ထားမိလို့ပါ။

"ဒါ... ဒါဆိုရင်လည်း ပေါင်မုန့်လေး နှစ်ချပ်လောက်ပဲ ပေးပါ၊ အဆာပြေလေးစားရရင် တော်ပါပြီ"

အရမ်းပဲ သနားသွားမိတာပါ။

ဒါပေမဲ့ ပေါင်မုန့်နဲ့ နို့ဘူးကိုပဲ ယူပေးလိုက်သည်။ ပေါင်မုန့်စားပြီး ချာတိတ်မက နို့တစ်ခွက် သောက်သည်။

သူက ဆေးတစ်ခွက်ပါ ပေးတိုက်ပြီး လွတ်နေတဲ့ အိပ်ခန်းထဲ ပို့ပေးလိုက်ပါသည်။

"မနက်ကျရင် ကိုယ်က အစောကြီး အလုပ်သွားရမှာ"





"ဟုတ်ကဲ့"

"မင်းကို သော့ခတ်ထားခဲ့ရလိမ့်မယ်နော်"

"ရ... ရပါတယ်"

"စားစရာကလည်း ကိုယ်ပြန်လာမှပဲ ဝယ်လာခဲ့နိုင်မယ်"

"ရပါတယ် ဦးလေးရယ်"

"ဒါဆို အိပ်တော့"

"ဟုတ်ကဲ့"

ဒေါက်တာမြတ်နိုးမောင်က ချာတိတ်မရဲ့ အခန်းမီးကို ပိတ်ပြီး ညအိပ်မီးသီးလေးပဲ ဖွင့်ထားပေးခဲ့လိုက်ပါသည်။ ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်တော့မှပဲ တင်းထားတဲ့ မျက်နှာကို ဖြေလျှော့လိုက်ရတော့တာ။

ပြီးတော့ ဘာလုပ်ရမလဲဆိုတာကိုလည်း စဉ်းစားရပါတော့သည်။

ဒီအရွယ်ကလေးမလေး တစ်ယောက်ကို သူမိဘတွေ မသိဘဲ အိမ်မှာ လက်ခံထားတာကတော့ အန္တရာယ်များလွန်းတဲ့ အလုပ်ပါ။

ဒါဆို သူမလေးရဲ့ မိဘတွေကို အကြောင်းကြားပြီး ပြန်ပို့ပေးလိုက်ရမှာလား။ ဒီလိုလည်း မလုပ်ချင်ပါ။ သူသာ



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလို လုပ်လိုက်ရင် သူမလေးက သူ့ကို စိတ်လည်းဆိုး စိတ်လည်းနာသွားတော့မှာ သေချာပါသည်။

ပြီးတော့ အိမ်က ထွက်ပြေးရတဲ့အကြောင်းရင်း ဇာ မြစ်ကို သေသေချာချာမသိဘဲ သူမလေးကို ပြန်ပို့ပေးသင့် ရဲ့လား၊ ဘာမှမသိဘဲနဲ့ လုပ်လို့မရပါ။

တော်ကြာ အိမ်က ယောကျ်ားပေးစားမှာမို့ ထွက်ပြေး လာတာကို ပြန်ပို့ပေးလိုက်မိတာမျိုး ဖြစ်နေရင်လည်းဒုက္ခ

နည်းနည်းပါးပါး စုံစမ်းပြီးမှပဲ ဘာလုပ်သင့်တယ် ဆိုတာ ဆုံးဖြတ်ရတော့မှာပါ။ လောလောဆယ်တော့ အိပ် ဖို့ပဲ ကြိုးစားရပါတော့သည်။ မီးပိတ်ပြီး အိပ်လိုက်ပေမယ့် ဘယ်လိုမှ အိပ်မပျော်၊ အချစ်မရှိခဲ့တဲ့ သူ့ဘဝထဲကို အချစ် က ကြိုတင်အသိမပေး၊ အကြောင်းမကြားဘဲ ဝင်ရောက်လာ ခဲ့ပါရောလား။

'သိမ်မွေ့သက်ထား' တဲ့။ 'စွာကျယ်' တဲ့ သူမလေး က ကိုယ့်ကိုယ်ကို 'စွာစွာ' ဆိုတဲ့ နာမ်စားလေးနဲ့ စကား ပြောသည်။

အားလုံး ချစ်စရာကောင်းနေတာချည်းပါပဲ။ ချာတိတ် ရယ်။

ကိုယ့်ကိုဘော့ ဦးလေးလို့ ခေါ်သလားကွာ။ ချစ်စရာ





ကောင်းလွန်းတဲ့ ကောင်မလေးရဲ့ပုံရိပ်ကို တွေးရင်း သူက ပြုံးပြုံးကြီး အိပ်ပျော်သွားရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မသက်ထားရေ စွာစွာ စွာစွာ မရှိတော့ဘူး"

"ဟင်..."

ဒေါ်သက်ထားက အလန့်တကြား ဖြစ်သွားရတော့တာ။

"ဘယ်လို... ဘယ်လို"

"စွာစွာ မရှိတော့ဘူး မသက်ထားရဲ့၊ ဟော့ဒီမှာ စာတစ်စောင်ပဲ ရေးထားခဲ့တယ်"

ငယ်ထိပ်ကို မြွေပေါက်လိုက်သလိုပါပဲ။

"ပေး မမကြည်၊ စာပေးပါ"

စာက တိုတိုလေးပါ။





အမေ...

စွာစွာ့ကို မရှာပါနဲ့တဲ့။

ဒီလောက်ပဲ ရေးထားတာ။ ဒါ... ဒါ ဘာသဘောလဲ၊ စွာစွာရဲ့ အခန်းထဲကို ဝင်ကြည့်တော့ ပြတင်းပေါက်ပွင့်နေတာကို ရင်ထိတ်စွာ တွေ့ရသည်။

"မမကြည် ဒီ... ဒီပြတင်းပေါက်ကို မမကြည် ဖွင့်လိုက်တာလား"

"ဟင်... မဟုတ်ဘူး၊ မမကြည် အခန်းထဲဝင်လာကတည်းက ပွင့်နေတာ"

ပြတင်းပေါက်ကနေ ရပ်ကြည့်လိုက်တော့ ကိုနဲ့ ညတုန်းက တွေ့ခဲ့တဲ့နေရာကို တန်းခနဲ တွေ့နေရသည်။ ဒီတော့မှပဲ ဒေါ်သက်ထားက သဘောပေါက်မိရပါတော့သည်။

စွာစွာ... စွာစွာ တွေ့သွားတာပဲဖြစ်မှာ။ ဒါကြောင့်ပဲ အိမ်ကထွက်သွားတာ ဖြစ်မှာ၊ ဒုက္ခပါပဲ။

"ခြံထဲမှာ ရှာကြည့်ပါဦး မမကြည်ရယ်"

"ကျောပိုးအိတ်ရယ်၊ အဝတ်အစား နည်းနည်းရယ်၊ မှတ်ပုံတင်ရယ်၊ စဘူးရယ် ပျောက်နေတယ် မသက်ထားရဲ့၊ စွာစွာ အိမ်ကထွက်ပြေးသွားပါပြီး အီး... ဟီး... ဟီး"

ယောက်မဖြစ်တဲ့သူက ဟီးချပြီးငိုချနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားကတော့ အပြစ်ရှိသူမို့ ဆွံ့အနေရတော့တာ။ သေချာပါတယ် စွာစွာက ညစာတောင် မစားဘဲနဲ့ ဆန္ဒပြတဲ့အချိန်မှာ ခြံထဲမှာ 'ကို' နဲ့ တွေ့ခဲ့တာကို သမီးစွာစွာ တည့်တည့်ကြီး မြင်သွားတာပဲဖြစ်မှာပါ။

ဘာလုပ်ရမလဲ။ တကယ်တော့ ရှက်စရာကောင်းတဲ့ အဖြစ်အပျက်ပါပဲ။ လက်မထပ်နိုင်ပါဘူးလို့ ငြင်းဆန်ဖို့ စိတ်ကူးနေတဲ့ကြားထဲကပဲ။

"စွာစွာက ဘာဖြစ်လို့ ထွက်သွားရတာလဲ၊ ဘာကိစ္စများ ရှိလို့လဲ၊ ရှာပါဦး မသက်ထားရယ်၊ မမကြည်တော့ စိတ်ပူလို့ သေရတော့မှာ"

"ဘယ်အချိန်ထဲက ထွက်သွားလိုက်တာလဲ"

"မသိတော့ပါဘူး"

"ဂျာဂျာနဲ့တာတာ"

"ဗျာ... အမေ"

"ခြံထဲမှာ မမစွာကို လိုက်ရှာကြည့်ကြစမ်း"

"ဟုတ်..."

ညီအစ်ကိုနှစ်ယောက်က မျက်နှာငယ်လေးတွေနဲ့ ဖြေ ထွက်သွားကြသည်။

"ဘယ်ကိုသွားတာ ဖြစ်နိုင်မလဲ"





"မသက်ထား အစ်ကိုတွေဆီများ ရောက်နေမလား"

"ဖြစ်နိုင်တာပေါ့၊ နေဦး ဖုန်းဆက်မေးကြည့်မယ်"

ဒေါ်သက်ထားက ဖုန်းဆက်ပြီး မေးကြည့်ဖို့ ပြင်ပါသည်။ တကယ်တမ်း ဖုန်းဆက်ဖို့လုပ်တော့ နောက်တွန့်မိပြန်သည်။

အစ်ကိုတွေ မောင်တွေ သိကုန်တာနဲ့ အိမ်ကို ရောက်လာကြတော့မှာ ဒါဆို 'ကို' နဲ့ ပတ်သက်မိတာကို သိကုန်ကြလိမ့်မည်။

ပြဿနာတွေများ ကြီးထွားကုန်တော့မလား။ အတိတ်တုန်းက ခံစားခဲ့ရတာကို 'ကို' နဲ့ မဆိုင်ပါဘူး၊ 'ကို့' အမေ လုပ်ခဲ့တာလို့ ဒေါ်သက်ထားက နားလည်နိုင်ပါသည်။ ဒါပေမဲ့ တခြားလူတွေကတော့ နားလည်နိုင်ပါ့မလား။ 'သန့်သော်' ဆိုတဲ့လူကို အစိမ်းလိုက် ဝါးစားပစ်ချင်နေကြမှာ သေချာပါသည်။

ဖုန်းမှဆက်ဘဲ ဒီအတိုင်းထားလို့လည်း မဖြစ်၊ စွာစွာကို အမြန်တွေ့အောင် ရှာရမှာ။ တစ်ယောက်တည်း အဖြေရှာလို့မရအောင်ဖြစ်နေတဲ့အတွက် ဒေါ်သက်ထားက ဦးသန့်သော်ဆီကိုပဲ လာခဲ့ရပါတော့သည်။

"ဟာ... ထား"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာတော့ပေါ်နေပြီ ကို"

"ဘာ... ဘာပြဿနာများလဲ ထားရယ်"

"သမီးစွာစွာ အိမ်ကထွက်ပြေးသွားပြီ ကိုရဲ့ အဟင်း... ဟင့်... ဟင့်"

"ဟင်..."

စိုးရိမ်စိတ်က ဦးသန့်သော်ကို နှိပ်စက်သည်။ ထားက ငိုနေတာမို့ ရင်ထဲမှာ နာကျင်သွားရတော့တာ။

"ညက ညက ထားနဲ့ကိုကို သမီး တွေ့သွားတာဖြစ်လိမ့်မယ်၊ ဒါကြောင့် ထွက်သွားတာပေါ့၊ အမေ စွာ့ကို မရှာပါနဲ့ဆိုတဲ့စာလေးပဲ ရေးသွားတယ်"

"ဘယ်သွားနိုင်လဲ စဉ်းစားကြည့်ပါဦး ထားရယ်၊ သမီးရဲ့ သူငယ်ချင်းတွေဆီ အရင်သွားမေးမယ်"

"စွာစွာ့မှာ သူငယ်ချင်း အပေါင်းအသင်းလဲ များများစားစား မရှိပါဘူး ကိုရယ်၊ သူ့ဦးလေးတွေ ဘကြီးတွေဆီ သွားတာများလား၊ ဒါလည်း သိပ်မဖြစ်နိုင်ပြန်ဘူး၊ စွာစွာက အမေအမျိုးထက် သူ့အဖေအမျိုးကိုပဲ ပိုချစ်တာ"

ဩော်... ထားရယ်။

ဦးသန့်သော်က ရင်နာနာနဲ့ပဲ ချစ်သူကို ငေးကြည့်နေရပါတော့သည်။





ကို့ဘဝမှာ သမီးရဲ့ ဖခင်ဖြစ်ခွင့်ကို မရနိုင်တော့ဘူး ပေါ့နော်။ လောဘမကြီးချင်ပါဘူးဗျာ၊ ကိုယ်က ပျက်ကွက်ခဲ့မိသူ မဟုတ်လား။

တွေတွေငေးငေး ဖြစ်သွားရှာတဲ့ ချစ်သူကို တွေ့ရတော့ နှာပဲ စကားပြောမှားသွားတာကို ဒေါ်သက်ထားက သတိထားမိတော့တာ။

တကယ်တမ်းကျတော့လည်း ဒီစကားဟာ အမှန်တရားပါပဲလေ။ မှားယွင်းပြီးပြောတာ မဟုတ်သလို၊ လိမ်ညာပြီး ပြောနေတာလည်း မဟုတ်ပါဘူး။

ထူးဆန်းလွန်းတဲ့ မေတ္တာတရားပါပဲ။ ခင်ပွန်းသည်က သူ့သွေး ဟုတ်ပေမဲ့ သမီးစွာစွာကို သူ့သွေးသားလိုပဲ မေတ္တာထားခဲ့တော့ သမီးရဲ့မေတ္တာနဲ့ အားကိုးခင်တွယ်မှုကို လည်း အပြည့်အဝ ရသွားခဲ့တာပေါ့။

"အဲ့ဒီ အမျိုးတွေဆီ မေးကြည့်ပါလား ထား"

"သူတို့ကနယ်မှာ ကို၊ ရန်ကုန်မှာ မရှိကြပါဘူး။ ဖုန်းဆက်ပြီး မေးလိုက်တာနဲ့ အုံနဲ့ကျင်းနဲ့ ရန်ကုန်ကို ဆင်းလာကြတော့မှာ၊ အဘိုးနဲ့အဘွားက သမီးစွာစွာကို အရမ်းချစ်ကြတာလေ"

"ဩော်..."



www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်သော်က နားလည်လိုက်ပြန်ပါသည်။ ထားက ဘာကြောင့် သူ့ကို ငြင်းဆန်ရတယ်ဆိုတာကိုပါ။ အဝေးကြီး ဝေးအောင်နေပြီးမှ သမီးကို လိုချင်လို့ မရနိုင်တော့ဘူးပေါ့။

အမေက သမီးကို မြေးလေး မြေလေးလုပ်နေပေမယ့် နှစ်ပေါင်းများစွာ ကြင်နာယွေးထွေးခဲ့တဲ့သူတွေကို ကျော်လွှန်ပြီး သမီးက '/ တွယ်တာပါ့မလား။

သမီးရဲ့ မျက်ဝန်းလေးတွေထဲမှာ အမုန်းတွေ မလိုလားတာတွေ ပျော်ဝင်နေတာ အသိသာကြီးပဲလေ။

"ထား… ထား ဘာလုပ်ရတော့မလဲဟင်၊ အခု သမီးက ထားကို စိတ်နာသွားပြီ၊ တကယ်ဆို ထားတို့ရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ ဘဝလေးထဲကို ကိုတို့ ဝင်မလာသင့်ဘူး။ ထားရဲ့ နှလုံးသားတွေကလည်း မာကျောသင့်ပါရက်နဲ့ မမာနိုင်ဘူး၊ တကယ်ဆို ကိုတို့သားအမိကို စိတ်နာနေရမှာ လုံးဝ မဆက်ဆံဘဲ နေရမှာ"

"ထားရယ်"

"အခု…, အခု ထားရဲ့ အသိုက်အမြုံလေးမှာ သောကတွေနဲ့ ပူလောင်ရပြီ၊ စိတ်ဆင်းရဲရပြီ၊ သမီးလေးရဲ့ အမုန်းက ထားဆီကိုပါ ကူးစက်ခဲ့ပြီ"





"ထားရယ် အဖြစ်မှန်ကို သမီးသိရင် နားလည်သွားမှာပါ"

"တော်ပါတော့ ဦးသန့်သော်၊ အဲ့ဒီလောက် တစ်ကိုယ်ကောင်းမဆန်ပါနဲ့ရှင်၊ သမီးလေးရဲ့ အသည်းနှလုံးကိုရော ကျွန်မရဲ့ ဂုဏ်သိက္ခာကိုရော နင်းချေပစ်ရမယ့် ကိစ္စကြီးကို မတောင်းဆိုပါနဲ့"

"ဆောရီး တောင်းပန်ပါတယ် ထားရယ်၊ ကိုယ်ဟာ သေသင့်တဲ့ကောင်ပါဗျာ၊ ဘာမှမပေးခဲ့ဘဲ အများကြီး ပြန်လိုချင်နေတဲ့ ကောင်ပါ။ ကို… ကို သွားပါတော့မယ်"

ဒေါ်သက်ထားက မတားတော့ဘဲ ဒီအတိုင်းကြည့်နေလိုက်ပါတော့သည်။ ရင်ထဲမှာတော့ နာကျင်လွန်းလှပါပြီ။ ဒါပေမဲ့ သမီးကို အဆုံးရှုံးခံပြီးတော့ အချစ်ကို ဦးစားမပေးနိုင်ပါ။ ညက ခြေလှမ်းတစ်ချက် မှားသွားခဲ့ရတာကိုပဲ နောင်တရလို့ မဆုံးတော့"

"အမေ"

သားငယ်တာတာ ရောက်လာတာမို့ မျက်ရည်တွေကို သုတ်ပစ်လိုက်ရပါသည်။

"အမေ ခြံထဲမှာ မရှိဘူး"

"ဂျာဂျာရော"



www.burmeseclassic.com

www.burmeseclassic.com



"မမစွာ သူငယ်ချင်းရဲ့အိမ်ကို စက်ဘီးနဲ့ သွားတယ် အမေ"

"အေး... အေး"

ဒေါ်သက်ထားက ဦးသန့်သော်ကို လှည့်မကြည့်တော့ဘဲ သားငယ်နဲ့ အတူတူထွက်လာခဲ့လိုက်ပါတော့သည်။

ရင်နာပေမယ့် ပြတ်သားမှ ရတော့မှာပါ။ သားသမီးအရေးနဲ့ ယှဉ်လာခဲ့ရင် ကိုယ့်နှလုံးသားရဲ့ဆန္ဒကို ချိုးနှိမ်မှပဲ ရပါလိမ့်မည်။

"တာတာ"

"ဗျာ... အမေ"

"သား မမစွာဆီမှာ ရည်းစားတွေ ဘာတွေရှိလား"

"ဟာ... မရှိပါဘူး"

တော်ကြာ အမေကို အရွဲ့တိုက်ပြီး ရည်းစားနောက်လိုက်သွားတာမျိုး ဖြစ်နေမှာစိုးလို့သာ မေးကြည့်ရတာပါ။ သမီးမှာ ရည်းစားမရှိနိုင်ဘူးဆိုတာ ဒေါ်သက်ထားလည်း သိထားပါသည်။

လှချင်တဲ့စိတ်တောင် သမီးစွာစွာဆီမှာ မရှိသေး အလှပြင်ဖို့ဆိုတာ ဝေးလို့၊ သနပ်ခါးတောင် မှန်အောင်လိမ်းတတ်တာ မဟုတ်။ မောင်နှစ်ယောက်နဲ့ ဆော့လို့ကောင်းတုန်း





သစ်ပင်တက်လို့ကောင်းတုန်း။ အရွယ်ကသာ အပျိုကြီးဖားဖား ဖြစ်နေတာ စိတ်က ကလေးစိတ်ပါ။

တွေးရင်းနဲ့ စိတ်ပူလာတာမို့ ဒေါ်သက်ထားက ဖုန်းဆက်ပြီး သမီးအကြောင်း မေးမြန်းစုံစမ်းရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ညက ထားရဲ့အချစ်တွေကို ပြန်ရလိုက်တာမို့ ဝမ်းသာပျော်ရွှင်ခဲ့ရတဲ့ ဦးသန့်သော်က အခုတော့ ထားတို့ရဲ့ မိသားစုလေးထဲကနေ ထွက်ခွာလာခဲ့ရပါပြီ။

သမီးတစ်ယောက်လုံး ပျောက်နေတာကို သိသိကြီးနဲ့တော့ အိမ်မပြန်နိုင်ပါ။ သမီးကို ရှာတွေ့ဖို့အတွက် ကူညီရပါမည်။

ထားကိုလည်း စိတ်မဆိုးနိုင်ပါ။ ကားမောင်းထွက်လာပြီး ဘယ်ကိုသွားရမှန်းမသိ။ တည်းခိုခန်းမှာ တည်းဖို့စဉ်းစားလိုက်သည်။ သမီးကို ရှာတွေ့မှပဲ သူ ပြန်နိုင်မှာပါ။

ထိုအချိန်တွင် စွာစွာကတော့ အေးချမ်းစွာ အိပ်ရာကနိုးလာခဲ့ပါသည်။





နိုးနိုးချင်း ကိုယ့်ဘာသာကိုယ် ဘယ်နေရာရောက်နေတာလဲဆိုတာ စဉ်းစားလို့မရ။ ပြီးမှပဲ ဒေါက်တာကြီးရဲ့အိမ်မှာ ရောက်နေတာကို သတိရမိတော့တာ။ လူးလဲထထိုင်လိုက်တော့ စွာ အိပ်နေတဲ့ ခုတင်နံဘေး စားပွဲပေါ်မှာ ကြက်ဥကြော်၊ ဝက်အူချောင်းကြော်နဲ့ ပေါင်မုန့်မီးကင်းသုံးချပ်၊ ခေတ်ဘူးတစ်လုံး ခွက်တစ်ခွက်ကို တွေ့ရပါသည်။

ပြီးတော့ ခုတင်နံဘေးမှာ တောင်ဝှေးတစ်ချောင်းကိုပါ ထောင်ထားပေးတာ တွေ့ရတော့ စွာက ကျေနပ်သွားသည်။ ဒီလိုဆိုတော့လည်း ဦးလေးဒေါက်တာက စွာစွာကိုဂရုစိုက်သားပဲနော်။

စွာက ခုတင်ပေါ်က ဆင်းလိုက်တော့ ခြေထောက်ထဲက မီးစနဲ့ ထိုးလိုက်သလို ပူလောင်နာကျင်သွားပြီး မတ်တတ်ရပ်လို့မရ။ ဒါနဲ့ပဲ ပြန်ထိုင်နေရပြန်သည်။

အမေတို့တော့ အခုလောက်ဆို စွာစွာ မရှိတော့တာကိုသိလောက်ပြီပေါ့။

ဘာတွေများ ဖြစ်နေကြမလဲဆိုတာကို စွာက သိချင်နေမိပြန်ပါသည်။

ဟိုလူကြီးကတော့ စွာ အိမ်မှာမရှိတော့တာကိုပဲ ဝမ်းသာနေမှာပါ။ စွာမရှိရင် အမေနဲ့ ပိုပြီး လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ရမယ်လေ။ ဂျာရစ်နဲ့ တာတီးက အရေးလား၊ ပြဿနာရှာတတ်တဲ့သူက စွာတစ်ယောက်ပဲရှိတာ။

အသုံးမကျတဲ့ ကောင်လေးနှစ်ကောင်ကတော့လား ကိုယ့်အမေကို လိုချင်လို့လာနေတဲ့ လူကြီးနဲ့ ကားအတူစီးပြီး ဘုရားတွေ ဘာတွေတောင် သွားကြသေးတာ အံ့ရော

စွာကတော့ မရပါဘူး။ အမေနဲ့ အဲဒီလူကြီးကို လုံးဝသဘောမတူဘူး။ အဲဒီလူကြီးနဲ့ ပတ်သက်နေသရွေ့ စွာလည်း အမေ့အိမ်ကို မပြန်ဘူး။ ဘိုးနဲ့ဘွားဆီမှာပဲ သွားနေလိုက်မှာ အရေးကြီးပါတယ်ဆိုမှ ခြေထောက်ကလည်း ဒဏ်ရာရလိုက်သေးသတဲ့။ စိတ်ညစ်စရာနော်။

"အို... ဒီခြေထောက်ကို ညှာနေရင် ဘယ်တော့မှ ပြန်ကောင်းမှာလဲ၊ ဘိုးနဲ့ဘွားဆီ အမြန်သွားချင်တာကို ဒီတော့ မညှာဘူးဟာ၊ နာစမ်း နာစမ်း"

တစ်ယောက်တည်း ပြောလည်းပြော တောင်ဝှေးနဲ့ ထောက်ပြီး နင်းလည်းနင်း လုပ်ပစ်လိုက်သည်။ နာတာမှ မျက်ရည်တွေတောင် ကျကုန်တဲ့အထိပါ။

ဒါနဲ့ပဲ ထော့နင်း ထော့နင်းနဲ့ အိပ်ခန်းနဲ့ တွဲလျက်ရှိနေတဲ့ ရေချိုးခန်း အိမ်သာဆီကို သွားပြီး ကိုယ်လက်သန့်စင်ရတော့တာ။





ပြီးတော့ ခုတင်ပေါ်မှာ ပြန်လာထိုင်ပြီး ဦးလေး တင်ထားခဲ့တဲ့ စားစရာတွေကို ကုန်အောင်စားပစ်လိုက်သည်။ ပြီးတော့ စားစရာတွေ အနားမှာ ထားပေးထားတဲ့ ဆေးကို သောက်လိုက်သည်။

နာရီကို ကြည့်လိုက်တော့ မနက်ကိုးနာရီ၊ စွာ့မှာ လုပ်စရာအလုပ်က ကုန်သွားပြီလေ၊ ဒီတော့ ခဏလေးအတွင်းမှာပဲ စွာစွာက အရမ်းပျင်းလာမိတော့တာ။

စွာက အခုလို ငြိမ်ငြိမ်နေတတ်တာမှ မဟုတ်ဘဲ။ ဆော့ချင်ဆော့၊ ဒါမှမဟုတ်ရင်လည်း ပန်းပင်တွေကြားထဲမှာ ဘာလုပ်လုပ်နဲ့ နေနေတတ်သူလေ။ အခု ငြိမ်နေရတော့ နေမထိ ထိုင်မသာ ဖြစ်လာရတော့တာ။

စွာ အခုရောက်နေတဲ့ အခန်းကနေ ကြည့်တော့လည်း ဘွားတို့ ခြံဘက်ကို လုံးဝ မတွေ့ရပါ။ ပြတင်းပေါက်မှာလည်း သွားမရပ်ရဲ။ တော်ကြာ သူများတွေ တွေ့သွားပြီး အမေ့ကို သတင်းသွားပေးရင် အခက်ပါ။

"အား... ပျင်းတယ်"

စိတ်လွတ်ကိုယ်လွတ်အော်ပစ်လိုက်ပြီးမှ စွာက ကိုယ့်အသံကိုယ်လန့်ပြီး မျက်လုံးပြူးလေးနဲ့ ပါးစပ်ပိတ်ထားရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဒေါက်တာကတော့ စွာ့ကို စည်းကမ်းထုတ ထားသည်။ မစပ်စုရဘူးတဲ့။

ဒါပေမဲ့ စွာက မနေနိုင်။

ဒီခုတင်ပေါ်မှာပဲ ငုတ်တုတ်ထိုင်နေရမှာကို မနေနိ တာပါ။ ဒါကြောင့် ခြေထောက်နာနေတဲ့ ကြားထဲက တောင်ငေးလေးနဲ့ အိပ်ခန်းထဲကနေ ထွက်လာခဲ့လိုက်သည်

စွာ့ အိပ်ခန်းတံခါးကို ဖွင့်လိုက်တာနဲ့ ဧည့်ခန်းထဲ တွေ့ရတာပါ။ ဦးလေးဒေါက်တာက စွာ့ကို သူများ မြင်တွေ့သွားမှာ အတော်စိုးရိမ်နေတဲ့ပုံစံပါ။ ကြည့် ဧည့်ခန်းပတ်လည်က မှန်ပြတင်းပေါက်တွေမှာ ခန်းစည်း အားလုံး ဆွဲပိတ်ထားခဲ့တာ။

စွာက ဧည့်ခန်းစားပွဲပေါ်က စာအုပ်တွေကို လိုက်ကြ မိတာပါ။ ပျင်းစရာကောင်းတဲ့အချိန်မှာ ကာတွန်းစာအုပ်လေ မဂ္ဂဇင်းစာအုပ်လေး တစ်အုပ်လောက် ရှာတွေ့ရင်တော မဆိုးဘူးပေါ့။

ဒါပေမဲ့ စိတ်ပျက်စရာပါ။ စာအုပ်တွေအားလုံး အင်္ဂလိပ်စာအုပ်တွေချည်းပဲ။ စာအုပ်တိုင်းမှာတော့ D မြတ်နိုးမောင်ဆိုတဲ့ နာမည်တွေ ထိုးထားပါသည်။

"မြတ်နိုးမောင်တဲ့၊ နာမည်ကလည်း နလိုက်တာ





လှကြီးကဖြင့် ဒီလောက် ထွားထွားကြီးကို အဟင်း"

တစ်ယောက်တည်းပြောရင်း ဦးလေးဒေါက်တာရဲ့ ပုံရိပ်က စွာ့ စိတ်အာရုံမှာ လာထင်နေပြန်တာ။

ဦးလေးရဲ့ မျက်နှာချောချောကြီးက တည်တင်းထားလိုက်တာမှ ကြောက်စရာကြီး။ အင်းလေ မနေ့ညနေတုန်းက စွာစွာက လောက်လေးခွနဲ့ချိန်ပြီး ဦးလေးကို သူခိုးလား၊ ဖောက်ထွင်းဝိဇ္ဇာလား၊ အလစ်သမားလားလို့ ရိုင်းရိုင်းစိုင်းစိုင်း မေးခဲ့မိတာကို အခု စွာ့ကို လက်ခံထားတာပဲ ကျေးဇူးတင်ရဦးမှာ။

သူ့ဘာသာသူ စူပုပ်ပြီးတော့ပဲ လက်ခံ လက်ခံ တည်တည်တင်းတင်းကြီးပဲ လက်ခံ လက်ခံ၊ လောလောဆယ် ခြေထောက်နာနေတုန်း ခဏလောက် ကပ်နေရရင်ပဲ တော်သေးတာပေါ့။

ဧည့်ခန်းထောင့်စားပွဲပေါ်မှာ ထောင်ထားတဲ့ ဦးလေးဒေါက်တာရဲ့ ဓာတ်ပုံကို ယူကြည့်မိသည်။ ကြည့်နေရင်းနဲ့ ရင်ကလေး ဖိုလှိုက်လာတာမို့ စွာက မလုံမလဲလေးနဲ့ ဓာတ်ပုံကို ပြန်တင်ထားလိုက်ရတော့တာ။

ဦးလေးရယ်...

စွာ ရင်တွေခုန်နေလိုက်တာမှ ပရမ်းပတာပါပဲရှင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရဲ့ အိပ်ခန်းထဲကိုတော့ ဝင်မကြည့်ရဲတာနဲ့ မဝင်ဘဲ နေလိုက်ပါသည်။

စွာတို့ အိမ်ဘက်အခြမ်းမှာရှိတဲ့ ပြတင်းပေါက်ကနေ အိမ်ဘက်ကို ခိုးကြည့်တော့လည်း ပန်းခင်းတွေရယ်၊ အလုပ်သမား ဦးလေးကြီး နှစ်ယောက် ပေါက်တူးပေါက်နေတာ ရယ်ကိုပဲ တွေ့ရသည်။

အိမ်ဘက်ကို လှမ်းကြည့်တော့ တိတ်ဆိတ် ခြောက်ကပ်နေတာပါပဲ။

အမေကတော့ စွာ့ကို လိုက်ရှာနေပြီ ထင်ပါရဲ့။ နီးနီးလေးမှာ စွာ ရှိနေမှာပဲလို့ ဘယ်သူထင်မလဲနော်။

အို… စိတ်ပူပစေ ရှာပစေ၊ ဒါမှ အမေလည်း သူ့အပြစ်သူသိပြီး ဟိုလူကြီးနဲ့ ဝေးဝေးနေမှာ။ တွေးရင်း ဝမ်းနည်းလာတာမို့ စွာက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာရပြန်ပါသည်။

ဂျာဂျာနဲ့တာတာ့ကို လွမ်းလို့ပါ။ ပြီးတော့ အဖေ့ကိုလည်း သတိရမိပါသည်။

နောက် အမေနဲ့ ဟိုလူကြီး လက်ထပ်လိုက်မှာကိုလည်း စွာ အရှမ်းပဲ စိုးရိမ် ကြောက်လန့်နေမိတာပါ။ အမေ့ကို ဘယ်သူတားပေးနိုင်မလဲဟင်။





အမေရယ်…။

စွာ တောင်းပန်ပါတယ်။

အဖေ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးပါနဲ့။ စွာ ညှော့ခန်းထဲက ဆိုဖာမှာထိုင်ပြီး ဟီးချငိုပစ်လိုက်မိတော့ တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

စာသင်နေရပေမဲ့ ဒေါက်တာမြတ်နိုးမောင်ရဲ့ စိတ်ေ
က အိမ်ကိုပဲ ရောက်နေရတော့တာ။ မနက်က စားစရာေ
အခန်းထဲမှာ ဝင်ထားပေးရင်း အပြစ်ကင်းစွာနဲ့ အိပ်ပျော်ေ
တဲ့ ချာတိတ်မကို ငေးမောကြည့်ဖြစ်ခဲ့ပါသည်။

တကယ်လို့သာ သစ်ပင်ပေါ်က ခုန်အဆင်းမှာ
ခြေထောက်မနာခဲ့ဘူးဆိုရင် အခုလောက်ဆို ချာတိတ်မလေ
ဘယ်ကိုရောက်နေပြီလဲလို့ တွေးမိပြီး သူ့ရင်ထဲမှာ တုန်လှ
ရပါသည်။

ခြေထောက်နာသွားတာကိုပဲ သူ့မှာ ကျေးဇူးတင်မိ
တော့တာ။

'သိမ်မွေ့သက်ထား' တဲ့။





ချစ်စရာကောင်းလိုက်တဲ့ ကလေးရယ်၊ ဘယ်လို
အကြောင်းကိစ္စတွေ၊ ပြဿနာတွေရှိလို့ အိမ်ကနေ ထွက်ပြေး
ချင်ရတာလဲကွာ...

မနက်က သူထွက်လာတော့ ချာတိတ်မတို့ ခြံဘက်ကို
အကဲခတ်ကြည့်ခဲ့ပါသေးသည်။ ဘာမှတော့ မထူးခြားပါ။

သူမလေး ပျောက်နေတာကို မသိသေးလို့ဘဲဖြစ်မည်
ထင်ပါသည်။ မထင်မှတ်ဘဲ ရောက်ချလာတဲ့ ချာတိတ်မလေး
ကြောင့် အိပ်မောကျနေတဲ့ သူ့နှလုံးသားကတော့ နိုးထလာခဲ့
ရပါပြီ။ ဒါပေမဲ့ သူ့ထက် ဆယ်နှစ်ကျော်လောက်တောင်
ငယ်တဲ့ မိန်းကလေးကို ဘယ်လိုနိုးစပ်အောင် လုပ်ရမှာတဲ့လဲ။

အဘွားကတော့ သူ့ကို လက်ထပ်ဖို့ တိုက်တွန်းနေတာ
ကြာပါပြီ။ ကျောင်းပြီးကတည်းကပါ။

"အိမ်ထောင်ကျသွားတဲ့ ယောကျ်ားကမှ စည်းနဲ့ကမ်း
နဲ့ တာဝန်သိပြီး နေတတ်တာ" လို့ အဘွားက အမြဲတမ်းပဲ
ပြောနေတတ်တာ ဖြစ်သည်။

"လူပျိုဘဝနဲ့ ကြာကြာနေလေ ပျက်စီးလေပဲ၊ ပြီးတော့
တာဝန်မယူချင်တဲ့ အကျင့်ကြီးပါသွားရော" တဲ့။

အဘွားရဲ့ ဒဿနက တစ်မျိုးပါ။

သူများအမေတွေ အဘွားတွေကတော့ ကိုယ့်သားကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မြေးကို အိမ်ထောင်မပြုဖို့ဘဲ နားချကြတာပါ။

"မိဘကို လုပ်ကျွေးဦးနော်၊ ပြီးမှ မိန်းမယူ" လို့ ပြောကြတာကိုပဲ ကြားနေကြဖြစ်သည်။ အဘွားကတော့ ထူးထူးခြားခြားပါပဲ။

သူ့ကိုတော့ အဖေနဲ့အမေက ဘာမှဝင်မစွက်ဖက်ပါ။ အဘွားကလည်း မွေးစားခဲ့တာဆိုတော့ အစစအရာရာ အဘွား သဘောပါပဲ။

"ကျွန်တော့်ကို မိန်းမယူခိုင်းပြီး တကယ် မိန်းမယူလိုက် ပြီးမှ ဘွားဘွားနဲ့ မတည့်ရင် ဘယ်လိုလုပ်မလဲ" လို့ သူ မေးတော့ အဘွားက ရယ်ပါသည်။

"ဘာလို့မတည့်ရမှာလဲ မြေးရယ်၊ လောဘမကြီးရင် အတ္တမကြီးရင် မာနမကြီးရင် ဘယ်သူနဲ့မဆို တည့်အောင် နေလို့ရတယ်၊ စိတ်ပူစရာမရှိဘူး"

အဘွားကိုတော့ သူ ယုံပါသည်

တကယ်အေးချမ်းတဲ့ အဘွားပါ။ ပိုက်ဆံချမ်းသာ သလောက် စိတ်သဘောထားလည်း ပြည့်ဝသည်။ လူတစ် ဖက်သားကို စကားနဲ့တောင် စိတ်ထိခိုက်အောင် မလုပ်တတ် ပါ။

တရားနဲ့နေတဲ့ အဘွားက ကိုယ့်ကြောင့် သူတစ်ပါး





ထိခိုက်နစ်နာမယ့် အကုသိုလ်မျိုးကို လုံးဝ မလုပ်တတ်တဲ့ သူဖြစ်သည်။

နှုတ်ထွက်စကားကအစ စောင့်စည်းတတ်သည်။ သူ့ ဘဝမှာ အဘွားလောက် လေးစားကြည်ညိုစရာကောင်းတဲ့ သူမတွေ့ဖူးသေးပါ။ အကောင်းမြင်တတ်တဲ့ နေရာမှာလည်း ပြိုင်ဘက်မရှိ။ မေတ္တာထားတတ်တဲ့ နေရာမှာလည်း ပြိုင်ဘက် မရှိ။ အဘွားကိုမီဖို့ ကြိုးစားနေထိုင်ရင်းနဲ့ပဲ အဘွားရဲ့ စိတ်ဓာတ်နဲ့ အကျင့်စရိုက်ကောင်းတွေကို သူသင်ယူနေတာပါ။

အခု ချာတိတ်မကို သူ ဝှက်ထားပေးမိတာကို အဘွား သိရင် သဘောကျပါ့မလား။

"ဆရာ ဘာတွေတွေးပြီး သက်ပြင်းတချချ ဖြစ်နေတာ သည်း ဝါဝါ ကြည့်နေတာကြာပြီ အဟင်း... ဟင်း"

ဒေါက်တာဝါဝါရဲ့ အသံကို ကြားရတော့မှပဲ သူက ချက်ရုက်နဲ့ အတွေးတွေ ပြတ်တောက်သွားရတော့တာ။

"ဟာ... ဘာမှမဟုတ်ပါဘူး ဆရာမရယ်"

"ဟုတ်ရဲ့လား၊ မယုံပါဘူးနော်"

ဒေါက်တာဝါဝါက မျက်စောင်းလေးနဲ့ မထိတထိ ပြော နေတာပါ။ သူ့မှာလည်း ဒီအပျိုကြီးမမကို ရှောင်နေရတာပဲ ကြာအတော်ကြီးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အလုပ်စဝင်တဲ့နေ့ထဲက 'အကူအညီလိုရင် ပြောနော်' ဆိုတဲ့ စကားချိုချိုလေးနဲ့ အနားကပ်နေခဲ့တာ တောက်တဲ့ ရှုံးလောက်အောင်ပါပဲ။

အခုလည်း ပြဿနာရှာပြန်ပါသည်။

"ဒီတစ်ချိန်ပြီးရင် ဆရာ့ စာသင်ချိန်ပြီးပြီလား"

"ဟုတ်ကဲ့"

"ဆရာအိမ်ပြန်မှာပဲလားဟင်"

"အင်း... အဲ"

အိမ်ပြန်မယ်ဆိုရင် ဘာတွေဖြစ်မှာ မသိသလို၊ အိမ်မပြန်သေးပါဘူးလို့ ပြောလိုက်ရင်လည်း ဘယ်လိုကိစ္စတွေ ရှိနေဦးမယ်ဆိုတာ မသိတာမို့ ဒေါက်တာမြတ်နိုးမောင်က အတော်ပဲ အဖြေရခက်သွားပါသည်။

မနေ့တုန်းကလည်း ကိစ္စမရှုပ်အောင်လို့ သူက...

"ကျွန်တော် ထမင်းသွားစားမှာမို့ မအားပါဘူး"လို့ ပြောတော့...

"ဟယ်... အတော်ပဲ ဝါဝါလည်း လိုက်စားမယ်၊ အိမ်ထမင်းဟင်းစားရတာ ငြီးငွေ့နေပြီလေ။ တစ်ခါတလေ ဆိုင်ထမင်းဟင်း စားချင်တာ အဖော်မရှိလို့" လို့ ပြောပြီး အတင်းလိုက်လာလို့ သူ့မှာ ထမင်းနင်ခဲ့ရပြီးပြီ။





"အမယ်လေး ဒီလောက်တောင်ပဲ အဖြေရခက်နေလား၊ ဝါဝါက ဆရာ့အိမ်လိုက်လည်ချင်လို့ပါ"

မြတ်စွာဘုရား...။

ဒေါက်တာမြတ်နိုးမောင်က တောင့်တောင့်မတ်မတ်ကြီး ဖြစ်သွားရသည်။ ခေါင်းထဲမှာလည်း အချက်ပေးခေါင်းလောင်းသံ မြည်ဟည်းသွားရတော့တာ။ အကြာကြီး ငြိမ်နေရင် အိမ်လည်ခေါ်မယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားမှာ စိုးရိမ်တာမို့ ခပ်မြန်မြန်ပဲ ငြင်းဆန်ရပါတော့သည်။

"ဟာ... မလုပ်နဲ့ ဆရာမ၊ ကျွန်တော်က တစ်ယောက်တည်းနေတာ"

"တစ်ယောက်တည်းနေတော့ရော ဘာဖြစ်လို့လဲ"

အဲ...။

ရုတ်တရက် ဘာပြောရမှန်းမသိအောင်ပါပဲ။ အပျိုကြီးကတော့ စစ်ခင်းနေပါရောလား။ သူ့ဘက်က အရှောင်အတိမ်းတော်မှပဲ ဖြစ်ပါတော့မည်။

"ဝါဝါက ဆရာ တစ်ယောက်တည်းနေတာကို သိပါတယ်ကွယ် အဟင်း... ဟင်း"

ဒုက္ခရောက်နေတုန်းမှာပဲ နားနေခန်းထဲကို ဆရာတစ်ယောက် ဝင်လာတာမို့ သူ့မှာ အသက်ရှူချောင်သွားရပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်ပြောင်းတဲ့ ဘဲလ်တီးလိုက်တော့ သူ့မှာ ဗိုက်
အသက်ရှူ ဝသွားရတော့တာ။

ကိုယ့်ပစ္စည်း ကိုယ်ဆွဲပြီး နားနေခန်းထဲကနေ ခပ်
မြန်မြန် ထွက်လာရပါတော့သည်။ အိမ်မှာရောက်နေတဲ့
ချာတိတ်မလေးကို ရင်ခုန်ရသလောက်၊ အထာတွေ စွတ်ရှ
ပြီးပေးနေတဲ့ ဒီအမျိုးသမီးကိုတော့ ရင်တုန်ရတာ အမှန်ပါပဲ

စာသင်ချိန်ပြီးတာနဲ့ ဒေါက်တာမြတ်နိုးမောင်က အမြန်
ပြန်ထွက်လာခဲ့ရပါသည်။ နေ့လယ်စာကို ဆိုင်မှာမစားဘဲ
နှစ်ယောက်စာ အိမ်ကိုပဲ ဝယ်လာခဲ့လိုက်သည်။

တကယ်ပဲ နောက်ကြောင်း မအေးနိုင်ပါ။ သူမလေး
ကို တံခါးပိတ်ပြီး တစ်ယောက်တည်း ထားခဲ့ရလို့ပါ။

ခြေထောက်အရှမ်းနာပြီး လမ်းလျှောက်နိုင်ရဲ့လား
နောက်တစ်ခါထပ်ပြီး လဲကျနေပြီလား၊ တစ်အိမ်လုံးမှာ
တစ်ယောက်မို့ ကြောက်ရွံ့နေမလား တွေးပြီး ရတက်မအေး
နိုင်။

နောက်ထပ် စိတ်ပူရတာကတော့ ဘွားဘွား ဖုန်းဆက်
မှာကိုပါ။ ချာတိတ်မကို ဖုန်းလာရင် လုံးဝမကိုင်နဲ့လို့ သူ
မမှာခဲ့မိ။ အဲ့ဒီကိစ္စကလည်း စိတ်ပူစရာပါပဲ။ တော်ကြာ
ဘွားဘွားက ဖုန်းဆက်တာကို သူမလေးကသာ ဖုန်းကိုင်





တ်ရင် ပြဿနာပါ။

သူတစ်ယောက်တည်းနေတဲ့ အိမ်မှာ မိန်းကလေး
စ်ယောက် ရောက်နေတယ်ဆိုတာကို သိတာနဲ့ အဘွားက
ာ်ချင်းပဲ ရောက်ချလာပါလိမ့်မည်။ ပြီးတော့ ဘာမှရှင်းပြ
ရမှာမဟုတ်၊ တစ်ခါတည်း မိန်းမပေးစားလိုက်တော့မှာ
သချာသည်။

အတွေးနဲ့ပဲ သူက အိမ်ကို အမြန်ရောက်အောင် ပြန်
ခဲ့ရတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အမျိုးအိမ်တွေ အားလုံးကို ဖုန်းဆက်မေးပြီးသွားပြီ။ ဘယ်အိမ်ကိုမှ ရောက်မလာပါဘူးတဲ့။ နယ်က အဘိုးအဘွားဆီလည်း အကြောင်းကြားထားပြီပါပြီ။

နှစ်ဖက်ဆွေမျိုးတွေကတော့ စွာစွာ ပျောက်နေတဲ့အတွက် ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်လေပြီ။ ဒေါ်သက်ထားကလည်း ရဲစခန်းမှာ လူပျောက်တိုင်ထားလိုက်ပါပြီ။

သမီးစွာစွာအတွက် ဝိုင်းစိတ်ပူပြီး သတင်းစာထဲမှာ လူပျောက်ကြော်ငြာ ထည့်ဖို့ပြင်ဆင်နေကြပြီ ဖြစ်သည်။

အိမ်မှာလည်း အမျိုးတွေရော၊ အမှုစစ်ရဲတွေရော ခြေခြင်းလိမ်နေပါတော့သည်။ ဒေါ်သက်ထားကတော့ သတင်းမေးတဲ့ ဆွေမျိုးတွေကို ငိုလိုက်ရှင်းပြလိုက်နဲ့ပါ။





အိမ်မှာ ဒီလို ဖြစ်နေတာကို စွာစွာကတော့ လုံးဝ မသိပါ။ ဧည့်ခန်းထဲက TV ကို ဖွင့်ပြီး ရေခဲသေတ္တာထဲက ချိုချဉ်တွေ နို့တွေကိုပဲ ဆာဆာနဲ့ သောက်ပစ်နေမိပါတော့သည်။

ကြည့်ပါဦး၊ နေ့လယ်တစ်နာရီတောင် ထိုးနေပြီ စွာစွာကတော့ ဆာလွန်းလို့ အူတွေတောင် ပြတ်ထွက်ကုန်တော့မယ့်အတိုင်းပါပဲ။ ဦးလေးဒေါက်တာက စွာ့ကို လက်ခံမထားချင်လို့ တစ်ရက်တည်းနဲ့ လန့်သွားအောင် ပညာပြတာများလား။

ဒါမှမဟုတ် သူ့အိမ်မှာ စွာ ရှိနေခဲ့တာကို မေ့ပြီး သူ့ရည်းစားနဲ့ ထမင်းစားနေတာများလား။ တွေးရင်းနဲ့ပဲ စွာက ငိုချင်လာရတော့တာ။

ဦးလေးဒေါက်တာဆီမှာ ချစ်သူတွေ ဘာတွေရှိမှာပေါ့နော်။ ဒီအရွယ်ရောက်မှ ချစ်သူမရှိသေးဘူးဆိုရင် ဟုတ်ပါ့မလား။

စွာစွာ့ကို လက်မခံချင်တာဟာလည်း သူ့ချစ်သူ မကြိုက်မှာစိုးလို့ပဲ ဖြစ်မှာပေါ့။ အို... သူ့ဘာသာသူ ရည်းစားရှိတော့ရော စွာနဲ့ ဘာဆိုင်လို့လဲ။ စွာကလည်း သူ့အိမ်မှာ အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး မနေပါဘူးနော်။ ခြေထောက် နည်းနည်းထောက်လို့ ရတာနဲ့ပဲ ဘွားနဲ့ဘိုးတို့ဆီကို သွားမှာပါ။

စွာစွာက တစ်ယောက်တည်း တွေးလိုက်၊ စိတ်တိုလိုက်၊ အားငယ်လိုက်၊ အလိုမကျလိုက်နဲ့ ဖြစ်နေရတော့တာ။

အဲ့ဒီအချိန်မှာပဲ ချာတိတ်မ ထမင်းဆာနေမှာကို စိတ်ပူနေမိတဲ့ ဒေါက်တာမြတ်နိုးမောင်ရဲ့ ကားလေးက လမ်းထဲကို ချိုးကွေ့ ဝင်လာခဲ့တော့သည်။ ချာတိတ်မတို့ ခြံကို ဖြတ်ပြီးမှ သူ့ခြံကိုရောက်မှာမို့ ကားဖြည်းဖြည်းမောင်းပြီး အခြေအနေကို ကြည့်ရမယ်လို့ သူက တွေးနေမိတာ။ ဒါပေမဲ့ ချာတိတ်မတို့ ခြံရှေ့ကိုပင် မရောက်သေး သူ့မျက်လုံးတွေ ပြူးကျယ်သွားရပါတော့သည်။

မြတ်စွာဘုရား။ ရဲကားတောင် ရောက်နေပါရောလား။ တခြားကားတွေလည်း ရပ်ထားသေးသည်။ ခြံရှေ့က ဖြတ်တော့ သူ့ရင်ခုန်သံတွေက မြန်လို့ ခြံထဲမှာလည်း လူတွေ ရှုတ်စုရှုတ်စုနဲ့ပါလား။

သူက အခုမှပဲ ခေါင်းနားပန်းကြီးသွားရပါတော့သည်၊ ပြဿနာက ထင်မထားဘဲ ကြီးမားနေပါရောလား။

ကိုယ့်ခြံထဲကိုယ် ကားမောင်းဝင်တော့လည်း နောက်





ကျောမလုံ။ ဘယ်သူတွေများ စောင့်ကြည့်နေသလဲဆိုပြီး တထိတ်ထိတ်နဲ့ပါ။ သူ့အဖြစ်က အခုမှပဲ အလကားနေရင်း ရှုံးရောက် ဂတ်ရောက် ဖြစ်ရတော့မယ့် အနေအထား။

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်ချိန်မှာပဲ အိမ်ထဲက ဖုန်းခေါ်သံကို ကြားရသည်။

"ဟာ... ဒုက္ခပါပဲ"

ချာတိတ်မကို ဖုန်းလာရင် မကိုင်ဖို့ မမှာခဲ့ရပါ။ သူ အိမ်ကထွက်တော့ မရွှေချောလေးက အိပ်နေတုန်း မဟုတ်လား။

"တူ... တူ... တူ"

အိမ်တံခါးမကြီးကို သော့ဖွင့်နေတုန်းမှာပဲ ဖုန်းခေါ်သံက ရပ်သွားသည်။

တော်ပါသေးရဲ့လို့ သက်ပြင်းတောင် မချရသေး ချာတိတ်မရဲ့ ဖုန်းထူးသံကို ကြားလိုက်ရပါတော့သည်။

"ဟဲလို..."

"........"

"ရှင်... မ... မရှိဘူးရှင့်"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အဲ... စွာစွာက ဟို... ဟိုလေ"

တံခါးဖွင့်ပြီး ပြေးဝင်သွားတော့ ချာတိတ်မက ဖုန်းပြန်ချနေပါပြီ။

"ဟာ... ဟော့ ဘာဖြစ်လို့ ဖုန်းနားထောင်လိုက်တာလဲ"

"ဟင်... ဘာဖြစ်လို့လဲ ဦးလေး"

ချာတိတ်မက မသိနားမလည်တဲ့ ပုံစံလေးနဲ့ပါ။ သူ့မှာတော့ စိတ်လည်းတို၊ သနားလည်းသနားမိပါသည်။

"ဘယ်သူဆက်တာလဲ"

"ဦးလေးအိမ်က ဖုန်းပဲဟာ၊ ဦးလေးဆီကို ဆက်တဲ့ဖုန်းပေါ့၊ စွာစွာ့ဆီဆက်တဲ့ဖုန်းတော့ ဟုတ်မလား၊ ဘယ်သူလဲဆိုတာလည်း စွာစွာ သိနိုင်ပါ့မလား၊ အရေးကြီးတဲ့ဖုန်းတွေဘာတွေ ဖြစ်နေမလားဆိုပြီးတော့ စေတနာနဲ့လည်း နားထောင်ပေးရသေးတယ်"

"ပြောစမ်းပါဦး၊ အခု ဖုန်းဆက်တာ ယောကျာ်းအသံလား၊ မိန်းမအသံလား၊ လူကြီးလား၊ လူငယ်လား"

စွာ့ကို ပုလိပ်စစ် စစ်ဆေးနေတာမို့ စိတ်တိုရတော့တာ ဒါနဲ့ပဲ စွာက ခပ်စွာစွာလေး ပြန်ဖြေလိုက်မိသည်။ အသံကျယ်ကျယ်နဲ့ပေါ့။

"အဘွားကြီးအသံ အဘွားကြီးအသံ၊ မြတ်နိုးရှိလား တဲ့၊ ကလေးမက ဘယ်သူလဲတဲ့၊ ဒါပဲပြောတယ်"

"ရှူး... တိုးတိုးပြော၊ နာမည်နဲ့လိုက်အောင်ပဲ စွာကျယ်စွာကျယ်နဲ့ ခြံအပြင်မှာ ရဲတွေအများကြီးပဲ"

"ဟင်... ရဲတွေ ဟုတ်လား"

စွာက တကယ်ပဲ လန့်သွားရတာပါ။

"ဟုတ်တယ်၊ မင်း အိမ်ကလူကြီးတွေက ရဲစခန်းမှာ သွားတိုင်ထားတာနေမှာပေါ့။ ခြံအပြင်မှာ ရဲတွေချည်းပဲ။ အဲ့ဒါကို မင်းက ဟောင်ဘွာဟောင်ဘွာနဲ့ စွာနေ၊ အလကားနေရင်း ငါ သက်သက်မဲ့ ဒုက္ခရောက်တော့မှာ"

ရုပ်တည်ကြီးနဲ့ တအားဟောက်ပစ်လိုက်တော့မှပဲ ချာတိတ်မက ငိုမဲ့မဲ့နဲ့ ငြိမ်ကျသွားတော့တာ။

သူ့မှာတော့ ဒုက္ခက တစ်ခုပြီးတစ်ခုပါပဲ။ အခု ဖုန်းဆက်တာ ဘွားဘွားပဲဖြစ်မှာ။ သူ စိုးရိမ်သလို ဘွားဘွားကတော့ ဒီအိမ်မှာ မိန်းကလေးတစ်ယောက် ရှိနေတယ်လို့ သိသွားပြီ။

"ဟင်... စွာစွာတို့ ဘာလုပ်ကြမလဲဟင်"







www.burmeseclassic.com

www.burmeseclassic.com



"ဘာအခုမှ ဘာလုပ်ကြမလဲလုပ်နေ၊ စောစောက ဖုန်းကလည်း ပြဿနာပဲ၊ ကိုယ့်အဘွားကတော့ လိုက်ချလာတော့မှာ သေချာတယ်"

"စွာ... စွာက အဲ့ဒီလိုမျိုး မထင်လို့ပါ ဦးလေးရယ် စေတနာနဲ့ ဖုန်းနားထောင်လိုက်မိတာပါ"

ဒီလိုဆိုတော့လည်း သနားစရာလေးပါ။

"ကဲ... ကဲ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ။ အခု ခြေထောက်က ဘယ်လိုနေသေးလဲ"

"နာ... နာတယ်၊ ပြီးတော့ စွာစွာ ဗိုက်အရမ်းဆာနေပြီ ဦးလေး"

"မင်းတစ်ယောက်တည်း ဆာတာလား၊ ငါလည်း ဆာတာပဲ၊ ငါ့ဘာသာငါဆို ဒီအချိန် ထမင်းစားပြီးပြီ၊ အခုတော့ မင်းရှုပ်တာနဲ့ပဲ အိမ်ကို ဝယ်လာရရော"

စွာက ငိုချင်စိတ်ကို မနည်းထိန်းထားရတော့တာ ဦးလေးရယ် စွာက ဦးလေးအတွက် အမှိုက်ပါပဲရှင်။

ဦးလေးဒေါက်တာက စားစရာအထုပ်တွေကို သယ်လာပြီး စွာ့ကို ထမင်းစားခန်းထဲ တွဲခေါ်လာပေးသည်။

မျက်နှာကြီးကတော့ တည်တင်းလို့ပါ။ စွာက





ခြေထောက်နာနေတော့ ခုံမှာပဲ ထိုင်နေရသည်။ စားစရာတွေကို ဦးလေးကပဲ ပြင်ဆင်ပေးတာမို့ အားနာရပါသည်။

"ကဲ... စား"

"ဦးလေးရော"

"စားမှာပေါ့ကွာ၊ ထမင်းစားပြီးရင် မင်း ဘာကြောင့် အိမ်ကထွက်ပြေးလာခဲ့ရတယ်ဆိုတာကို ပြောပြရမယ်၊ ဒါကို သိမှ မင်းကို ဆက်ပြီး လက်ခံသင့် မခံသင့် စဉ်းစားရမှာ။

စွာက မပြောချင်ပါ။ အမေ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်နေတာကိုး။

"စွာ မပြောရင် မရဘူးလား"

"ဘာကွ၊ ခုချိန်ထိ မင်းက ဘာမှနားမလည်သေးဘူး၊ အခု မင်း ကိုယ့်အိမ်ကိုယ်ပြန်"

"မ... မလုပ်ပါနဲ့ ဦးလေးရယ်"

"ဒါဆို ပြောပြမှာလား"

"ဟုတ်ကဲ့"

ဝမ်းနည်းလွန်းလို့ စွာ့လက်ကလေးတောင် တုန်ခါနေပါသည်။

ဒါပေမဲ့ ဦးလေးဒေါက်တာကိုတော့ စွာ စိတ်မဆိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်မိပေမယ့် စိတ်ဆိုးလို့ မရတဲ့အပြင် ဦးလေးဆီကနေ ထွက်သွားရမှာကိုတော့ ကြောက်လန့်နေသလိုပါပဲ။

ထမင်းစားပြီးတော့ ဦးလေးက စုပုပ်တည်တင်းနေတဲ့ မျက်နှာကြီးနဲ့ ပန်းကန်တွေကို သိမ်းဆည်းဆေးကြောနေ တော့တာ။

"စွာ... စွာ လုပ်ပါ့မယ် ဦးလေး"

"ငြိမ်ငြိမ်နေစမ်းပါကွာ၊ တော်ကြာ ခြေထောက်ထပ် နာလို့ ကိုယ့်ဆီမှာ သောင်တင်နေဦးမယ်"

"ဦးလေးရယ်"

စွာက မျက်ရည်လေးကို ခိုးသုတ်လိုက်မိပါသည်။ အစတုန်းက စွာ အရမ်းမာနကြီးတတ်တာပါ။ အမေပြော တာတောင် ခံချင်တာမဟုတ်။ စွာ့အပေါ် တင်စီးတယ်လို့ ထင်ရင် ချက်ချင်း တုံ့ပြန်တတ်တာလည်း စွာ့အကျင့်ပါပဲ။

အခု ဦးလေးကိုတော့ စွာ စိတ်မဆိုးနိုင်တာ အတော့် ကို ထူးဆန်းတာပါပဲနော်။ စွာ့စိတ်ထဲမှာ ဦးလေးက နှင်ထုတ် လိုက်မှာကိုပဲ စိုးရိမ်နေမိတာပါ။

ချာတိတ်မက ငြိမ်သက်ပြီး မျက်ရည်တွေ သုတ်နေ





တော့ ဒေါက်တာမြတ်နိုးမောင်က တွေးပွေ့ကြင်နာလိုတဲ့ စိတ်တွေ တနင့်တပိုး ဖြစ်လာရပါသည်။ ဒါပေမဲ့ သင့်လျော်ပါ့မလား။ ကလေးသာသာလေးအပေါ်မှာ အခွင့်အရေးယူ တယ်ဆိုတာမျိုးတော့ အဖြစ်မခံနိုင်ပါ။

ဒါကြောင့် သူမလေးရဲ့ မျက်ရည်တွေကို မသိချင် ယောင်ဘဲ ဆောင်နေလိုက်ရတော့သည်။

ချာတိတ်ရယ်...၊ ကိုယ်ကတော့ မင်းလေးကို ချစ်နေ မိပါရောလား။ အမှန်အတိုင်း ဝန်ခံရရင် သူ့ရင်ထဲမှာ သူမလေး သူ့ဆီကနေ ထွက်သွားမှာကို စိုးရိမ်နေမိတော့ တာ။

ဒါပေမဲ့ သူ့အနေနဲ့ သူမလေးရဲ့ မိဘတွေကို အကြောင်း မကြားပေးဘဲနဲ့ အခုလို ဖွက်ထားပေးတာ အပြစ်ရှိနေပါပြီ။

"ကဲ... ပြောစမ်းပါဦး"

သူက သူမလေးရဲ့ရှေ့မှာ ဝင်ထိုင်ပြီး မေးလိုက်တာပါ။ သူ့မျက်နှာကိုတော့ တည်ထားရဆဲပဲ ရှိသေးသည်။ တော်ကြာ ချာတိတ်မ ထဖောက်မှာစိုးလို့ပါ။

"ဟို... ဟိုလေ စွာ... စွာ အိမ်ကထွက်ပြေးတာ စွာ့အမေ နောက်... နောက်ယောက်ျားယူမှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော... "

"စွာတို့ မောင်နှမမှာ အဖေမရှိပါဘူး ဦးလေးရယ် အဖေဆုံးသွားတာ ဆယ်နှစ်လောက် ရှိပါပြီ၊ အခု... အခု ဦးလေးကြီးတစ်ယောက်က အမေ့ကို လိုချင်လို့ စွာတို့အိမ် ကို ခဏခဏ လာနေတာ၊ အဲ့ဒီလူကြီးကို စွာ အရမ်းမုန်း တာပဲ။ လုံးဝ ကြည့်လို့မရဘူး၊ ဒါပေမဲ့ အမေကတော့ အဖေ ကတော့ အဲ့ဒီဦးလေးကြီးကို အီး... ဟီး... ဟီး"

ဩော်... ချာတိတ်ရယ်။

သနားစိတ်နဲ့ သူက ကောင်မလေးကို ငေးကြည့်မိသွား ပါတော့သည်။

"ဒါနဲ့ပဲ ချာတိတ်က ဘယ်ကိုထွက်ပြေးမလို့လဲ"

"အဖေ့ဘက်က အဘိုးအဘွားတွေဆီကို သွားမလို့ပါ"

"အဘိုးအဘွားက ဘယ်မှာလဲ၊ ရန်ကုန်မြို့ထဲမှာပဲ ဆိုရင် ကိုယ် လိုက်ပို့ပေးမယ်လေ"

"တောင်ကြီးမှာပါ ဦးလေးရယ်"

"ဟာ... ဒီလောက်ဝေးတာ"

"ဦးလေးရယ် စွာစွာ အမေ့ဆီကိုတော့ မပြန်ချင်ပါ ဘူး၊ ဘိုးဘိုးနဲ့ ဘွားဘွားဆီကိုပဲ သွားချင်ပါတယ်"





"ဟာ... တောင်ကြီးကို ခြေထောက်အနာကြီးနဲ့ တစ် ယောက်တည်း သွားလို့ရပါ့မလားကွာ၊ လမ်းလည်းလျှောက် နိုင်တာ မဟုတ်သေးဘဲနဲ့"

"ဒါ... ဒါဆိုရင် စွာ့ခြေထောက် သက်သာတဲ့အထိ ခဏလောက်ပေးနေပါနော်"

"ပေးနေတာကတော့ ရပါတယ်၊ ဒါပေမဲ့ အခုတောင် မှ မင်းတို့အိမ်မှာ ရဲတွေရော၊ တခြားလူတွေရော ဒီလောက် များပြီး ပြဿနာတွေ တက်နေတာ၊ မင်းကို ကိုယ်လက်ခံ ထားတယ်ဆိုတာ သိသွားရင် ကိုယ့်အတွက် ဒုက္ခရောက်ရမှာ ကွ"

"ဘယ်သူမှ မသိအောင် စွာစွာ ပုန်းနေပါ့မယ် ဦးလေး ရယ်၊ ခြေထောက် အနာသက်သာတာနဲ့ စွာ တောင်ကြီးကို သွားမှာပါ။ ဒါဆို ဦးလေးနဲ့ ဘာမှမဆိုင်တော့ပါဘူး"

တကယ်ဆိုရင်လည်း သူမလေးက အခုချက်ချင်း သွားမယ်ဆိုရင်တောင် သူက လွှတ်ဖို့ စိတ်မချနိုင်ပါ။

"ဒါပေမဲ့ အခု မင်းရောက်နေတာကို ကိုယ့်အဘွား သိသွားပြီကွ၊ ကိုယ့်ကို တစ်မျိုးထင်တော့မယ်၊ အဘွားက ရုပ်တာ လုံးဝ မကြိုက်ဘူး၊ မင်းကို ကူညီထားတာပါလို့



www.burmeseclassic.com

www.burmeseclassic.com



ဒါတာကို အဘွားယုံရင်တော့ ဘာမှမဖြစ်ပါဘူး၊ မယုံဘူးဆိုရင်တော့ ကိုယ့်အတွက် ပြဿနာပဲ"

"စိတ်ချပါ ဦးလေးရယ်၊ အဘွားယုံအောင် စွာစွာပြောပေးပါ့မယ်၊ စွာစွာ့ကို ခဏပေးနေပါနော်၊ အခုနေ စွာစွာ အိမ်ပြန်သွားရင် အရှုံးပေးလိုက်ရသလို ဖြစ်သွားမှာမို့ပါ။ စွာစွာ အဖေနေရာမှာ သူစိမ်းယောက်ျားကြီးတစ်ယောက်ကို လုံးဝ အစားမထိုးနိုင်လို့ပါ အီး... ဟီး... ဟီး"

"ကဲ... ထိတ်ပါတော့ကွာ၊ ဆေးသောက်ပြီးရင် မင်းခြေထောက်ကို ဆေးလိမ်းပေးမယ်၊ ပတ်တီးလည်း စည်းပေးမယ်"

"ဟုတ်... ဟုတ်ကဲ့"

ဩော်... ချာတိတ်ရယ်။ လူပျိုကြီး ဒေါက်တာမြတ်နိုးမောင်ရဲ့ နှလုံးသားက လုံးဝကို အရည်ပျော်ကျသွားခဲ့ရပါပြီ။ ဒါပေမဲ့ သူ့မျက်နှာကိုတော့ တည်ထားရတုန်းပါပဲ။

* * *



## အခန်း (၁၉)

ဒေါ်ခင်ခင်သာက ထိုင်လို့မရ ထလို့မရဖြစ်နေရပါသည်။ မြေး ဒေါက်တာမြတ်နိုးမောင်ဆီ ဖုန်းဆက်တာ ဖုန်းကို မြေးကမကိုင်ဘဲ ကောင်မလေးတစ်ယောက်က လာကိုင်လို့ပါ။

အသံလေးက ငယ်ငယ်လေး၊ စကားပြောတော့လည်း တုန်တုန်ယင်ယင်နဲ့၊ 'မင်း ဘယ်သူလဲ၊ ဘယ်ကလဲလို့' မေးတော့ ထစ်ထစ်ငေါ့ငေါ့နဲ့ ဖုန်းချသွားတာ။

အဲ့ဒါ ဘယ်သူလဲ။ ရည်းစားထားပြီး သူများသားသမီးကို ဆိတ်ကွယ်ရာမှာ ချိန်းတွေ့နေတာလား။ ဒါမှမဟုတ် အုပ်ထိန်းသူတွေနဲ့ ကင်းလွတ်နေတဲ့ အချိန်မှာ မကောင်းတဲ့ မိန်းကလေးတွေကို ခေါ်ပြီးတော့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တွေးရတာနဲ့တောင် ရင်ပူနေရပါပြီ။ မြေး မောင်မြတ်နိုးက ဒါမျိုးတွေ တစ်ခါမှ မလုပ်ဖူးခဲ့ပါ။ မလုပ်ဖူးတာကြောင့် လုပ်မှာမဟုတ်ပါဘူးလို့တော့ ဒေါ်ခင်ခင်သာက မျက်စိမှိတ်ပြီး မယုံကြည်နိုင်ပါ။ ဒါကြောင့် ရန်ကုန်အိမ်ကို ဖုန်းထပ်ဆက်မနေတော့ဘဲ မနက်ဖြန်ခါ လေယာဉ်နဲ့ ရန်ကုန်ဆင်းဖို့ပဲ ဆုံးဖြတ်လိုက်ပါတော့သည်။

မန္တလေးနဲ့ ရန်ကုန်သွားမယ်ဆိုရင် အိမ်ကကားနဲ့ ချက်ချင်းထွက်ရင်တောင် ရပါသည်။ ဒါပေမဲ့ ခရီးပန်းလိမ့်မည်။ နာရီပေါင်းများစွာ ကားထိုင်စီးရင် ညောင်းညာ ပင်ပန်းရမည်။ ဒီတော့ မနက်ဖြန်မှပဲ လေယာဉ်ပျံစီးပြီး သွားလိုက်မည်။

နာရီပိုင်းလေးပဲ ကြာမှာပါ။ စိတ်မြန်လက်မြန်နဲ့ ကားနဲ့ ထသွားရင်လည်း မနက်ဖြန်ခါမှပဲ ရောက်မှာ။ လူပင်ပန်းတော့ မခံတော့ပါ။ ဟိုလိုက်သွားပြီး ရည်းစားဘာညာဆိုရင်လည်း တောင်းရမ်းလက်ထပ်ပေးလိုက်မည်။

တကယ်လို့ မကောင်းတဲ့ မိန်းကလေးကို ခေါ်ရှုပ်တာမျိုးဆိုရင်လည်း မဖြူသမီးနှစ်ယောက်တည်းက တစ်ယောက်နဲ့ ပေးစားလိုက်မည်။





ဒေါက်တာမြတ်နိုးမောင်ရဲ့ အဘွားက ပြတ်ပြတ်သားသား ဆုံးဖြတ်နေချိန်တွင် စွာစွာတို့အိမ်မှာလည်း လူကြီးတွေ ခေါင်းချင်းဆိုင်နေကြပါပြီ။

"မိုးချုပ်တော့မယ် ခုထိ ဘာသတင်းမှ မရသေးဘူး"

"မမကြည်ရယ် လုပ်သင့်တာတွေ အားလုံး လုပ်ထားပြီးပါပြီ။ စွာစွာ ဓာတ်ပုံနဲ့ လူပျောက်ကြော်ငြာလည်း သတင်းစာတိုက်ကို ပို့ထားပြီးပြီ၊ မနက်ဖြန်ဆို သတင်းစာအားလုံးမှာ ပါတော့မယ်၊ ဒါဆို ထူးခြားမှာပါ"

ဒေါ်သက်ထားက မျက်လုံးတွေ နီရဲယောင်ကိုင်းအောင် ငိုထားတဲ့ ယောက်မဖြစ်သူကို ပြန်ပြီး နှစ်သိမ့်နေရတာပါ။

သမီးစွာစွာအပေါ်မှာ သွားလေသူ ခင်ပွန်းသည်ရဲ့ မိဘဆွေမျိုးအားလုံးက အဘိုးတန်ရတနာလေးကို မြတ်နိုးပြီး ချစ်သလိုမျိုး ချစ်ကြတာပါ။

ဒီလိုချစ်ခင်နေတာကို မထောက်ထားဘဲနဲ့ ဟောဒါကမှ စွာစွာ့ရဲ့ အဖေအစစ်ပါဆိုပြီးတော့ 'ကို' ကို ပွဲထုတ်ရမှာလား။ ခင်ပွန်းသည်ကတောင် ကိုယ့်ရဲ့ ဂုဏ်သိက္ခာအတွက် ငဲ့ကွက်ပြီး ဘယ်သူ့ကိုမှ မပြောဘဲ နေခဲ့တဲ့ကိစ္စကို ကိုယ်က ဖွင့်ချရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ်...

အဟိုတ်က ချစ်ခဲ့ကြပါတယ်။

အခုလည်း ချစ်နေတုန်းပါပဲ။ ဒါပေမဲ့ အချစ်ထက် ဂုဏ်သိက္ခာရယ်၊ မိသားစုရယ်၊ သားသမီးရယ်က ပိုအရေးကြီးပါတယ်"

"မမကြည်တော့ စိတ်ပူလို့ သေတော့မယ်၊ နေပါဦး မသက်ထားရယ်၊ စိတ်တော့ မဆိုးပါနဲ့ မသက်ထားရဲ့ ဧည့်သည်ကိုရော ယုံလို့ရပါ့မလားဟင်၊ အဲ့ဒီ ဦးသန့်သော်ဆိုတဲ့လူက လူတွေလစ်ရင် စွာစွာလေးကို လိုက်ကြည့်နေတတ်တာ မမကြည် သတိထားမိတယ်၊ သူကများ စွာစွာ့ကို"

"ဟင်..."

ဒေါ်သက်ထားက မိုက်ခနဲ ခံစားလိုက်ရပါသည်။ ဘုရား... ဘုရား။ ပြဿနာက မထင်တဲ့ဘက်ကို လှည့်နေပါရောလား။

"မမကြည်ရယ် အဲ့ဒီ ဦးသန့်သော်ဆိုတာ စွာစွာ့ရဲ့ အဖေအရင်းပါရှင်" လို့ စိတ်ထဲကပဲ ပြောပြနေမိပါသည်။

"မဟုတ်တာ မမကြည်ရယ်၊ ဦးသန့်သော်က လူကြီးလူကောင်း တစ်ယောက်ပါရှင်။ သူ့သမီးအရွယ်လေးကို





ဟုတ်မဟုတ် မကြံစည်ပါဘူး၊ ဒီစကားကို တခြားလူတွေကို မပြောပါနဲ့နော်"

"မမကြည်ကလည်း စိတ်တွေပူပြီး ထင်မိထင်ရာတွေ လျှောက်ထင်နေမိပါပြီ"

ဒေါ်သက်ထားရဲ့ ရင်ထဲမှာ နာကျင်နေမိပါပြီ။ အင်းလေ ...ားသေကိုမှ အသက်ပြန်သွင်းမိလိုက်တာကိုး။

အသက်လေးဆယ်နားနီးမှ တစ်ကျော့ပြန် အချစ်ကို ...တ်ကူးပြန်ယဉ်မိတော့ ဒုက္ခသောကတွေနဲ့ ရင်ဆိုင်နေရတာ ...။

ဒေါ်သက်ထားက စွာစွာ စိတ်ဆိုးသွားရတဲ့အကြောင်း ...င်းကို ကိုယ့်မိဘနဲ့ အစ်ကိုတွေကိုလည်း မပြောပြရဲ။

"ကဲ... မမကြည် နားပါဦးနော်၊ စိတ်ပင်ပန်း လူ ...င်ပန်းနဲ့ ဖျားနာနေပါဦးမယ်"

"တစ်ခုခုဖြစ်သွားမှာကိုပဲ စိုးရိမ်တယ်ကွယ်"

"စွာစွာက ထုံထုံတုံးတုံးကလေးမလေး မဟုတ်ပါဘူး ...မကြည်ရယ်"

"တကယ်လို့ ယောကျ်ားနောက် လိုက်ပြေးတာဆိုရင် ...ယ်လိုလုပ်မလဲ မသက်ထားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားက ဒီတစ်ခါလည်း စိတ်ထဲကနေပဲ ပြောလိုက်ရပါတော့သည်။

"ဒါဆိုရင်လည်း သက်ထား ဝင့်လည်တာပဲပေါ့ မမရယ်" ဆိုတဲ့ စကားကို ရင်ထဲကနေ ပြောရင်း နာကျင်ရပါတော့သည်။

ကိုယ့်တုန်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားပြီး မိဘကို ဒုက္ခပေးခဲ့သလို ကိုယ့်ကိုယ်ကိုလည်း ပညာရေး ဆုံးခန်းတိုင်အောင် မလုပ်နိုင်ခဲ့ဘူး မဟုတ်လား။

"စွာစွာ့မှာ ရည်းစားရှိလို့လား မမကြည်ရယ်"

"သိနိုင်ပါ့မလား"

ဒါလည်း ဟုတ်တာပါပဲ။ 'ကို' တစ်ယောက်လည်း သမီးအတွက် စိတ်ပူနေရှာမှာပဲလို့ တွေးမိသလို သတင်းစာကြော်ငြာကိုတွေ့ပြီး 'ကို' အမေလိုက်လာခဲ့ရင် ရှုပ်ထွေးကုန်မှာကိုလည်း စိတ်ပူရပြန်ပါသည်။ အပူတွေက တစ်ပူပေါ်တစ်ပူဆင့်လို့ အဆုံးမသတ်နိုင်တော့ပါ။

ညနေစာ ထမင်းစားတော့လည်း ဂျာဂျာနဲ့ တာတာတောင် ထမင်းမစားနိုင်ကြ။ မမကြည်ကတော့ ထမင်းဝိုင်းမှာ ဟန်ဆောင်ပြီးတောင် မထိုင်နိုင်ရှာ။ ဒေါ်သက်ထားတို့





သားအမိသုံးယောက်ပဲ ထမင်းစားကြရသည်။

"အမေ"

"ဘာလဲ ဂျာဂျာ"

"မမစွာ ဘာဖြစ်လို့ အိမ်ကထွက်ပြေးသွားတာလည်းဆိုတာကို ဂျာဂျာ သိတယ်၊ မမစွာက ဟိုဦးလေးကြီးကို အရမ်းမုန်းတာဗျ"

တာတာက ပါဝင်ပြောသည်။

"အဲ့ဒီဦးလေး တစ်ယောက်တည်းကို မုန်းတာမဟုတ်ဘူး အမေ၊ အဲ့ဒီ ဦးလေးရဲ့ သားနှစ်ယောက်ကိုလည်း မုန်းတယ်၊ တာတာ့ကိုဆို အဲ့ဒီကောင်လေးနှစ်ယောက်နဲ့ မဆော့နဲ့ အမြဲပြောတာ"

"ဟုတ်လား၊ အမေ မသိပါဘူးကွယ်"

"ဂျာဂျာတို့ကတော့ အဲ့ဒီ ဦးလေးကို ခင်ပါတယ်ဗျာ၊ ဒါပေမဲ့ မမစွာကတော့ အသေအလဲ မုန်းနေတာဆိုတော့"

"ပြောလေ ဂျာဂျာ"

"ဟို... အမေ... အမေ အဲ့ဒီ ညှော်သည်တွေကို အိမ်အလည်မခေါ်ပါနဲ့လားဗျာ"

"သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားက ကိုယ့်အဖြစ်ကို ကိုယ်ရှက်ရွံ့ရပါ တော့သည်။ အစတည်းက အတိတ်ကို အတိတ်မှာပဲ ထား သင့်တာပါ။ အခုတော့ သား ဂျာဂျာကတောင် ပညာသားပါပါ နဲ့ သတိပေးနေရပါရောလား။

"ဂျာဂျာ့ကို စိတ်မဆိုးပါနဲ့ အမေ"

"မဆိုးပါဘူး သားရယ်၊ နောက်ဆို အဲ့ဒီဧည့်သည်တွေ နဲ့ ခပ်ကင်းကင်းနေမှာပါ"

သားကိုပြောနေတဲ့ အချိန်မှာပဲ ဖုန်းခေါ်သံကြားရတာမို့ ဒေါ်သက်ထားက ဧည့်ခန်းထဲ ထွက်လာပြီး ဖုန်းနားထောင် ရပါသည်။

"တူ... တူ... တူ"

"ဟဲလို..."

"ထား... ကိုပါ"

ဒေါ်သက်ထားက ဆတ်ခနဲ တုန်သွားသည်။ စိတ်ထဲမှာ တုန်လှုပ်သွားရပေမယ့် ချက်ချင်းပဲ အားတင်းထိန်းချုပ်ရပါ တော့သည်။

"ဟုတ်ကဲ့ ပြောပါ ဦးသန့်သော်"

"ဘာ... ဘာထူးခြားလဲ ထား၊ သမီးကို ပြန်တွေ့ပြီ လား"





"မတွေ့သေးပါဘူး၊ ရဲစခန်းမှာလည်း တိုင်ထားပါ တယ်၊ သတင်းစာမှာ လူပျောက်ကြော်ငြာ ထည့်ထားပါတယ်၊ မနက်ဖြန်ဆို ပါလာမှာပါ"

"ကို... ကို ဘာလုပ်ပေးရမလဲ ထားရယ်"

"ဒီမှာတော့ ဘာမှလုပ်ပေးစရာ မရှိပါဘူးရှင်၊ အဲ... တစ်ခုပဲ သတင်းစာကြော်ငြာကြောင့် ရှင့်အမေ ရုတ်ရုတ်ရက် ရက်တွေ လာမလုပ်အောင် ရှင် ထိန်းပေးပါ။ စွာစွာ ထွက်သွား တာကလည်း ရှင်တို့ကြောင့်ပဲလေ၊ တောင်းပန်ပါတယ် ဦးသန့်သော်၊ ကျားသေကို အသက်မသွင်းချင်ပါနဲ့တော့ရှင်၊ ကျွန်မတို့ရဲ့ တည်ငြိမ်အေးချမ်းမှုလေးကို ရှင်တို့ရဲ့ အတ္တတွေ လောဘတွေနဲ့ လာမဖျက်ဆီးပါနဲ့။ ရှင်တို့ နားလည်ထား ရမှာက ဘာမှမပေးဘဲ ဘာမှမရဘူးဆိုတာကိုပါ"

"ထား... ထား"

ဒေါ်သက်ထားက အံကြိတ်ပြီး ဖုန်းကို ချပစ်လိုက်ပါ တော့သည်။

ကိုရယ်...

စိတ်ထဲက မပါပေမယ့် ပြောမှဖြစ်မှာမို့ ပြောရတာပါ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ ထားတို့နှစ်ယောက်မှာ ဆုံစည်းခွင့်မှ မရှိတော့တာ နော်။

"တူ… တူ… တူ"

နောက်ထပ် ဖုန်းခေါ်တော့ ဒေါ်သက်ထားက ဖုန်းခွက်ကို ဘေးမှာချထားလိုက်ပါတော့သည်။

* * *



## အခန်း (၂၀)

ဘွားဘွား ဖုန်းဆက်မလားလို့ သူက စောင့်နေတာပါ။ ညကိုးနာရီသာ ထိုးသွားသည် ဘွားဘွားက ဖုန်းမဆက်။

ဒေါက်တာမြတ်နိုးမောင်က ဒီအခြေအနေကို သဘောကျဘဲ ဖြစ်နေရတော့တာ။ ဒီလိုမျိုး ငြိမ်သက်နေတာ သိပ်တော့မကောင်း။ ဒါမှမဟုတ်ရင်လည်း ဖုန်းဆက်တဲ့သူဟာ ဘွားဘွားမဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်နေတာလည်းပဲ ဖြစ်နိုင်ပါသည်။

ချာတိတ်မကို ဆေးထိုးပေးပြီး အခန်းထဲ ပို့ထားလိုက်ပါပြီ။ သူတွေးသလိုပဲ ခြေထောက်က အရိုးတွေ ဘာမှမဖြစ်ဘဲ အရွတ်တွေရောင်ပြီး အတွင်းကြေဖြစ်သွားတာပါ။ နောက်နှစ်ရက်လောက်ဆိုရင် လမ်းလျှောက်လို့ ရလောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်လို့ရမှပဲ တောင်ကြီးကို ပို့ပေးလိုက်ရမလား။ တစ်ယောက်တည်း လွှတ်ပေးဖို့လည်း သူ စိတ်မချနိုင်ပါ။

တကယ်ဆို သူမလေးရဲ့ မိဘတွေ အုပ်ထိန်းသူတွေဆီပဲ ပြန်ပို့ပေးသင့်တာပါ။ အဲ့ဒီလိုလုပ်ရင်လည်း သူမလေး စိတ်ဆင်းရဲပါလိမ့်မည်။ ဒေါက်တာမြတ်နိုးမောင်က သူမလေး စိတ်ဆင်းရဲမှာကိုလည်း လုံးဝ မဖြစ်စေချင်ပါ။

ခြေထောက်နာတာ သက်သာသွားမှပဲ တောင်ကြီးကို ပို့ပေးလိုက်ဖို့ စိတ်ကူးရင်း သူက စိတ်မပါဘဲ စာထိုင်ဖတ်နေလိုက်ပါတော့သည်။

ထိုအချိန်တွင် စွာစွာကလည်း ဘယ်လိုမှ အိပ်မပျော်နိုင်ပါ။ အမေနဲ့၊ ဂျာဂျာရယ်၊ တာတာရယ်ကို သတိရမိသည်။ အဒေါ်ကြီးက စွာ့ကို အချစ်ဆုံးဆိုတော့ အခုလောက်ဆို ငိုနေမှာလို့ စွာက တွေးမိပါသည်။

အမေလည်း နောင်တရနေရောပေါ့။ ဒါပေမဲ့ အခုအချိန်မှာ စွာ အိမ်ပြန်သွားတာနဲ့ အလျှော့ပေးလိုက်သလိုဖြစ်သွားရတော့မှာ။ ဒီလိုတော့ အလျှော့မပေးနိုင်ပါဘူး။ အမေနဲ့ ဟိုလူကြီး လုံးဝ လက်မထပ်ဖြစ်အောင်ဘဲ တားရမှာ။ တကယ်လို့သာ အမေက စွာ့ဆန္ဒကို အရေးမလုပ်ဘဲ





အဲ့ဒီလူကြီးနဲ့ဖြစ်အောင် လက်ထပ်မယ်ဆိုရင်တော့လား။ စွာကလည်း အရွဲ့တိုက်ပြီး ယောကျ်ား ယူပစ်လိုက်မှာ။

စိတ်တိုတိုနဲ့ တွေးရင်း စွာက ယောကျ်ားယူမယ်ဆိုရင် ဘယ်သူ့ကို ယူရမှာလည်းလို့ ရုက်ဝဲဝဲလေးတွေးလိုက်မိတော့တာ။

ဟုတ်တယ်လေ၊ စွာ့မှာ ရည်းစားတွေ ဘာတွေရှိတာမှ မဟုတ်ဘဲ။ ပြီးတော့ စွာ့အသက်က ခုမှ ဆယ့်ခုနစ်နှစ်ပြည့်ပြီးတာ လပိုင်းလောက်ဘဲ ရှိသေးတာပါ။

ဦးလေး ဒေါက်တာလို ဆရာဝန် ကျောင်းဆရာ တစ်ယောက်ကို စွာကသာ တိတ်တခိုးလေး တွယ်တာပြီး ရင်ခုန်နေမိတာပါ။

ဦးလေးက စွာ့ကို ချစ်မှာတဲ့လား။ အခုတောင် မဖြစ်လွန်းလို့ လက်ခံထားရပြီးတော့ တော်တော် စိတ်ညစ်နေတဲ့ ပုံစံမျိုးဖြစ်နေတာ။ အမြဲတမ်း မျက်နှာချောချောကြီးက တည်တင်းလို့ပေါ့။ စွာကလည်း ဦးလေး အဲ့ဒီလိုဖြစ်နေတာကိုပဲ စိတ်မဆိုးနိုင်တာ ထူးဆန်းလွန်းလှပါသည်။

တကယ်ဆို စွာ့ ခြေထောက်က အတော်သက်သာနေပါပြီ၊ သွားဖို့ ဆန္ဒသာရှိရင် သွားလို့ရနေတဲ့ အနေအထားပါ။



www.burmeseclassic.com

www.burmeseclassic.com



**ဒါပေမဲ့ ဦးလေး**ရဲ့ အိမ်ကနေ ထွက်မသွားနိုင်ဘဲ ဖြစ်နေတာ **မို့ စွာ့မှာ** ဆက်ပြီးတော့ နာနေရတာ။

ဘာကြောင့် ဒီလို ဖြစ်နေရတာလဲဆိုတာကို စွာ့ဘာသာပင် မသိတော့။ အပျိုစင်လေး စွာကတော့ ဦးလေးဒေါက်တာကို ရင်ခုန်ပြီး ဟောဒီအိမ်ထဲမှာ ပုန်းလျှိုးကွယ်လျှိုး နေနေရတာကိုပဲ သာယာနေမိတော့တာ။

ဒါပေမဲ့ အဲ့ဒါကို ဦးလေးဒေါက်တာ သိသွားမှာလည်း ရှက်မိပါရဲ့နော်။ စွာစွာက အိပ်မပျော်နိုင်ဘဲ တလူးလူးတလိမ့်လိမ့်နဲ့ ဖြစ်နေရတော့တာ။

ဦးလေးရယ်။

စွာစွာ အရင်က အချစ်ဆိုတာကို သိလည်းမသိ စိတ်လည်းမဝင်စားခဲ့ပါဘူး။ အခု ဦးလေးနဲ့တွေ့တော့မှပဲ စွာ့ရင်ထဲမှာ တုန်လှုပ်ပြီး အချစ်ဆိုတာကို ခံစားနေမိတာပါ။

ဒါကို ဦးလေးကတော့ သိမှာမဟုတ်ပါဘူးလေ။ စွာ့ကိုတောင် စိတ်ဝင်စားမှာမှ မဟုတ်ဘဲ၊ စွာ့လို ကောင်မလေးကို ဦးလေးက ချစ်ဖို့တော့ အဝေးကြီးပဲ ဖြစ်မှာ။

ဒီလိုလေး တွေးမိတာနဲ့ပဲ စွာက အော်ငိုချင်စိတ်တွေ ပေါက်လာရတော့တာ။





တစ်ဖက်အခန်းက လူးလိမ့်နေတဲ့အသံ၊ သက်ပြင်းချနေတဲ့ အသံတွေကို ကြားနေရတာမို့ ဒေါက်တာမြတ်နိုးမောင်က စိတ်ပူလာသည်။ ချာတိတ်မ ခြေထောက်တွေ ဘာတွေများ နာကျင်နေပြီလား။

သွားပြီး မေးဖို့တော့ သူက မရဲပါ။ တစ်မိုးအောက်မှာ နှစ်ယောက်တည်း နေနေတာတောင်မှ လွန်လှနေပါပြီ။ သူဘယ်လောက်တောင် ဟန်ဆောင်ထိန်းချုပ်ထားရတယ်ဆိုတာ သူ့ဘာသာသူ အသိဆုံးပါ။ ဒီအချိန်ကြီးကျမှ ချာတိတ်မရဲ့ အခန်းထဲကို သူ မဝင်ချင်ပါ။ တော်ကြာ သူ့စိတ်တွေ မထိန်းနိုင်ရင် အခက်ပါ။ လူဆိုတာ စိတ်ဆင်ရိုင်းကို အသိဉာဏ်ချွန်းနဲ့အုပ်ပြီး ထိန်းကျောင်းနေကြတာဆိုပေမယ့် တစ်ခါတစ်ရံမှာ လွတ်ထွက်တတ်တယ်လေ။

လွတ်ထွက်ပြီး အမှားတစ်ခု ကျူးလွန်လိုက်မိတာနဲ့ အဲ့ဒီအမှားရဲ့နောက်မှာ ပြန်လိုက်ပြီး ပြုပြင်ရမှာတွေက အများကြီးပါ။ အခုတောင် သူမလေးကို ဝှက်ထားပေးသလို ဖြစ်နေတာ သူ့အတွက် အမှားများ ဖြစ်နေပြီလား။

မထင်မှတ်ဘဲ ပြဿနာတွေ ဖြစ်လာခဲ့ရင် အခက်ပါ။ ဒါကြောင့် ရိုးရိုးသားသား စောင့်ရှောက်တာမျိုးပဲဖြစ်ဖို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ထိန်းသိမ်းစောင့်စည်းနေရတာ ဖြစ်သည်။ တကယ်လည်း ချာတိတ်မလေးအပေါ်မှာ သူ ရိုးသားချင်ပါသည်။ ဒါကြောင့်ပဲ သူမလေးကို သွားမကြည့်တော့ဘဲ သူက စာကို အတင်းကြိုးစားလို့ ဖတ်နေလိုက်မိတော့သည်။

မနက်ဖြန်ခါ ကျောင်းပိတ်သည်။ စောစောအိပ်ရာက ထစရာ မလိုပါ။ ဒီတော့ သူက စာဖတ်လိုက် အတွေးတွေ ရှက်လွင့်လိုက်နဲ့ ညဉ့်နက်အောင်ပဲ နေလိုက်မိတော့တာ။

ချာတိတ်မရယ်...၊ ကိုယ့်ဆီကို မင်းလေး ရောက်လာတာ ကိုယ့်အတွက်တော့ အချစ်ကို ရှာဖွေတွေ့ရှိတာပါပဲ။

သိမ်မွေ့သက်ထားဆိုတဲ့ နာမည်လေးနဲ့ စွာကျယ်ကျယ် ကောင်မလေးရယ်၊ အရမ်းကို ထူးဆန်းတာပဲကွာ၊ ဘယ်သူ့ကိုမှ မချစ်ခဲ့တဲ့ကိုယ်က ကလေးဆန်ဆန် စွာတိစွာတာနဲ့ နှော့တီးလေးကိုမှ ရင်ခုန်ပြီး ချစ်လိုက်မိသတဲ့။

အချစ်ကပဲ ဆန်းကြယ်တာလား၊ ကိုယ်ကပဲ ရူးသွပ်တာလား၊ မသိတော့ပါဘူးကွာ။ ဖတ်လက်စ စာအုပ်ကိုပိတ်ပြီး ဒေါက်တာမြတ်နိုးမောင်က စွာစွာလို့ သူမကိုယ်သူမ ပြောတတ်တဲ့ ကောင်မလေးရဲ့ အကြောင်းကို ပြုံးပြုံးကြီး စဉ်းစားနေမိတော့တာ။





မနက်ဖြန်ခါမှာ ဘာဖြစ်မယ်ဆိုတာ ကြိုမသိတဲ့ ဒေါက်တာမြတ်နိုးမောင်က အချစ်အကြောင်း စဉ်းစားစိတ်ကူးယဉ်ရင်း မကြာခင်မှာပဲ အိပ်ပျော်သွားရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မနက်မိုးလင်းတာနဲ့ နေ့စဉ်ထုတ် သတင်းစာတွေထဲ
မှာ လူပျောက်ကြော်ငြာက ပါလာပါတော့သည်။

**သမီး...**

**အမေ စိတ်ပူနေသည်။**

**အမြန်ဆက်သွယ်ပါ။**

**သွေးဆောင်ဖြားယောင်းထားသူကို အရေးယူမည်။**

**တွေ့ရှိအကြောင်းကြားပေးသူကို ထိုက်ထိုက်တန်တန်**
**ကျေးဇူးဆပ်ပါမည်။**

**(ဆက်သွယ်ရန်)**

**ဒေါ်သက်ထား**

**အမှတ် (......) ရန်ကုန်မြို့**





မြတ်စွာဘုရား။ ဒေါက်တာမြတ်နိုးမောင်က လန့်ဖျပ်
သွားရပါသည်။ မနက်စာအတွက် စားစရာထွက်ဝယ်ရင်း
လက်ဖက်ရည်ဆိုင်က သတင်းစာမှာ တွေ့ရတာပါ။

စွာစွာ့ဓာတ်ပုံကြီးနဲ့ လူပျောက်ကြော်ငြာကို တွေ့လိုက်
တာနဲ့ သူ့မှာ ခေါင်းကို ဆင်နင်းလိုက်သလိုမျိုး ခံစားလိုက်
ရပါတော့သည်။

"သတင်းစာတွေ ဂျာနယ်တွေ"

"လာဦး ချာတိတ်"

"ဘာယူမလဲ ဦးလေး၊ အီးဗီးနင်းစတားလား၊ ဖိုးယူး
ထူးလား မြန်မာတိုင်းမ်လား"

"ဒီနေ့ထုတ် မြန်မာ့အလင်းနဲ့ ကြေးမုံ"

ဂျာနယ်ရောင်းတဲ့ ချာတိတ်က စပ်ဖြဲဖြဲ ဖြစ်သွားသည်။

သတင်းစာနှစ်စောင်ဝယ်ပြီးတာနဲ့ သူက စားစရာ
ပေါက်စီတို့၊ နို့တို့၊ ကြက်ဥတို့ မြင်သမျှကို အမြန်ဆွဲဝယ်ပြီး
ပြန်လာခဲ့လိုက်ပါတော့သည်။ စွာစွာတို့ အိမ်ရှေ့ကနေ ကား
ဖြတ်မောင်းရတာတောင် ရင်ထဲမှာ မဝံ့မရဲနဲ့ပါ။

ကိုယ့်ဘာသာကိုယ် လိပ်ပြာလန့်နေမိသည်။ ရဲရဲဝံ့ဝံ့
တောင်လှည့်မကြည့်ရဲ။ အခုနေ သွားပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အိမ်မှာ ရှိနေပါတယ်" လို့ သတင်းသွာ ပေးရင် ဘာဖြစ်မလဲ။ အရေးပဲယူမလား၊ ကျေးဇူးပဲဆပ်မ လား၊ စဉ်းစားရ အတော်ခက်တဲ့ကိစ္စပါပဲ။

သူ့အဖြစ်က အခုမှပဲ ဘာလုပ်ရမှန်းမသိတော့ပါ။ အ အိမ်ပြန်ရောက်တော့ မရွှေချောလေးက ရေမိုးချိုးပြီး အဝတ် အစားလဲလို့ လန်းဆန်းတက်ကြွနေတော့တာ။ နုပျိုလန်းဆန်း တဲ့ အလှလေးကို ငေးကြည့်ချင်ဖပေမယ့် သူ့မှာ ထိန်းချုပ်စောင့် စည်းလို့ ထားရပြန်ပါသည်။

"ကဲ... မရွှေချော၊ ခင်ဗျားလေး မွေးတဲ့မီးကတော့ ကောင်းကောင်းလောင်နေပြီ"

မျက်နှာကြီး နီရဲနေတဲ့ ဦးလေးဒေါက်တာကို ကြည့် ပြီး စွာ့မှာ ဝမ်းနည်းသွားရတော့တာ။

"ရော့... ဒီမှာ ဖတ်ကြည့်၊ အခုလောက်ဆို မင်းဓာတ်ပုံ နဲ့ မင်းပျောက်နေတဲ့ သတင်းက မြန်မာပြည်အနှံ့အပြားမှာ ပျံ့နေလောက်ပြီ၊ ကိုယ်လည်း ရာဇဝတ်ကောင် ဖြစ်နေရပြီ"

"ရှင်..."

စွာစွာက ရုတ်တရက် နားမလည်နိုင်ဘဲ သတင်းစာ ကို ခပ်ကြောင်ကြောင်လေး ကြည့်နေမိတော့တာ။





"ဒီမှာ ဖတ်ကြည့်လေ"

ဦးလေးဒေါက်တာက သတင်းစာကို လှန်ပြလိုက်တော့ ကိုယ့်ဓာတ်ပုံကိုယ်တွေ့ပြီး စွာစွာက မျက်လုံးလေး သွားရတော့တာ။

ခပ်မြန်မြန်ဆွဲယူဖတ်ကြည့်လိုက်တော့ ပိုပြီး လန့်သွား ပါသည်။

"ဒုက္ခပါပဲ"

စွာစွာက ညည်းတော့ ဦးလေးက မျက်နှာတည်တည် ကြီးနဲ့ ပြောသည်။

"ဒုက္ခပါပဲ ဟုတ်လား၊ မင်းက ပါးစပ်ကပဲ ပြောနေ တာ တကယ် ဒုက္ခတွေ့နေတာက ငါကွ၊ ကဲ... ပြောပါဦး ခု ဘာလုပ်ရမလဲ"

စွာစွာက တုန်တုန်လှုပ်လှုပ်လေးနဲ့ အကြံပေးလိုက်မိ သည်။

"ဟို... ဟို... စွာစွာကို တွေ့တယ်ဆိုပြီး သတင်းပေး လိုက်ပါလားဟင်"

"ဘာလဲ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်တာကို မြင်အောင်လို့လား၊ မလုပ်ပါနဲ့ကွာ တော်ကြာ လက်ထိပ်နဲ့ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို... မ... မဟုတ်ပါဘူး၊ စွာစွာပြောတာက ဦးလေးရဲ့ အပြစ်မဖြစ်အောင်လို့လေ"

စွာက ဘာပြောရမှန်းမသိတော့ပါ။ ဦးလေးဒေါက်တာကို အားနာမိတာတော့ အမှန်ပါပဲ။ စွာစွာလည်း ဒီလောက်ကြီးဖြစ်မယ်လို့ ထင်ထားတာမှ မဟုတ်တာလေ။

အိမ်က ထွက်ပြေးတာတောင် အမေ နောင်တရသွားအောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ပေါ့။ အခုလိုကြီး စွာစွာလက်ခံထားတဲ့သူပါ ဒုက္ခရောက်ရမှာမျိုးဆိုရင် ထွက်ပြေးညကတည်းက ဦးလေးဒေါက်တာရဲ့ စကားကို နားထောင်ပြီး အိမ်ပြန်လိုက်မိမှာ။

"ကဲ... ကဲ စားစရာရှိတာ စားလိုက်ဦး မရွှေရော ပြီးမှ ဘာလုပ်မယ်ဆိုတာ ဆွေးနွေးကြတာပေါ့၊ ဖြစ်လာတော့ ဘာတတ်နိုင်မှာလဲကွာ၊ ကိုယ်ကလည်း မင်းနဲ့ရောပြီး ဉာဏ်နည်းခဲ့မိတာကိုး ခံရရုံပေါ့"

"ဦးလေးရယ်..."

စွာစွာ့ကို ဒီလောက်တောင် မပြောပါနဲ့ရှင်။ ဦးလေးရဲ့ စိမ်းကားတည်တင်းမှုတွေက စွာ့ နှလုံးသားကို နာကျင်စေပါတယ်။





စိတ်ချပါ၊ စွာ့အတွက်တော့ ဦးလေး ဒုက္ခမရောက်စေပါဘူး။

စွာစွာက မျက်ရည်လေးတွေ ဗိုးဗိုးပေါက်ပေါက်ကျရင်း စိတ်ထဲကနေ ပြောနေမိတော့တာ။ ပေါက်စီအရမ်းကြိုက်တာတောင် အခုတော့ စားလို့မဝင်ပါ။ လည်ချောင်းဝမှာ ဆို့နင်နေတော့တာ။

ဦးလေးရယ်...

ဒုက္ခတွေပေးတဲ့ ကောင်မလေးအဖြစ်နဲ့ စွာ့ကို ဦးလေးမုန်းနေပြီလား။ စွာစွာက ဦးလေးဒေါက်တာဆီက အချစ်ကို မျှော်လင့်နေမိတာပါ။ အခုတော့ အမုန်းတွေပဲ ရတော့မှာလားရှင်၊ စွာက တိတ်တိတ်လေး ကျိတ်ငိုနေမိပါတော့သည်။ စွာ့ရင်ထဲမှာ ဘယ်တုန်းကမှ မခံစားဖူးတဲ့ ဝေဒနာတွေ တနင့်တပိုးနဲ့ပါ။

ဒေါက်တာမြတ်နိုးမောင်ကလည်း ချော့ရင်ကောင်းမလား၊ မချော့ဘဲထားရမလားနဲ့ ဇဝေဇဝါ ဖြစ်နေရသည်။

သွားချော့ရင် ဖုံးကွယ်မျိုသိပ်ထားတဲ့ အချစ်တွေ ပွင့်အန်ထွက်ကုန်ရင်လည်း အခက်။

အို... ပွင့်ထွက်တော့ရော ဘာဖြစ်သေးလဲ၊ မထွက်တော့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခြေအနေမှာ ချစ်သူလေးဆီမှာ ချစ်ခွင့်တောင်းပြီးတော့
တစ်ခါထည်း ခိုးပြေးလိုက်ရင်ရောလို့ မိုက်မိုက်မဲမဲအတွေး
ကိုလည်း တွေးမိသေးသည်။

တကယ်တော့ ဒီလို မိုက်မဲဖို့ သူ့အသိဉာဏ်တွေက
ခွင့်မပြုတာ အမှန်ပါ။ သူမလေးကို တကယ်ချစ်လို့ လက်ထပ်
ချင်ရင်တောင် ပွဲလန့်တုန်း ဖျားခင်းတဲ့ပုံစံနဲ့တော့ မလုပ်ချင်
မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူချင်တာ ဖြစ်
သည်။ ဒီတော့ သူက သူမလေးကို အိမ်ထဲမှာတစ်ယောက်
တည်း ထားခဲ့ပြီးတော့ ခြံထဲမှာ ဆင်းထိုင်နေလိုက်မိတော့တာ

* * *



## အခန်း (၂၂)

မြေးကို လုံးဝ အသိမပေးဘဲ မန္တလေးကနေ လေယာဉ်
နဲ့လာခဲ့တဲ့ ဒေါ်ခင်ခင်သာက မနက်ကိုးနာရီခွဲတွင် ရန်ကုန်
လေဆိပ်ကို ရောက်သည်။

မန္တလေးက လာတာတောင် အကြောင်းမကြားဘဲနဲ့
ရန်ကုန်ရောက်မှတော့ လာကြိုဖို့အတွက်လည်း ခေါ်မနေတော့
ပါ။ အငှားကားနဲ့ပဲ လာလိုက်ပါတော့သည်။

ကားပေါ်မှာ ထိုင်စီးရင်း ပျင်းပျင်းရှိတာမို့ အသင့်ရှိ
နေတဲ့ သတင်းစာကို ဟိုလှန်ဒီလှန် ကောက်လှန်ရင်း နာရေး
သတင်း၊ မင်္ဂလာသတင်းတွေကို လျှောက်ဖတ်ကြည့်နေမိ
တော့တာ။

အဲ့ဒီအချိန်မှာ မိန်းမလှလေးတစ်ယောက်ရဲ့ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ လူပျောက်ကြော်ငြာကို တွေ့လိုက်ရတော့ ဒေါ်ခင်ခင်သာ စိတ်ဝင်တစား ဖတ်ကြည့်မိသည်။

နာမည်လေးက 'သိမ်မွေ့သက်ထား' တဲ့။ အသက်လေးကလည်း ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာကိုး။ ချောချောလှလှ နုနုငယ်ငယ်လေး အိမ်က ပျောက်သွားတာဆိုတော့ မိဘတွေခမျာ ဘယ်လောက်များ စိတ်ပူလိုက်မလဲလို့ ဒေါ်ခင်ခင်သာက စာနာထောက်ထားတဲ့ အတွေးကို တွေးနေမိတော့တာ။

လူငယ်တွေကလည်း ခက်လိုက်တာ။ မိဘကို မစာနာဘဲ ယောကျ်ားနောက် လိုက်ပြေးတာများလား၊ ဒီအရွယ်လေးကို ခိုးပြေးတာကလည်း သက်တူရွယ်တူပဲ ဖြစ်မှာပေါ့။

အခုလို သတင်းစာထဲကနေ ထည့်ကြော်ငြာပြီး လူသိရှင်ကြား ဖြစ်အောင်လုပ်ပြီးမှတော့ လင်နောက်လိုက်တာ ဖြစ်နေရင် ပြန်ခဲ့လို့ ရပါတော့မလား။ နူနူဝဲဝဲ ကောင်းကောင်းဆိုးဆိုး ပေးစားမှပဲ ဖြစ်တော့မှာပေါ့၊ ဘာကြောင့် သတင်းစာထဲ ထည့်ကြော်ငြာရတာလဲ မသိပါဘူး။

အင်းလေ မိဘဆိုတာက သားသမီးကို ယုံကြည်တတ်ကြတာဆိုတော့ သူတို့သမီး ယောကျ်ားနောက်လိုက်တာ မဖြစ်နိုင်ဘူးထင်ပြီး ကြော်ငြာတာပဲလား။





ကိုယ်နဲ့ဆိုင်တာလည်း မဟုတ်ပါပဲ ဒေါ်ခင်ခင်သာက အတွေးတွေ ကွန့်ပြီး ရင်တွေမောနေရတော့တာ။ ကြော်ငြာကို ထပ်ခါထပ်ခါ ဖတ်မိနေတော့သည်။ ဒီတော့မှ ကြော်ငြာထဲက လိပ်စာကို သတိထားမိသည်။ ကိုယ့်အိမ်လိပ်စာနဲ့ ကပ်လျက်ပါပဲလား။

သူက ခြံအမှတ် (၆) ဖြစ်သည်။ ဒေါ်ခင်ခင်သာက ခြံအမှတ် (၇) ပါ။ အိမ်နီးချင်းတွေပါပဲလား။

တွေးရင်းနဲ့ပဲ အိမ်ရှေ့ကို ရောက်လာပါတော့သည်။ ခြံအမှတ် (၆) ကိုလည်း ဒေါ်ခင်ခင်သာက လှည့်ကြည့်စပ်စု ဖြစ်ပါသည်။ ပန်းတွေစိုက်ထားတဲ့ ခြံကျယ်ကြီးပါ။ ခြံကြီးရဲ့ အလယ်မှာ သစ်သားအိမ်လှလှလေးကို တွေ့ရသည်။ အေးအေးချမ်းချမ်းလေးပါပဲ။

"အန်တီ ခြံထဲထိ ဝင်မလား"

"ဟာ... ရတယ် သား ရတယ်၊ ခြံထဲမဝင်ဘူး ဒီမှာပဲ ရပ်"

"ဟုတ်ကဲ့"

ဒေါ်ခင်ခင်သာက အဝတ်အစား သုံးစုံလောက်ပဲပါတဲ့ အိတ်ကလေးကိုဆွဲပြီး ခြံတံခါးကို ခပ်သာသာပဲ ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေးကတော့ အဘွားရောက်လာတာကို တွေ့ရှင်း အလန့်တကြားတွေ ဖြစ်ကုန်တော့မှာ။ မဟုတ်တာလုပ်ထား ကတော့လား ဟွန်း။

စိတ်ထဲကနေ ကြိမ်းမောင်းရင်းနဲ့ပဲ ဒေါ်ခင်ခင်သာက တိုက်ပုလေးရဲ့ရှေ့ကို ရောက်လာတော့တာ။ ကားရှိနေတာမို့ မြေးလေးရှိနေတာပဲလို့ သိလိုက်သည်။

ဧည့်ခန်းတံခါးက ပွင့်လို့။ ဒေါ်ခင်ခင်သာက အသံ မပေးဘဲနဲ့ အသာလေး ဝင်လာခဲ့လိုက်သည်။ တစ်အိမ်လုံး က တိတ်ဆိတ်နေတာပါ။ ဒီကလေး ဘာလုပ်နေပါလိမ့်လို့ တွေးနေစဉ်မှာပဲ မိန်းကလေးတစ်ယောက်ရဲ့ ငိုရှိုက်သံကို ကြားရပါတော့သည်။

"ဟင်..."

ဒေါ်ခင်ခင်သာက အလန့်တကြား။ အသံထွက်လာ နေတဲ့ အခန်းက တံခါးမဟတဟလေး ဖြစ်နေတာမို့ တွန်း ဖွင့်လိုက်တော့ ပိုပြီးတောင် အလန့်တကြား ဖြစ်သွားရပါ တော့သည်။

"ဘုရားရေ..."

ရင်ဘတ်ကိုဖိပြီး ဘာမှမပြောနိုင်တော့ပါ။ အခန်းထဲ





မှာ ထိုင်ငိုနေတဲ့ မိန်းကလေးကလည်း ဒေါ်ခင်ခင်သာကို မျက်လုံးအဝိုင်းသားလေးနဲ့ မော့ကြည့်ပါသည်။

ဒီတော့မှ သေသေချာချာ မှတ်မိလိုက်တော့တာ။ ဒါ... ဒါ သတင်းစာထဲက လူပျောက်ကြော်ငြာက ကောင်မလေးပဲ။

ဘုရား... ဘုရား မြေး ဒေါက်တာမြတ်နိုးမောင် ကတော့ ကိုယ့်ပညာ၊ ကိုယ့်ဂုဏ်သိက္ခာကိုမှ မထောက်ထား ဘဲ ဆယ့်ခုနစ်နှစ် သမီးလေးကို နိုးယူပေါင်းသင်းနေတာပဲ။ ဒါဆို မနေ့က ဖုန်းကိုင်တာလည်း ဒီကလေးမပဲပေါ့။

"ကလေးမ ကလေးမကို ဒေါက်တာမြတ်နိုးမောင်က အတင်း... အတင်း"

ကိုယ့်မြေးဆိုတော့ ဒီမေးခွန်းက အရမ်းရက်စက်ရာ ကျနေတာပါ။ မေးရတာတောင် ဆို့နင့်ရတာမို့ အဆုံးထိ မရောက်နိုင်ဘဲ မမေးရက်ဘဲ ထစ်ငေါ့ရပ်တန့်သွားရတော့ သည်။

စွာစွာက အလန့်တကြားလေး ဖြစ်သွားရတော့တာ။ ဘယ်က ဘယ်လိုရောက်လာမှန်းမသိရတဲ့ အဘွားကြီးတစ် ယောက်က ရုတ်တရက်ကြီး မေးလိုက်တာမို့ စွာစွာကလည်း ချက်ချင်းပဲ ပြန်ဖြေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ စွာ့ကြောင့် ဦးလေးဒေါက်တာကို ထိခိုက်မှာ စွာ တကယ်မလိုလားပါဘူး။

"မ... မဟုတ်ရပါဘူး၊ စွာစွာ့ကို အတင်းအကျပ် မဟုတ်ပါဘူး၊ စွာစွာဆန္ဒနဲ့ စွာ်စွာပါ၊ ဦးလေးဒေါက်တာမှာ ဘာအပြစ်မှ မရှိပါဘူး အဘွား"

ကြောက်ကြောက်လန့်လန့်နဲ့ စွာစွာက ပြောတော့ အဘွားကြီးက မျက်နှာက အေးစက်တင်းမာလာပြီး ဒေါသ တွေပါ ထွက်လာတာ တွေ့ရသည်။

ဒီလိုပုံစံကို တွေ့ရလေ၊ စွာက ဦးလေးအတွက် စိတ်ပူ ရလေ ဖြစ်သည်။ စိတ်ပူတော့ တုန်တုန်ယင်ယင်နဲ့ ရှင်းပြ ကာကွယ်မိပြန်ပါသည်။

"တကယ်ပြောတာပါ၊ ဦးလေးဒေါက်တာမှာ အပြစ် မရှိပါဘူး၊ စွာစွာ့ သဘောနဲ့ပါ"

"တော်... ကလေးမ ဒီအရွယ်နဲ့ ဒီအရွယ် ဘယ်သူ့ မှာ တာဝန်ရှိတယ်၊ ဘယ်သူ့မှာ အပြစ်ရှိတယ်ဆိုတာ အသိ သာကြီး၊ ဘယ်မလဲ မြတ်နိုးမောင်"

စွာက ပိုလန့်ရပါတော့သည်။





"စွာ... စွာ မညာပါဘူး အဘွားရယ်၊ စွာစွာ့ အပြစ် ပါ၊ အားလုံး စွာစွာ့ကြောင့်ပါ"

"တော်ပါတော့၊ ကာကွယ်ပေးမနေပါနဲ့၊ ဘယ်ရောက် နေလဲ မြတ်နိုးမောင်"

"ဟို... ဟို မသိပါဘူး"

"ကြည့်စမ်းပါဦး၊ သူများသားသမီးကို ဒီလိုပဲ ပစ်ထား ရသလား"

"ဟင်..."

"မတရားတာတော့ လုံးဝ သဘောမကျဘူးကွယ်"

"အို..."

ဘယ်သူမှန်းမသိတဲ့ အဘွားက ပြောချင်ရာတွေ စွတ် ပြောနေတော့တာ။

"မိန်းမခိုးပြီး ဒီလို ပေါ့ပေါ့တန်တန် လုပ်နေလို့ရမလား၊ အခု မိန်းကလေးရှင်ဘက်က သတင်းစာထဲမှာ ကြော်ငြာ နေပြီ"

"ဟာ..."

"မြတ်နိုးမောင်"

စွာစွာ ဘာမှမတတ်နိုင်တော့ပါ။ အဘွားက အထင်လွဲ



www.burmeseclassic.com

www.burmeseclassic.com



ဦး ပြောချင်ရာတွေ ပြောနေသည်။ စွာစွာမှာလည်း ကြား ဝင်ပြီး မပြောရဲ၊ တကယ် အလန့်တကြားလေးနဲ့ပဲ ရင်ထိတ် နေရပါတော့သည်။

"မြတ်နိုးမောင်"

ဟာ... ဘွားဘွား အသံပဲ။ ဒေါက်တာမြတ်နိုးမောင် က ဆတ်ခနဲ တုန်သွားတဲ့အထိ အလန့်တကြား ဖြစ်သွား ရတော့တာ။

ဘုရား... ဘုရား။ ဘွားဘွားရောက်လာပြီပဲ၊ ခြံနောက် ဘက်မှာ ထိုင်နေတာမို့ သူ မမြင်မိတာပါ။ အခုတော့ အိမ်ထဲ ကို အပြေးအလွှား ဝင်လာခဲ့ရပါတော့သည်။

"ဟာ... ဘွားဘွား ဘယ်တုံးကရောက်တာလဲ"

ဘွားဘွားရဲ့ မျက်နှာက နီရဲပြီး ဒေါသတွေ ပြည့်လျှံ နေတာမို့ သူ့မှာ စိတ်ပူသွားရပြန်ပါသည်။ တော်ကြာ သွေး တိုးပြီး ဒုက္ခရောက်သွားမှာစိုးလို့ပါ။

"အခုပဲ ရောက်တယ်၊ မင်း ဘာတွေလုပ်ထားတယ် ဆိုတာ သိချင်လို့ တိတ်တိတ်လေး လာခဲ့တာ၊ အခုတော့ ဘွားဘွား ထင်ထားတာထက်တောင် အခြေအနေက ဆိုးနေပါ ရောလား"





"ဟာ... ဘွားဘွား၊ ဘာ... ဘာမှမဟုတ်ပါဘူး၊ ကျွန်တော် ရှင်းပြ"

သူ့ကို ဘွားဘွားက စကားပြောခွင့်မပေးပါ။

"တော်... ဘာလဲ ကောင်မလေးရဲ့ အပြစ်ပါလို့ ပြော မလို့လား ဘာမှပြောမနေနဲ့၊ ယောကျ်ားဆိုတာ ကိုယ့်တာဝန် ကိုယ်ယူရဲရတယ်"

"အဲ..."

သူ ဘာပြောရမှန်း မသိတော့ပါ။ ဘွားဘွားကတော့ ခွတ်တင်နေလေပြီ။

"ကလေးမက မင်းမှာ အပြစ်မရှိပါဘူးတဲ့၊ သူ့ဆန္ဒ နဲ့သူ မင်းနောက်ကို လိုက်လာတာပါတဲ့၊ မင်းကို ကာကွယ် ရှာတယ်"

"ဟာ... ဘွားဘွား"

"ပါးစပ်ပိတ်ထား မြတ်နိုးမောင်၊ မင်းကွာ ဒီလောက် ငယ်သေးတဲ့ ကလေးကိုမှ ခိုးယူပေါင်းသင်းရသတဲ့လား၊ မင်းရဲ့ ဂုဏ်သိက္ခာတွေ ဘယ်ရောက်ကုန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကတော့ ကမ္ဘာတောင် ပျက်နိုင်တဲ့ ပြဿနာပါ။ ချာတိတ်မကို ကြည့်လိုက်တော့ ငိုနေပါသည်။ ဒေါက်တာမြတ်နိုးမောင်က ဘာမှမပြောတတ်ဘဲ ငြိမ်နေရတော့တာ။

အင်းလေ၊ ဘယ်သူကရော ဘာမှမဟုတ်ဘူးလို့ ပြောတာကို ယုံမှာတဲ့လဲ။ သူ ဝင်ပြောနေရင် ဘွားဘွား ပိုပြီး စိတ်တိုတော့မှာပါ။

"အခု သတင်းစာထဲမှာ ကြော်ငြာတွေ တွေ့ပြီးပြီလား"

ဒေါက်တာမြတ်နိုးမောင်က အယောင်ယောင်အမှားများနဲ့ ခေါင်းညိတ်လိုက်မိတော့တာ။

"ကဲ... ကလေးမကို ချော့လိုက်ဦး၊ လက်လွှတ်စပယ် ပစ်ထားရတယ်လို့ သူ့မိဘတွေဆီ ခုပဲ သွားမှဖြစ်မှာ"

"ဘွားဘွား"

"ဘာမှမရှည်နဲ့၊ ဖြစ်ပြီးမှတော့ မိန်းကလေးရှင်ဘက်က ကျေနပ်အောင် တောင်းပန်ရတော့မှာပေါ့"

ပြောပြီးတာနဲ့ ဘွားဘွားက ဘောက်ဆတ်ဆတ်နဲ့ ထွက်သွားတော့တာ။





"ဟာ... ဒုက္ခပါပဲကွာ၊ မင်း ဘွားဘွားကို ဘာတွေ ပြောလိုက်လဲ"

အဘွားထွက်သွားတာနဲ့ ဦးလေး ဒေါက်တာရဲ့အသံကြီးက ဟိန်းသွားလေတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"စွာစွာ... စွာစွာ ပြောတာက ဦးလေးဆီမှာ အပြစ် မရှိပါဘူး၊ စွာစွာ့ဘာသာ ဒီမှာနေတာပါလို့၊ ဒါပေမဲ့... ဒါပေမဲ့"

"ဟာကွာ ဒုက္ခတော့ ရောက်ပါပြီ၊ ဘွားဘွားက အခု ချာတိတ်ရဲ့အိမ်ကို သွားပြီကွ"

"ဟင်... သတင်းသွားပေးမှာလား"

"ဟုတ်မလားကွာ၊ ကိုယ်နဲ့မင်းကို လက်ထပ်ဖို့အတွက် သွားပြောပြီး တောင်းပန်မှာက မင်းကို ငါ ခိုးလာတာလို့ ငါ့အဘွားက ထင်သွားတဲ့ဟာ"

"စွာစွာ အဲ့ဒီလိုပြောတာ မဟုတ်ပါဘူး ဦးလေးရယ် အဘွားက အထင်မှားသွားတာပါ"





စွာက ပျာပျာသလဲ ရှင်းပြမိတော့တာ။

"အေး... အခုပြောနေလို့ရော ဘာထူးတော့မှာလဲကွာ၊ အပျက်အပျက်နဲ့ မင်းနဲ့ကိုယ် လက်ထပ်ရရင်တော့ ဒုက္ခပဲ ချာတိတ်ရေ၊ မင်းကို ကိုယ် မချစ်ဘူး"

မချစ်ဘူးတဲ့။

ဦးလေးဒေါက်တာရယ်၊ ဒီစကားကို ဒီလောက် လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန် ပြောထွက်လိုက်တာနော်၊ စွာစွာ့ကို ဘာဖြစ်လို့ အညှာအတာမရှိရတာလဲ။ စွာစွာ့ရင်ထဲက ခံစားချက်တွေကို ဦးလေး တကယ်ပဲ မမြင်တာလား။

စွာက ဝမ်းနည်းလွန်းလို့ မငိုမိအောင် အံကြိတ်ထားလိုက်မိတော့တာ။ အံကြိတ်တင်းခံထားတာမို့ မျက်ရည်တွေတော့ ကျမလာပါ။ ရှိုက်သံတွေကတော့ ထွက်ကျလာပါသည်။

ကလေးရယ်၊ ဒေါက်တာမြတ်နိုးမောင်က သူမလေးရဲ့ ပခုံးလေးကို ပွေ့ပိုက်မိတော့မလို ဖြစ်သွားတဲ့စိတ်ကို မနည်းကြီး ထိန်းချုပ်ထားရတော့တာ။

တကယ်ဆို သူ့ရင်ထဲက အချစ်တွေ ပွင့်ထွက်ချင်နေပါပြီ။ ဒါပေမဲ့ အချိန်မကျသေးတဲ့အတွက် သူက အောင့်



www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။ အခုနေ သူက ထွေးပွေ့ပြီး...

"ကလေးကို ချစ်မိပါပြီ"

"စတွေ့ကတည်းက ချစ်မိတာပါ"

"ချစ်လွန်းလို့ပဲ ကူညီတာပါ ကလေးရယ်" ဆိုတဲ့ စကားတွေကို ပြောလိုက်တာနဲ့ ချာတိတ်မက ဆန့်ကျင်ဘက်တွေ ထလုပ်ပစ်ရင် မခက်ဘူးလား။

ဒီတော့ လက်ထပ်ပြီးမှပဲ ချစ်တဲ့အကြောင်း ပြောမှဖြစ်တော့မှာ၊ အခုတော့ တင်းလက်စနဲ့ တင်းထားရပါလိမ့်မည်။

"ဦးလေး"

"ပြော..."

"စွာစွာ အခုပဲ လိုက်သွားပြီး ဦးလေးနဲ့ စွာစွာနဲ့ ဘာမှမဟုတ်တဲ့အကြောင်း သွားပြောပေးပါ့မယ်"

ဒီလိုဆိုတော့လည်း ဒေါက်တာမြတ်နိုးမောင်က အထိတ်တလန့် ဖြစ်ရပြန်ပါသည်။

ချာတိတ်မက ပြောသလိုလုပ်မယ့် ပုံစံမျိုးပါ။ ဒီတော့ သူက ခပ်မြန်မြန်ပဲ တားရပြန်ပါသည်။

"မင်း သွားပြောလို့ ဘယ်သူက ယုံမှာလဲ ချာတိတ်၊





အခု ကိုယ့်အဘွားအရင်းကတောင် မယုံဘူးလေ၊ ကိုယ့်ရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို သေသေချာချာ သိထားတဲ့ ကိုယ့်အဘွားကိုယ်တိုင်တောင် မင်းရောက်နေတဲ့ ကိစ္စကို ရိုးရိုးသားသားပါလို့ မယုံတာ တခြားလူတွေက ဘယ်လို ယုံနိုင်မှာတဲ့လဲ"

"စွာစွာ ယုံအောင်ရှင်းပြပေးပါ့မယ်"

"ရှင်းပြမှပဲ ကိုယ့်ကို ပိုပြီး အပြစ်တင်မှာပေါ့၊ မယုံတဲ့အပြင် တာဝန်မယူချင်တဲ့ ယောကျ်ားလို့ ပြောကြမှာပေါ့"

"ဦးလေးရယ်..."

"ကဲ... ထားပါ၊ အဲဒါက ကိုယ့်ကို သူများတွေက မယုံကိစ္စ အရေးမကြီးသေးဘူး။ မင်းကိစ္စကတော့ ဘဝနဲ့ ဆိုင်သွားပြီး ချာတိတ်၊ အခု မင်း ပျောက်သွားတဲ့ကိစ္စက ရပ်သိရွာသိ အားလုံး သိသွားပြီ၊ အဲဒီအချိန်မှာမှ ဘွားတေးဆိုပြီး မင်းပြန်ရောက်သွားမယ်၊ ကိုယ်နဲ့ တစ်အိမ်ထဲမှာ နှစ်ညရှိနေခဲ့တာကို ရိုးရိုးသားသားပါလို့ ပြောမယ်၊ ကဲ... ဘယ်သူ ယုံမလဲ၊ မင်းဘဝလေးပဲ ထိခိုက်ရတော့မှာပေါ့"

"စွာစွာ ဘာလုပ်ရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်မလဲ၊ မင်းနဲ့ကိုယ် ကံစီမံရာပေါ့ကွာ။ ဘာလဲ မင်းဆီမှာ ရည်းစားတွေ ဘာတွေ ညာတွေ ရှိနေလို့လား"

"မ... မရှိပါဘူး"

သူက ခပ်မြန်မြန်ဖြေလိုက်တဲ့ သူမလေးရဲ့ အဖြေကြောင့် စိတ်ထဲကနေ ပြုံးလိုက်မိပါသည်။

သူ သိတာပေါ့။ စွာစွာဆိုတဲ့ ကောင်မလေးကို သူ ဖမ်းစားလိုက်နိုင်ပါပြီ။ ဒါကလည်း သူ့ရဲ့ နည်းဗျူဟာမှန်လို့ပါ။ အစကတည်းက အောက်ကျို့ပြီး အရေးပေး အလိုလိုက် ချိုသာခဲ့ရင် ဒီလောက်မြန်မြန်ကြီး ကလေးမကို ဖမ်းစားနိုင်မည် မထင်ပါ။

ဒေါက်တာမြတ်နိုးမောင်က ပျော်လွန်းလို့ ရင်ခုန်သံတွေ ဆူညံကျယ်လောင်နေရပါတော့သည်။

စွာစွာကရော၊ စွာစွာ့မှာလည်း ရင်ဖိုလို့ပါ။ ဦးလေး ဒေါက်တာက စွာ့ကို 'မချစ်ဘူးတဲ့' ဒါပေမဲ့ စွာကတော့ ဦးလေးကို ချစ်တယ်။

ဦးလေးရယ်၊ စွာစွာ ဘယ်သူ့ကိုမှ မချစ်ဖူးဘူး။ ရင်





လည်း မခုန်ဖူးဘူး၊ စိတ်လည်း မဝင်စားဖူးဘူး၊ အဲ့ဒါတွေ အားလုံး ဦးလေးနဲ့ တွေ့မှပဲ ခံစားရတာပါ။

ဦးလေးက စွာ့ကို ချစ်ချစ်၊ မချစ်ချစ် စွာကတော့ ဦးလေးကို ချစ်တယ်၊ အခု ကံတရားက ဦးလေးနဲ့ လက်ထပ်ဖို့ ဖန်တီးလိုက်ပြီ၊ အဲ့ဒီအတွက် စွာစွာ ကျေနပ်ပါတယ် ဦးလေးရယ်။

ဦးလေးက စွာ့ကို ထားခဲ့ပြီး ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတာပါ။ စောစောကဟာ ဦးလေးရဲ့ အဘွားတဲ့။ အခု အဘွားက အမေ့ဆီကို သွားနေပြီ။

ဘာတွေဖြစ်လာမလဲ။ ဘာပဲဖြစ်ဖြစ် စွာစွာကတော့ ဦးလေးနဲ့ မခွဲချင်ပါဘူးရှင့်။

ထိုအချိန်တွင် ဒေါ်ခင်ခင်သာက တစ်ဖက်ခြံထဲကို ရောက်သွားပါပြီ။

"ကလေးရေ ဒေါ်သက်ထားနဲ့ တွေ့ချင်လို့ကွယ်"

ရေပိုက်နဲ့ ပန်းပင်တွေကို ရေလောင်းနေတဲ့ အသက် ဆယ့်လေး ဆယ့်ငါးနှစ်လောက်ရှိမယ့် ကောင်လေးကို ပြောလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အမေရှိပါတယ်၊ လာပါ အဘွား၊ အိမ်ထဲကို ကြွပါ"

ကလေးက ရည်ရည်မွန်မွန် သွက်သွက်လက်လက်ရှိသလို ယဉ်ကျေးသိမ်မွေ့သည်။

ဒေါ်ခင်ခင်သာက ကိုယ့်မြေး ကြီးကောင်ကြီးမားနဲ့ မိုက်တွင်းနက်ထားတာမို့ ပြောစရာစကားလုံးတွေကို ရှာဖွေစဉ်းစားနေရတော့တာ။

"အမေ ညည့်သည်လာတယ်"

အဲ့ဒီအချိန်မှာပဲ အသက်လေးဆယ်ဝန်းကျင် ချောချောလှလှ အမျိုးသမီးတစ်ယောက် ထွက်လာတာကို တွေ့ရသည်။

"ဒေါ်သက်ထားဆိုတာ..."

ဒေါ်ခင်ခင်သာက ဇဝေဇဝါနဲ့ မေးမိတာပါ။ အရမ်းငယ်နေတာကိုး။ ငယ်ရုံတင်မက လှလည်းအရမ်းလှနေသည်။

သေသေချာချာ ကြည့်တော့ အိမ်မှာ ရောက်နေတဲ့ ကလေးမလေးနဲ့လည်း အရမ်းတူနေပါသည်။

"ဟုတ်ကဲ့၊ အန်တီ လာပါ၊ ထိုင်ပါရှင်"

သန့်ရှင်းသပ်ရပ်ပြီး ရိုးရှင်းတဲ့ အခန်းအပြင်အဆင်ကို





တစ်ချက်ဝေ့ကြည့်ပြီး ဒေါ်ခင်ခင်သာက ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပါသည်။ စကားစဖို့ **အတော့်ကို ခက်ခဲနေတာ။**

"အန်တီက ဒေါ်ခင်ခင်သာပါ"

"ဟုတ်ကဲ့၊ ကျွန်မနာမည် သက်ထားပါ၊ အန်တီ ဟိုအန်တီရဲ့ လာရင်းကိစ္စက"

"အင်း... ပြောရမှာတော့၊ သားရေးသမီးရေး ကိစ္စပါကွယ်"

"ရှင်..."

"နှင်းနဲ့မနာ ဖရဲနဲ့ နာဆိုသလိုပေါ့၊ မသက်ထားရဲ့ သမီးလေးနဲ့ အန်တီ့ရဲ့မြေး ဒေါက်တာမြတ်နိုးမောင်တို့က တစ်ယောက်ကိုတစ်ယောက် ချစ်ခင်နှစ်သက်ပြီး"

"ဟင်... သမီး... ဘာမှမဖြစ်ပါဘူးနော်၊ အခု ဘယ်မှာလဲ အန်တီ၊ ကျွန်မ... ကျွန်မ အရမ်းစိတ်ပူနေရတာပါ အန်တီရယ်"

"ရှိပါတယ် မသက်ထားရယ်"

ဒေါ်သက်ထားရဲ့ ရင်ထဲမှာ ငလျှင်လှုပ်ခါသွားရသည်။ ဩော်... သမီးက ယောက်ျားနောက် လိုက်ပြေးသွားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အရွဲ့တိုက်တတ်တဲ့ ဗွာစွာရဲ့ စရိုက်နဲ့ တစ်ခွတ်ထိုးလုပ်တတ်တဲ့ အကျင့်တွေကို သိနေတာမို့ ဘာမှ မအံ့သြတော့ပါ။

ဒေါ်ခင်ခင်သာဆိုတဲ့ အမျိုးသမီးကြီးရဲ့ ပုံစံကတော့ အထက်တန်းစားပုံစံပါ။ ရုပ်ရည်က သန့်ပြန့်သလို ဝတ်စားထားတာကလည်း အထက်တန်းကျပါသည်။ နားမှာပန်ထားတဲ့ စိန်နားကပ်ကြီးရဲ့ တန်ဖိုးကတော့ငါ နည်းတာမဟုတ်။

ထူးဆန်းတာက ကားနဲ့မလာ တစ်ယောက်တည်း လမ်းလျှောက်လာတာပါ။

"အန်တီက ဟိုဘက်ခြံကပါကွယ်"

"ရှင်... တစ်ခါမှ မမြင်ဖူးဘူးနော်"

"အန်တီက မန္တလေးမှာ နေတာပါ။ ဒီခြံနဲ့ အိမ်ကို ဝယ်ထားတာ ကြာပေမယ့် မနေဖြစ်ခဲ့ပါဘူး၊ အခုမှ အန်တီ့ရဲ့ မြေး ဒေါက်တာမြတ်နိုးမောင်က လာနေတာပါ။ ဒါနဲ့ပ ဒီက သမီးနဲ့"

"ဪ... ကျွန်မတို့က ညံ့တာပါ အန်တီရယ်၊ သမီးဆီမှာ ချစ်သူရှိနေတာ လုံးဝကို မရိပ်မိခဲ့ပါဘူး၊ သမီးက ခုမှ ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာ၊ ပြီးတော့ အိမ်မှာ မကျေနပ်





စရာ ကိစ္စတစ်ခုဖြစ်ပြီး သမီးက ထွက်သွားတာဆိုတော့ ချစ်သူနောက် လိုက်သွားတာလို့ လုံးဝ မထင်မိခဲ့ပါဘူး၊ သမီးကလည်း စာရေးခဲ့တဲ့အထဲမှာ ချစ်သူနောက် လိုက်သွားပါပြီလို့ လုံးဝ မရေးခဲ့ဘူးရှင်"

သမီးနဲ့ ရည်ငံတဲ့သူက ဆရာဝန်ဆိုတာရယ်၊ အခြေအနေမဲ့ မဟုတ်ဘူးဆိုတာရယ်ကို သိရတော့ ဒေါ်သက်ထားက စိတ်အေးသလို ရှိသွားရပါသည်။

ပြီးတော့ ယောကျ်ားလေးရှင်ဘက်က လိုလိုချင်ချင် မဟုတ်လား။ ကိုယ့်တုန်းကဆို ယောကျ်ားလေးဘက်ကို လိုက်သွားပြီး မျက်နှာငယ်လိုက်ရတာ။

တောင်းပန်ခယလိုက်ရတာ၊ ဒါတောင်မှ ယောကျ်ားလေးရှင်ဘက်က မယုံသင်္ကာနဲ့ကြည့်ပြီး ရက်စက်ခဲ့လို့ အဖေမပေါ်တဲ့ကလေးကို မွေးရတော့မလိုတောင် ဖြစ်ခဲ့ရတာပါ။

တယ်တင့်ရှင် ခင်မွန်းသည်ကြောင့်သာ ကိုယ့်ဘဝလေး အခုလို အခြေအနေနဲ့ ရပ်တည်နိုင်ခဲ့တာ မဟုတ်လား။

ဒါကို စိတ်မနာနိုင်ဘဲ ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားနဲ့ ပြန်ပြီး ဆက်ဆံခဲ့တာကိုက ကိုယ့်ရဲ့ အမှားပါ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့ တောင်းပန်ပါတယ်ကွယ်၊ မသက်ထားရဲ့ သမီးလေး အရမ်းငယ်သေးတာကို အန်တီ စာနာပါတယ်၊ ဖြစ်ပြီးမှဆိုတော့လည်း နားလည်လက်ခံပေးပါ။ အန်တီ့မြေးကလည်း ဟော့ဟော့ရမ်းရမ်း မဟုတ်ပါဘူးကွယ်၊ ဆရာဝန် တစ်ယောက်ပါ၊ ပြီး ဆေးတက္ကသိုလ်မှာ ဆရာပါ"

"သမီးကို မန္တလေးကို ခိုးလာတာလား အန်တီ"

"မဟုတ်ပါဘူး"

"ရှင်..."

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အန်တီလည်း ဘာမှ မသိပါဘူးကွယ်၊ မြေးက ရန်ကုန်ဆေးတက္ကသိုလ်မှာ တာဝန်ကျတော့ ဒီအိမ်မှာ တစ်ယောက်တည်းနေတယ်လေ၊ နေတာလည်း တစ်ပတ်လောက်ပဲ ရှိဦးမှာပါ။ မနေ့က ဖုန်းဆက်တော့ ကလေးမတစ်ယောက် ဖုန်းလာကိုင်တယ်၊ စကားပြောတော့လည်း ကြောက်ကြောက်ရွံ့ရွံ့ ထစ်ထစ်ငေါ့ငေါ့နဲ့လေ၊ ပြီးတော့ ဘာမှမပြောဘဲ ဖုန်းချသွားတာ"

"ပြောပါဦး အန်တီရယ်"

"ဒါကြောင့် စိတ်ထဲမှာ မသက်ာလို့ ဒီမနက်လေယာဉ်





နဲ့ လိုက်လာခဲ့တာ၊ အခုပဲ ရောက်တယ်"

"သြော်..."

"ကားပေါ်မှာ သတင်းစာဖတ်ရင်း မသက်ထားထည့်ထားတဲ့ လူပျောက်ကြော်ငြာကို တွေ့ပြီး စိတ်တောင်ပူပေးနေမိသေးတာ၊ ဒီအရွယ်ချောချောလှလှလေး မသူတော် လူရမ်းကားတွေနဲ့ မတွေ့ပါစေနဲ့လို့လေ၊ မပြောချင်တော့ပါဘူးကွယ်၊ အိမ်ရောက်တာနဲ့ပဲ ဒီကလေးမ ကိုယ့်အိမ်ရောက်နေတာကို တွေ့လိုက်ရတာ။ ဒါကြောင့် နားတောင်မနားဘဲ တာပြောပြရတာပါကွယ်၊ မိဘတွေအနေနဲ့ ဘယ်လောက်စိတ်ပူနေမယ်ဆိုတာကို အန်တီ စာနာလို့ပါ"

ဒေါ်ခင်ခင်သာက ဒီလောက် ယဉ်ကျေးနေမှတော့ ဘာမှ မပြောတတ်တော့။

ဒီအခြေအနေရောက်မှ ကျွန်မ သမီးက ငယ်သေးတယ် ဆိုပြီး ပြန်ခေါ်လို့ရော သမီးရွှာရွှာက ပြန်လာမှာတဲ့လား။

ဒီတော့ အဆင်ပြေပြေ ဆက်ဆံတာပဲ အကောင်းဆုံး ဖြစ်မှာပါ။ နောက်တစ်ခုက ဒေါ်သက်ထားရဲ့ စိတ်ထဲမှာ ဒေါ်ခင်ခင်သာအပေါ် ရင်းနှီးနွေးထွေးပြီး ဆက်ဆံပြောဆိုနေရ



www.burmeseclassic.com

www.burmeseclassic.com



ကာလည်း သက်သောင့်သက်သာ ရှိလှန်းလှပါသည်။

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတဲ့ စကားအတိုင်းပါပဲ။ ဒေါ်ခင်ခင်သာကလည်း 'သက်ထား' ဆိုတဲ့ မိန်းကလေးကို စကားပြောရင်း ဆွေးသားရင်းချာလို ခင်မင်နွေးထွေးနေမိပါသည်။

မြေးကို ဒီမိသားစုလေးနဲ့ ဆွေမျိုးတော်ပေးရမှာကိုလည်း စိတ်ထဲမှာ သဘောကျသွားပါသည်။

"ကျေးဇူးတင်ပါတယ် အန်တီရယ်၊ ယဉ်ကျေးသိမ်မွေ့ပြီး စာနာထောက်ထားတတ်တဲ့ မိသားစုနဲ့ သမီးလေး ရေစက်ဆုံတာကိုပဲ စိတ်အေးရပါတယ်"

"မသက်ထားရယ် မသက်ထားက ဒီလိုပြောတော့ အန်တီမှာ အနေရခက်မိတယ်ကွယ်၊ တကယ်ဆို အန်တီ့မြေးက အသက်လည်းကြီး၊ ပညာလည်း ပိုတတ်တာ မဟုတ်လား။ သူများသားသမီးကို မိဘတွေမသိအောင် ခိုးယူတယ်ဆိုတာ ဘယ်လောက် အပြစ်ကြီးထားသလဲကွယ်၊ ဒါကို သူ သိရမှာပေါ့။ ဒီလိုမျိုးလုပ်မယ့်အစား အန်တီ့ကို ဖွင့်ပြောပြီး တောင်းရမ်းခိုင်းရင် ရတာပဲဟာ"





ကိုယ့်ဘက်က လွန်တာကို ဒေါ်ခင်ခင်သာက လွန်တဲ့အကြောင်း ဝန်ခံရတာပါ။

ကိုယ်က မှားနေရက်နဲ့ လူတစ်ဖက်သားကို ခေါင်းငုံ့တက်ပြီး ပြောလို့ဖြစ်မှာတဲ့လား။ တစ်ဖက်က ပြန်ပြီး အားနာရအောင်ကို ကိုယ့်အပြစ်ကိုယ် ဝန်ခံရမှာ' ဖြစ်သည်။

"ဩော်... အန်တီ့မြေးကိုချည်း အပြစ်မတင်ပါနဲ့၊ ကျွန်မသမီးက အင်မတန် ခေါင်းမာပြီး တစ်ခွတ်ထိုး လုပ်တတ်တဲ့ ကလေးပါရှင်၊ သူ့စရိုက်ကို သိနေတော့ တစ်ဖက်သားကို အပြစ်တင်ရမှာ အားနာပါတယ်"

"မသက်ထားရယ် ဖြစ်သွားပြီဆိုတော့ မင်္ဂလာကိစ္စအတွက်ပဲ တိုင်ပင်စီစဉ်ကြတာပေါ့နော်။ အန်တီတို့ဘက်က မသက်ထား ဖြစ်စေချင်တာ အားလုံး လုပ်ပေးပါ့မယ်၊ ဒီမြေးဟာ အန်တီ့ရဲ့ အမွေစား အမွေခံသားဆိုရင်လည်း မမှားပါဘူးကွယ်"

"အန်တီ့ သဘောပါ"

"ကဲ... ဒါဆို သမီးလေးကို လိုက်တွေ့မလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်သာက ခုမှပဲ သက်ပြင်းချနိုင်ပါတော့သည်။ မိန်းကလေးဘက်က အေးအေးဆေးဆေး လက်ခံသွားပြီ မဟုတ်လား။

*   *   *



## အခန်း (၂၄)

ဒေါ်ခင်ခင်သာနဲ့ အတူလိုက်သွားဖို့ ဟန်ပြင်ပြီးမှ သမီးစွာစွာရဲ့ စိတ်ထားနဲ့စရိုက်ကို သိနေတဲ့ ဒေါ်သက်ထားက ချက်ချင်းပဲ အစီအစဉ် ပြောင်းလိုက်ပါသည်။

"ကျွန်မ ချက်ချင်း လိုက်မတွေ့ဘူး အန်တီရေ၊ အမေကို စိတ်ဆင်းရဲအောင်လုပ်တဲ့ သမီးကို စိတ်ဆိုးရလိမ့်မယ်၊ အလွယ်တကူ လက်ခံလိုက်တာနဲ့ ကျွန်မရဲ့ စိုးရိမ်သောကကို သူ သိပ်မသိဘဲ ဖြစ်သွားလိမ့်မယ်"

"မသက်ထား သဘောပါကွယ်"

"ကျွန်မ သူ့အဒေါ်ကို ထည့်ပေးလိုက်မယ်နော်"

"ကောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြည်ရေ"

"လာပြီ… လာပြီ"

ယောက်မဖြစ်သူက ခန်းစည်းနောက်ကနေ စကားပြော နေတာကို နားထောင်နေတာမို့ ချက်ချင်းပဲ ရောက်လာတော့ တာ။

"ဒီမှာ မမကြည်ရေ၊ စွာစွာကတော့ ယောကျ်ားနောက် လိုက်ပြေးတာတဲ့လေ"

"မမကြည် အားလုံးကြားပြီးပါပြီကွယ်"

"မမကြည်ရဲ့ တူမကို မမကြည်ပဲ သွားတွေ့လိုက်နော်၊ ပြီးတော့ ကျွန်မ အရမ်း စိတ်ဆိုးနေတယ်လို့သာ ပြောလိုက် ပါ"

"မမကြည် သိတယ်နော်၊ အန်တီရေ ဒီကလေးက အလွယ်တကူ လက်ခံပေးလိုက်တာနဲ့ ထင်ရာတွေ စိုင်းချင် နိုင်းမှာ ဒါကြောင့် အခုလို ပြောရတာပါ"

သဘောပေါက်လွယ်တဲ့ ဒေါ်ခင်ခင်သာက ဝင်ပြော သည်။

"အန်တီ သဘောပေါက်တယ်၊ စိတ်ချ မသက်ထား





ဆီက သဘောတူမယ်ဆိုတဲ့ ကိစ္စကို အန်တီလည်း မပြောပြ ပါဘူး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီရယ်"

"အန်တီက ကျေးဇူးတင်ရမှာပါ"

မမကြည်နဲ့ ဒေါ်ခင်ခင်သာတို့ ထွက်သွားတော့မှပဲ ဒေါ်သက်ထားက ငိုမိပါတော့သည်။ သမီးစွာစွာကို ယောကျ်ား ပေးစားရတော့မှာမို့ နှမြောလွန်းလို့ပါ။

ဒီလိုမျိုးကြီး စွာစွာ ရုတ်တရက် လုပ်ချသွားတာလဲ ကိုယ့်အပြစ်ပါပဲ။ သမီးလေး မသူတော်တွေ လူရမ်းကားတွေ ရဲ့ နောက်ကို ပါမသွားတာပဲ တော်ပါသေးသည်။

"အမေ မမစွာ ဟိုဘက်အိမ်မှာတဲ့လား"

"အင်း…"

"ဂျာဂျာတို့ သွားချင်တယ် အမေ"

"ဟုတ်တယ်၊ တာတာလည်း မမစွာကို သတိရတယ်"

သားနှစ်ယောက်က ဝမ်းသာအားရ လာပြီး ခွင့်တောင်း တာပါ။

"မသွားနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ဘာဖြစ်လို့လဲ၊ အမေက တကယ် စိတ်ဆိုးနေလို့လား"

"စိတ်မကောင်းဘူးပေါ့ သားရယ်"

"ဟိုဘက်ခြံက လူကြီးကိုတာတာ တွေ့ဖူးတယ် အမေ၊ အရမ်းချောတာပဲဗျ"

"ဟင်... သား တွေ့ဖူးတယ်လား"

"ဟုတ်ကဲ့"

"ဆရာဝန်ဆိုင်ေ ဲဆိုးပါဘူး အမေရယ်"

ဂျာဂျာက လူကြီး လေးတစ်ယောက်လို မှတ်ချက်ချနေတာပါ။

"စွာစွာက ဒီလောက်ငယ်တာ၊ အဲ့ဒါကိုပဲ စိတ်မကောင်းတာပေါ့"

"ဟင်... အသက်ငယ်ငယ်နဲ့ ယောက်ျားယူရင် သေတတ်လို့လား အမေ"

သားငယ် တာတာက ပြူးပြူးပျာပျာပုံစံလေးနဲ့ မေးလိုက်တာမို့ စိတ်ဆင်းရဲမိတဲ့ ကြားထဲကပဲ ပြုံးမိသေးတာ။





"သေတော့ မသေတတ်ပါဘူး တာတာရယ်"

"မသေရင်ပြီးရောပေါ့ အမေရာ၊ သေမှပဲ စိတ်မကောင်းဖြစ်ရမှာလေ"

"ဟုတ်ပါ့ကွယ်"

အဲ့ဒီနောက်မှာတော့ စွာစွာတစ်ယောက် ယောက်ျားနောက် လိုက်ပြေးတာပါဆိုတာရယ်၊ ယောက်ျားလေးရှင်ဘက်က လာပြီး တောင်းပန်တာရယ်၊ စွာစွာ ချစ်သူက စွာစွာထက် ဆယ်နှစ်လောက်ကြီးတဲ့အကြောင်းနဲ့ ဆရာဝန် လူချမ်းသာဖြစ်တဲ့အကြောင်း ဆွေမျိုးတွေဆီ ဖုန်းဆက်အကြောင်းကြားရပါတော့သည်။

ဘကြီးတွေ၊ ဦးလေးတွေကတော့ နှမြောတစ်ဝက် စိတ်အေးခြင်း တစ်ဝက်နဲ့ ဖြစ်ကုန်ကြရတော့သည်။ ဒေါ်သက်ထားကတော့ ဝင်္ဂလည်တယ်ဆိုတာကို အသေအချာ သဘောပေါက်မိပါတော့သည်။

"ငါ့မိဘတွေကို ငါ ဒုက္ခပေးခဲ့သလောက် ငါ့သမီးက ငါ့ကို ဒုက္ခမပေးပါဘူးလေ" လို့ တွေးရင်းနဲ့ပဲ မျက်ရည်တွေတွေ ကျလာရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဒေါ်ကြည်နဲ့ စွာစွာကလည်း ငိုလို့။

"အဒေါ်ကြီးရယ် အဟင့်... ဟင့်"

ဒေါ်ကြည်က စွာစွာ့ကို ဘယ်လိုဆုပ္ပရမှန်းပင် မသိတော့ပါ။

စွာစွာ ခြေထောက်နာနေတာကြောင့်ရယ်၊ စွာစွာ ငိုနေတာကြောင့်ရယ် နှစ်ခုပေါင်းလိုက်တော့ ဆူဖို့ကိုပင် ဟန်မပြင်နိုင်တော့။ အချစ်ဆုံး တူမလေးကို သနားမိလို့ပါ။

"စွာစွာရယ် မိုက်မဲလှချည်လားကွယ်"

"စွာ့အပြစ်ပါ အဒေါ်ကြီးရယ်၊ ဦးလေးဒေါက်တာမှာ အပြစ်လုံးဝ မရှိပါဘူး"

အမယ်လေးတော်။ စွာစွာတို့များ သူ့ချစ်သူကို အပြစ်မတင်အောင် ငိုယိုပြီး ကာကွယ်နေတာပဲ။

"စွာစွာရေ့ ညည်းအမေကတော့ စိတ်ဆိုးနေတာ၊ သူ ဘာလုပ်မလဲ မပြောနိုင်သေးဘူး၊ သတင်းစာထဲမှာ ကြော်ငြာ ထည့်ထားတာပဲ ကြည့်လေ"

ဒေါ်ကြည်က တမင်လေသံလေးတိုးပြီး ပြောလိုက်တာပါ။





ဒီကလေး စရိုက်ကိုက သူ့ကို အလွယ်တကူ လျှော့ပေးလိုက်ရင် တစ်ဆင့်တက်တတ်တဲ့ စရိုက်ဖြစ်နေတော့ ဒီလိုလုပ်မှပဲ ဖြစ်မှာ။ တော်ကြာ 'အမေက သဘောတူတယ်၊ လက်ခံတယ် ဟုတ်လား၊ စွာစွာ လုံးဝ ပြန်မလာဘူး' လို့ ထလုပ်ပစ်လိုက်မှာစိုးမိလို့ပဲ ဒီလို ပြောရတာ ဖြစ်သည်။

"ဟင်... ဟုတ်လား အဒေါ်ကြီး၊ အမေက အမေက ဘာလုပ်မှာလဲဟင်၊ စွာစွာ့ကြောင့် ဦးလေးဒေါက်တာ ဒုက္ခရောက်ရင် စွာစွာ ဘယ်လိုမှ စိတ်ချမ်းသာမှာ မဟုတ်တော့ပါဘူး"

ဩော်... စွာစွာရယ်။ တကယ်ပဲ ရူးရူးမိုက်မိုက် ချစ်နေတာပေါ့။ တော်သေးတာပေါ့လေ၊ သက်တူရွယ်တူ လူလားမမြောက်သေးတဲ့ ကောင်လေးတစ်ယောက်နဲ့သာ ခိုးရာလိုက်ပြေးတာဆိုရင် ဘယ်လောက် ရင်ပူစရာ ကောင်းလိုက်မလဲ။ အခု အသက်အရွယ်ရော၊ ပညာအရည်အချင်းရော၊ ပစ္စည်းဥစ္စာရော၊ အားလုံး ပြည့်စုံတဲ့သူနဲ့ ခိုးရာလိုက်ပြေးတာမို့ပဲ တော်ပါသေးသည်။

"ဘယ်လိုဖြစ်ရတာလဲ စွာစွာရယ်၊ ဘယ်အချိန်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ရည်းစား ထားလိုက်တာလဲကွယ်၊ တကယ်ဆို ဒီလို မလုပ်သင့်ဘူး"

"စွာစွာ… စွာစွာ ဘာမှမပြောချင်တော့ပါဘူး အဒေါ်ကြီးရယ်"

စွာစွာက ငိုလို့ပဲ နေလိုက်တော့တာ။ ဟုတ်တယ်လေ စွာစွာ့အနေနဲ့ ဦးလေးဒေါက်တာနဲ့ စွာ ဘာမှမဟုတ်တဲ့အကြောင်း အမှန်အတိုင်း ပြောပြလိုက်ရင် အမေတို့၊ အဒေါ်ကြီးတို့က စွာစွာ့ကို ဦးလေးနဲ့ မပေးစားဘဲ ပြန်ခေါ်သွားမှာလေ။

ဒါကြောင့် အမှန်ကို မပြောဘဲ ရှောင်လွဲနေရတာပါ။ စွာ ဦးလေးနဲ့မှ မခွဲချင်တော့တာ။ အခု ဒေါ်ကြီးနဲ့ စွာက အခန်းထဲမှာ နှစ်ယောက်တည်းလေ။

ဦးလေးရယ်…။ ဦးလေးက စွာ့ကို မချစ်ရင်လည်း နေပါ၊ စွာကတော့ ချစ်တယ်။

"ခြေထောက်ကရော အရမ်းနာနေလား"

ဒေါ်ကြီးမေးမှပဲ စွာက ခြေထောက်ဆီ အာရုံရောက်သွားရသည်။ တကယ်ဆို ထောက်လို့ရနေပါပြီ။ ဦးလေးက





ထွက်သွားခိုင်းမှာ စိုးလို့သာ ထောက်မရဘူးလို့ ပြောထားရတာ။

"ဟင့်အင်း နည်းနည်းပဲ နာတော့တယ်၊ စွာစွာက ကိစ္စမရှိပါဘူး ဒေါ်ကြီးရယ်၊ ဦးလေးကို အမေ ပြဿနာရှာမှာပဲ စိုးရတာ"

"အင်း… ဒါတော့ အဒေါ်ကြီးလည်း မသိပါဘူးကွယ်"

"စွာ ဘာလုပ်ရမလဲဟင်"

"ဘာမှမလုပ်နဲ့ ဒီအတိုင်းပဲနေ၊ အဒေါ်ကြီး မသက်ထားကို ကြည့်ပြောပေးမယ်နော်"

"လုပ်ပါနော်၊ စွာစွာ စိတ်ပူလွန်းလို့ပါ"

"ကြိုးစားကြည့်မယ်လေ၊ အသေအချာတော့လည်း အာမမခံနိုင်ဘူး၊ မသက်ထားက တော်တော် စိတ်ဆိုးနေတာ"

စွာစွာက အဒေါ်ကြီးကိုပဲ အားကိုးတကြီးနဲ့ တတွတ်တွတ် အကူအညီတောင်းနေရတော့သည်။

ထိုအချိန်တွင် ဒေါက်တာမြတ်နိုးမောင်ကလည်း ရင်တထိတ်ထိတ်နဲ့ပါ။ ချာတိတ်မက သူမရဲ့ အဒေါ်တို့ အမှန်အတိုင်း ပြောပြလိုက်ရင် အဖြစ်မှန်ကို ရှင်းပြလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



သူမလေးရဲ့အမေနဲ့ အဒေါ်က လက်ခံယုံကြည်ပြီးတော့ ပြန်ခေါ်သွားမှာလား။

ဟာ... ဒုက္ခပါပဲ။ တွေးရင်းနဲ့ သူ့မှာ ထိုင်မရ၊ ထမရ ဖြစ်နေရတော့တာ။ ဘွားဘွားကလည်း ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေသည်။ သူ့ကို စိတ်ဆိုးနေတာမို့ စကားလည်း မပြောပါ။

သူ့မှာ ခုမှပဲ ဒုက္ခရောက်နေရပါတော့သည်။ ဟိုဘက်အိမ်ကို ဘွားဘွား သွားတာ ဘယ်လိုအခြေအနေလဲဆိုတာကိုလည်း မသိရသေး၊ ဘွားဘွားကို မမေးရဲပါ။

တကယ်ပါပဲ။ တော်တော် နေရထိုင်ရခက်တဲ့ ဝေဒနာပါ။

"မြတ်နိုးမောင်"

"ဗျာ... ဘွားဘွား"

"လာဦး၊ ဒီမှာ သမီးလေးရဲ့အဒေါ်ကို လာနှုတ်ဆက်ပါဦး"

ဒီတော့မှပဲ အခုရောက်နေတာ ချာတိတ်မရဲ့အမေ မဟုတ်ဘူးဆိုတာ အသေအချာ သိရပါတော့သည်။ ရုပ်ချင်း





မတူလို့ အမေဟုတ်ရဲ့လား၊ အဒေါ်များလားလို့ သူ တွေးနေသေးတာ။

"ဟုတ်ကဲ့ ဘွားဘွား"

သူ ထွက်လာတော့ ချာတိတ်မရဲ့အဒေါ်က သူ့ကို အကဲခတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေပါသည်။

"ကျွန်တော့်နာမည် မြတ်နိုးမောင်ပါ ခင်ဗျာ"

"အေးကွယ် အန်တီကတော့ သမီးလေးစွာစွာရဲ့ ကြီးဒေါ်ပါ၊ ဒေါ်ကြည်ကြည်တဲ့၊ အငြိမ်းစား ဆရာမပေါ့၊ စွာစွာကိုတော့ တူမဆိုတာထက် သမီးလိုပါပဲလေ၊ အန်တီ့ လက်ထဲမှာ ကြီးလာတဲ့ ကလေးပါ"

"ဟုတ်ကဲ့"

"အစကတော့ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အိမ်ထောင်ကျရလေခြင်းဆိုပြီး စွာစွာအတွက် ရင်မအေးဘဲ လိုက်လာရတာပါ။ အခု မောင်မြတ်နိုးမောင်ကို တွေ့ရတော့ စွာစွာအတွက် စိတ်အေးသွားရပါပြီကွယ်၊ စွာစွာက ကလေးသာသာပဲ ရှိသေးတာမို့ အစစအရာရာ သည်းခံနားလည်ပေးပါ"

"ဟုတ်ကဲ့၊ စိတ်ချပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ ဒေါက်တာမြတ်နိုးမောင်က သက်ပြင်းချနိုင်ပါတော့သည်။

ချာတိတ်မက အမှန်အတိုင်း မပြောဘူးပေါ့။ ဒါကိုကြည့်ရုံနဲ့ သူမလေးလည်း သူ့ကို ချစ်နေတယ်ဆိုတာ သိသာနေတာမို့ ရင်ထဲမှာ အပျော်တွေ ဘောင်ဘင်ခတ်နေရပါတော့သည်။

"စွာစွာက ဆိုးတယ်ကွယ်"

"စိတ်ချပါ၊ လိမ္မာအောင် ကျွန်တော် ပြုပြင်သွန်သင်ပေးပါ့မယ်"

ဘွားဘွားက ပြုံးပြီး နားထောင်နေသည်။

သူ့ရင်ထဲမှာတော့ ကျေနပ်မှုတွေနဲ့ပါ။ ဒါပေမဲ့ ကြီးမားတဲ့ကိစ္စတစ်ခုကို သူ လုပ်ရပါဦးမည်။

အဲ့ဒါကတော့ သူမလေးကို ချစ်တဲ့အကြောင်း ပြောဖို့ပါပဲ။

* * *



## အခန်း (၂၅)

ညနေခင်းလေးက သာယာ အေးချမ်းနေသည်။ ဘွားဘွားက အိမ်မှာမရှိပါ။ သူနဲ့ချာတိတ်မ နှစ်ယောက်တည်း။

ဒေါက်တာမြတ်နိုးမောင်က ချစ်ရသူလေးရဲ့အနားကို ဘယ်လိုချဉ်းကပ်ရမလဲလို့ စဉ်းစားနေမိတော့တာ။

အဝင်ကြမ်းလို့လည်း မဖြစ်။ မချစ်ဘူးလို့ ပြောထားခဲ့ပြီး ခုမှ ချစ်လှချည်ရဲ့ သွားလုပ်နေပြန်ရင်လည်း အလကားနေရင်း ချာတိတ်မက မုန်းသွားနိုင်သည်။

အခု ချာတိတ်မက ဧည့်ခန်းထဲမှာ သတင်းစာဖတ်နေသည်။

"စွာစွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ခြေထောက်ဆေးလိမ်းရအောင်"

သူက အကြောင်းရှာပြီး အနားကိုသွားတာ ဖြစ်သည်။

"ရ... ရပါတယ် စွာစွာ့ဘာသာ လိမ်းပါ့မယ်၊ အရမ်းကြီး မနာတော့ပါဘူး"

ချာတိတ်မက မျက်နှာငယ်လေးနဲ့ပါ။

"လာပါ ကိုယ်ပဲ လိမ်းပေးပါ့မယ်။ လုံး၀ ပျောက်သေးတာမှ မဟုတ်ဘဲနဲ့၊ ဆေးလိမ်းတာ ဆေးသောက်တာကို ရပ်ပစ်လိုက်ရင် ပြန်နာလာမှာပေါ့ဗျာ"

ပြောပြောဆိုဆိုပဲ ဒေါက်တာမြတ်နိုးမောင်က ချစ်ရသူလေးရဲ့ ခြေထောက် နုဖပ်ဖြူဥလေးကို ကြင်နာစွာနဲ့ ဆေးလိမ်းပြီး ခပ်သာသာ နှိပ်နယ်ပေးနေမိတော့တာ။

စွာစွာကတော့ ရင်တွေခုန်ရလွန်းလို့ စွာစွာ့ရဲ့ ရင်ခုန်သံ ကျယ်ကျယ်လောင်လောင်တွေကို ဦးလေးဒေါက်တာ ကြားသွားလေမလား စိုးရိမ်ရလွန်းလို့ မူးမေ့လဲကျသွားမလားတောင် ထင်နေရတော့တာ။

ဦးလေးရယ်၊ စွာ့ကို မချစ်ဘူးဆို... တကယ်ပဲလား





ဟင်၊ ဦးလေးရဲ့ လက်ချောင်းတွေ လက်ဖဝါးတွေဟာ အချစ်တွေနဲ့ နွေးထွေးနူးညံ့နေတာလို့ စွာ ခံစားနေမိပါတယ်ရှင်၊ ဒါ စွာ ရူးနေတာပဲလား။

"နာလား"

"ဟင်..."

စွာက အတွေးလွန်နေတာမို့ အလန့်တကြား။

"နာလားလို့မေးတာ ဒီလောက်တောင် လန့်စရာလား၊ ရည်းစားအကြောင်း စဉ်းစားနေလို့ဖြစ်မှာပေါ့"

"မ... မဟုတ်"

"ရပါတယ်ကွာ၊ ကိုယ့်ကို ညာမနေပါနဲ့၊ အခြေအနေမပေးလို့ မပေါင်းရတဲ့ ရည်းစားအကြောင်းကို လွတ်လွတ်လပ်လပ်သာ စဉ်းစားနေပါ အဟွန်း... ဟွန်း"

"မဟုတ်ပါဘူးဆို"

စွာစွာက စိတ်တိုလာတာမို့ ခပ်ဆတ်ဆတ်ပဲ ပြန်ပြောလိုက်တာ။ ဘယ်နှယ့် စွာ့မှာ ရည်းစားရှိပါတယ်လို့ချည်း စွပ်စွဲနေတာ ဘာသဘောလဲ။

စွာ့ကို မချစ်ဘူးလို့ပြောတာကို ခံနိုင်ပေမယ့် စွာ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ည်းစားမရှိတာကို ရှိပါတယ်လို့ ဇွတ်ကြီးပဲ ပြောနေတာကို သော့ လုံးဝကို မခံနိုင်တော့ပါ။ ဒါကြောင့်ပဲ ခပ်ဆတ်ဆတ် ပြောမိတာပေါ့။

"မညာပါနဲ့ကွာ၊ ရည်းစားဦးဆိုတာ မမေ့နိုင်ဘူးတဲ့၊ ထွန်းအိန္ဒြာဗိုရဲ့သီချင်းတောင် ရှိသေးတာပဲ၊ အသက်ထက် ဆုံးချစ်နေမှာ ရည်းစားဦးတဲ့လေ အဟွန်း... ဟွန်း"

စွာက ဘယ်လိုမှ သည်းမခံနိုင်တော့။ ဦးလေးဒေါက်တာ ပြောနေတဲ့ စကားက စွာစွာ့နှလုံးသားကို အပ်နဲ့ ထိုးဆွနေသလိုမျိုးပါပဲ။

"ဦးလေး စွာ့ကို မချစ်ချင်နေပါ၊ အတင်းစွပ်စွဲပြီး အပြစ်ရှာလှောင်ပြောင်မနေပါနဲ့၊ ဦးလေးသာ ရည်းစားကို လွမ်းနေတာ မဟုတ်လား၊ စွာစွာ့ကို ဦးလေး မလိုချင်ဘူး မဟုတ်လား၊ ဒုက္ခပေးတဲ့ ကောင်မလေးဆိုပြီး မုန်းနေတာ မဟုတ်လား၊ ရတယ် စွာ အခု အိမ်ပြန်တော့မယ်"

စွာစွာက စိတ်ဆိုးဆိုးနဲ့ ထရပ်လိုက်တော့တာ။ ရုတ်တရက်ကြီး ထရပ်လိုက်တော့ ခြေထောက်က မခံနိုင်ဘဲ လဲပြိုသွားရသည်။





"အို..."

ဟန်ချက်ပျက်ပြီး လဲပြိုသွားတဲ့ စွာစွာ့ကိုယ်လေးကို ဦးလေးက ဆီးကြိုပွေ့ဖက်ထားလိုက်တာမို့ စွာ့မှာ တုန်တုန်လှုပ်လှုပ်လေး ဖြစ်သွားရတော့တာ။

ဦးလေးဒေါက်တာရဲ့ လက်မောင်းကြီးတွေက အင်အားအပြည့်နဲ့ စွာ ကိုယ်လေးကို ရစ်ပတ်ထားတော့တာ။

နွေးထွေးတဲ့ ရင်ခွင်ကျယ်ကြီးရဲ့အတွင်းမှာ စွာ့ ကိုယ်လေးက နစ်မြုပ်လို့ ရုန်းထွက်ဖို့ကို မေ့လျော့ပြီး အပျိုစင်လေး စွာက ပြင်းထန်လွန်းတဲ့ ငြို့ငင်အားထဲမှာ ခေတ္တခဏ မိန်းမောသွားရတော့တာ။

ဘယ်လောက်ကြာအောင် မိန်းမောသွားမိမှန်း စွာ့ဘာသာ စွာပင် မသိတော့။ သတိဝင်ပြီး ရုန်းထွက်တော့ ဦးလေးက လွှတ်မပေးတဲ့အပြင် တိုးဖက်ထားတာပါ။

"စွာ့ကို လွှတ်... လွှတ်ပါ"

စွာစွာ့အသံက တုန်တုန်တိုးတိုးလေး။ တိုးလွန်းတာမို့ ဦးလေးဒေါက်တာက မကြားတာလား။ ဒါမှမဟုတ် မကြားချင်ယောင်ဆောင်ထားတာပဲလား၊ စွာလည်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စွာ့ကိုတော့ လုံးဝ လွှတ်မပေးဘဲ အသက်ရှူမှားရလောက်အောင် တင်းတင်းကြီး ပွေ့ဖက်ထားတော့တာ။

စွာက ကြောက်လာတာမို့ အတင်းပဲ ရုန်းမိသည်။ စွာ့ဘဝမှာ အဖိုဆိုလို့ ရင်ဖိုတောင် မသမ်းဖူးဘူးလေ။

"လွှတ်... လွှတ်... စွာ ကြောက်တယ် အီး... ဟီး... ဟီး"

ဟောဗျာ။ ရုတ်တရက်ကြီး ငိုချလိုက်တဲ့ ချာတိတ်မရဲ့ ငိုသံကြောင့် သူ့မှာ လန့်လည်းလန့်၊ ရယ်လည်းရယ်ချင်သွားရတော့တာ။

"ဟာ... မငိုနဲ့လေ"

"စွာစွာ... စွာစွာ ကြောက်တယ်"

"ဟောဗျာ၊ ခင်ဗျားလေးကို ဘာလုပ်လို့ ကြောက်ရတာလည်းဗျာ အဟွန်း... ဟွန်း"

"လွှတ်... လွှတ်ပါ"

"မလွှတ်ဘူး"

"ဦးလေး တောင်းပန်ပါတယ်၊ စွာစွာ့ကို လွှတ်ပါ၊ သူများတွေ တွေ့သွားရင် မကောင်းပါဘူး"





တုန်တုန်ယင်ယင် ဖြစ်နေရှာတဲ့ ခန္ဓာကိုယ်လေးကို ခပ်တင်းတင်း ဖက်ထားရင်း စိတ်မထိန်းနိုင်တော့တဲ့အတွက် ဒေါက်တာမြတ်နိုးမောင်က အချစ်တွေ လွှတ်ထွက်ကုန်တော့တာ။

သူ့အချစ်တွေက ပေါက်ကွဲထွက်ပြီး အနမ်းပန်းပွင့်တွေအဖြစ်နဲ့ ချာတိတ်မရဲ့ မျက်နှာလှလှပေါ် ကျဲချလိုက်မိတော့တာ။

"အို..."

ချစ်သူလေးဆီက အာမေဋိတ်သံ လှလှလေး ထွက်ကျလာပါသည်။

"လွှတ်... လွှတ်ပါ"

ဘုရားရေ။ စွာစွာ့ခန္ဓာကိုယ်လေးက လေဟာနယ်ထဲကို လွင့်ပါသွားရတော့တာ။

ထူးဆန်းလွန်းတဲ့ အင်အားတစ်ခုက စွာစွာ့ ခန္ဓာကိုယ်လေးကို ပေါ့ပါးလွင့်တက်သွားအောင် ပစ်မြှောက်လိုက်သလိုပါပဲ။ စွာ့မှာ ရင်ဖိုလှိုက်မောပြီး အသက်ရှူဖို့ပါ မေ့လော့သွားရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရယ်၊ စွာ့ကို မချစ်ဘူးဆိုပြီး ဘာဖြစ်လို့ အနမ်းတွေ ပေးနေရတာလဲဟင်။ အနမ်းဆိုတာ ချစ်ခြင်းရဲ့ အမှတ်တံဆိပ် မြတ်နိုးခြင်းရဲ့ သင်္ကေတလို့ စာအုပ်တစ်အုပ်ထဲမှာ စွာ ဖတ်ဖူးတယ်။ မုန်းတဲ့လူတစ်ယောက်ကို ဘယ်သူ နမ်းမှာလဲနော်။ ဒါဆို စွာ့ကို ဦးလေး ချစ်ပါတယ်လို့ ယုံကြည်ရမှာလားဟင်။ စွာလည်း ဦးလေးကို ချစ်တဲ့အကြောင်း အနမ်းလေးနဲ့ ပြရမှာလားဟင်။

အို... စွာ ရှက်ပါတယ်နော်။ ဒေါက်တာမြတ်နိုးမောင်က အားရအောင် နမ်းပြီးတော့မှ ချစ်ရသူလေးကို လွှတ်ပေးလိုက်မိတော့တာ။

အခုထက် ပိုပြီး ပေါက်ကွဲဖို့ မသင့်သေးဘူး မဟုတ်လား၊ တော်ကြာ အပျိုစင်လေး ထိတ်လန့်သွားပါလိမ့်မည်။

"လာ... ခြေထောက်ကို ပတ်တီးပြန်စည်းရမယ်"

ရုတ်တရက်ကြီး စွာစွာ့ကို ပြန်လွှတ်ပေးလိုက်ပြီး ဦးလေးက ဒီစကားကို ပြောလိုက်တာပါ။

စွာစွာကတော့ ကြောင်အအလေး ဖြစ်သွားပြီးမှ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းသွားရတော့တာ။ စဉ်းစားကြည့်





လေ။ စွာ မျှော်လင့်ထားတာက ဦးလေးဒေါက်တာဆီက 'ချစ်တယ်' လို့ ပြောလာမယ့်စကားကိုပါ။ ခုတော့ ကြည့်ပါဦး စွာ့ကို နမ်းချင်သလိုနမ်းပြီး၊ ဖက်ချင်သလို ဖက်ထားခဲ့ပြီး စွာ မျှော်လင့်တဲ့ စကားကိုတော့ လုံးဝ မပြောဘူးတဲ့လား။

"လာလေ ထိုင်လိုက်၊ ဆေးလိမ်းပြီး ဒီအတိုင်းနေရင် ဘာမှမထူးဘူး၊ ပတ်တီးစည်းထားမှ သက်သာမှာ၊ ပြီးရင် ဆေးလည်း သောက်ရမယ်"

ပြောလည်းပြောရင်း စွာစွာ့ခြေထောက်ကိုလည်း လှမ်းကိုင်ဖို့ ဟန်ပြင်ရင်းမို့ စွာစွာက စိတ်ထဲက မကျေနပ်ချက်တွေကို ဖွင့်ထုတ်လိုက်မိတော့တာ။

"မထိနဲ့ စွာစွာ့ကို လုံးဝ မထိနဲ့"

ဦးလေးဒေါက်တာက တအံ့တဩ ဖြစ်သွားတဲ့ ပုံစံပါ။

စွာက ထော့နဲ့ ထော့နဲ့ ပုံစံလေးနဲ့ပဲ ဦးလေးရဲ့ရှေ့ကနေ ထွက်လာခဲ့ပြီး စွာ့အတွက် ပေးထားတဲ့ အခန်းထဲကို ဝင်လာခဲ့လိုက်သည်။ ပြီးတော့ အခန်းတံခါးကိုလည်း ပိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဒေါက်တာက တံခါးကို ဘယ်လိုပဲခေါက်ခေါက် စွာစွာ လုံးဝ ဖွင့်မပေးတော့ပါ။

ဦးလေးရယ်။ စွာ့ကို အပေါ်စားလို့တော့ သဘောမထားပါနဲ့ရှင်။

* * *



## အခန်း (၂၆)

"ဒေါက်... ဒေါက်"

"စွာစွာ"

"တံခါးဖွင့်ပါကွာ"

သူ ဘယ်လိုပဲ တံခါးခေါက်ခေါက် စွာစွာက တုတ်တုတ်မှ မလှုပ်တော့ပါ။

"ဒေါက်... ဒေါက်"

ဒုက္ခပါပဲ။ သူ အမူလွန်၊ အတည်လွန်သွားပါပြီ။ ချစ်ရသူလေးက သူ့ကို စိတ်ဆိုးသွားပါပြီ။

"ဒေါက်... ဒေါက်"

ချစ်ရသူလေးကို ချစ်မိနေတဲ့အကြောင်း အခန်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



ကနေပဲ ပြောပြဖို့ ဟန်ပြင်နေတုန်းမှာပဲ၊ ကားသံကြားရပြီး ဘွားဘွား ပြန်ရောက်လာတာမို့ မပြောဖြစ်တော့ပါ။

"ဟဲ့... သိမ်မွေ့သက်ထားလေးရော"

အိမ်ထဲတောင် မရောက်သေး ဘွားဘွားက မေးတော့သည်။

"အဟဲ... ကျွန်တော့်ကို စိတ်ကောက်နေတယ် ဘွားဘွား၊ အခန်းတံခါး ပိတ်ထားတယ်"

"ကလေးကို ယူထားမှတော့ ဒီလောက်တော့ ချော့ရမှာပေါ့၊ သွား ရအောင်ချော့ခေါ်ခဲ့၊ ဘွားဘွား အိပ်ရာခမ်းနားတွေ ဝယ်လာတယ်"

"ဗျာ..."

"မဗျာနဲ့၊ မင်္ဂလာအခန်းပြင်ရမှာပေါ့"

သူ့တစ်ကိုယ်လုံး ထူပူသွားရတော့သည်။ ဘွားဘွားက ပြောတဲ့အတိုင်းပါပဲ။ ဘွားဘွားရဲ့ နောက်ကနေ အလုပ်သမားတွေပါ လိုက်ဝင်လာပြီး အိပ်ခန်းကျယ်ကို မင်္ဂလာအခန်းအဖြစ် မွေ့ရာ၊ ခြင်ထောင်၊ စောင် အသစ်တွေနဲ့ ခင်းကျင်းပြင်ဆင်နေကြတော့တာ။

ဒေါက်တာမြတ်နိုးမောင်က ဘာလုပ်ရမှန်းမသိဘဲ ဟို





နားရပ်၊ ဒီနားရပ်နဲ့ ယောင်ချာချာ ဖြစ်နေရတော့တာ။

"ဟဲ့... ကိုယ့်မိန်းမကိုယ် သွားချော့လေကွယ်၊ ကလေးကို မုန့်ပေးကြိုက်ထားရင် ချော့ဖို့ဝန်မလေးနဲ့ ကြားလား"

"ဘွားဘွားကလည်းဗျာ"

"အံ့သြမိပါတယ်၊ မိန်းမယူဖို့ကိုဆို ကျားမြီးဆွဲရမှာကို ကြောက်သလို ကြောက်နေတဲ့ ဘွားမြေးက ယူမယ့်ယူတော့လည်း ကိုယ့်ထက် ဆယ်နှစ်ကျော်ငယ်တဲ့ သူကိုမှ ယူရတယ်လို့ကွယ် အဟင်း... ဟင်း"

ဘွားဘွားရဲ့ ပုံစံက မကျေမနပ်ဖြစ်ပြီး ပြောနေတာမျိုး မဟုတ်ဘဲ ကျေနပ်စွာနဲ့ ကျီစယ်နေတဲ့ ပုံစံမျိုးပါ။

သူမလေးကို ဘွားဘွားက ချစ်တယ်ဆိုတော့ သူ့ရင်ထဲမှာ ကျေနပ်မိသည်။ သူကိုယ်တိုင်ကတော့ သူမလေးကို ငုံထားချင်လောက်အောင်ကို ချစ်နေမိတာ။ ဖူးစာဆုံ ပေးလိုက်တဲ့ ကံတရားကိုလည်း ကျေးဇူးတင်လို့ မဆုံးတော့။

လောလောဆယ် ချစ်သူလေးကို ချစ်စကား ဘယ်လိုပြောရမလဲဆိုတာကပဲ ခက်နေတာပါ။ မထူးတော့တာမို့ သူက ဘွားဘွားကိုပဲ အကူအညီ တောင်းရပါတော့သည်။

"ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ပြော..."

"ဟိုလေ တံခါးခေါက်ပြီး ဘွားဘွားအသံလေး နည်းနည်းလောက် ပေးပေးပါနော်၊ ကျွန်တော့်ကို တံခါးဖွင့်မပေးလို့"

ဘွားဘွားက မျက်စောင်းထိုးပါသည်။

"အမယ်လေးတော် ကိုယ့်ကိစ္စ ကိုယ်မရှင်းဘူး၊ အဘွားကို ဆွဲထည့်နေပြန်ပြီ"

ပြောလည်းပြော ဘွားဘွားက သူမလေးရှိနေတဲ့ အခန်းရဲ့တံခါးဝကိုလည်း လျှောက်သွားတာမို့ သူပါ ဘွားဘွားရဲ့နောက်ကို ပြေးလိုက်ရပါတော့သည်။ သူ့ရင်ခုန်သံတွေက မြန်ဆန်လို့။ ဘွားဘွားက နောက်လှည့်ပြီး တိုးတိုးပြောသည်။

"ဒီနေ့ပဲ အဆင်ပြေအောင် ချော့ထားနော်၊ မနက်ဖြန်ခါ နေ့လယ်ဆို နှစ်ဖက်မိဘတွေရှေ့မှာ လက်မှတ်ထိုး လက်ထပ်ဖို့ စီစဉ်ထားတယ်၊ ညည့်ခံပွဲကိုတော့ ဆီဒိုးနား ဟိုတယ်မှာ ရက်ရှမ့် လုပ်မယ်"

ပျော်လွန်းလို့ ရင်ထဲမှာ လှိုက်ခနဲ လှိုက်ခနဲ။

"ဟို... ဟို စွာစွာ မိဘဆွေမျိုးတွေက ကျေလည်ကြပါတယ်နော်"





"သြော်... မြေးရယ် ကျေလည်လို့လည်း ဒီလောက်အထိ စီစဉ်လို့ရတာပေါ့ကွယ်၊ ကလေးမလေးရဲ့ အသိုင်းအဝိုင်းက နားလည်မှုရှိပြီး ယဉ်ကျေးသိမ်မွေ့လို့သာ၊ မဟုတ်ရင် မင်းလုပ်ပုံက ဘယ်လောက် အန္တရာယ်များထားသလဲ"

"ကျေးဇူးတင်ပါတယ် ဘွားဘွား"

"အေးပါ နောက် ဒီလိုမျိုး မိုက်မိုက်မဲမဲတွေ မလုပ်ပါနဲ့"

"စိတ်ချပါ ဘွားဘွား၊ ကျွန်တော် နောက်ထပ် မိန်းမခိုးဖို့ မရှိတော့ပါဘူးဗျာ၊ သူမလေးကိုပဲ ရိုးမြေကျပါ၊ ဘုရားစူး ချစ်မိတာပါ ဘွားဘွားရယ်"

"ဟွန်း... မျက်နှာကိုက"

ဘုရားရေ။

အပြင်က တိုးတိုးပြောတဲ့အသံတွေကို စွာစွာက အကုန်ကြားနေရတာ။

ကြားမှာပေါ့၊ စွာက တံခါးသော့ပေါက်မှာ နားကပ်ပြီး ခိုးနားထောင်နေတာလေ။ တကယ်တော့ ရတ်တရက် ရက်ပြီး အခန်းထဲကိုသာ ဝင်နေခဲ့ရတာပါ။ ဦးလေး တံခါးခေါက်တိုင်း ဖွင့်ချင်နေရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**စိတ်**ဆိုးတုန်းကဆိုပြီး ဒီအတိုင်း စိတ်ပြန်ဖြေရမှာလည်း **ရှက်စ**ရာမို့ တံခါးမဖွင့်နိုင်သေးဘဲ ချီတုံ ချတုံ ဖြစ်နေခဲ့ရတာ။

ဒီတစ်ခါခေါက်ရင် ဖွင့်ပေးမယ်လို့ ဆုံးဖြတ်လိုက်တဲ့ အချိန်မှာ ဘွားဘွား ရောက်လာတာလေ။ အခုလည်း စွာစွာက ရင်ကလေးတဖိုဖိုနဲ့ အပြင်ကစကားသံတွေကို ခိုးနားထောင်နေမိတော့တာ။

"ဘွားဘွား တံခါးခေါက်ပေးပါတော့ဗျာ၊ ချော့ချင်လှပြီ"

"ဟဲ့... ဒီကလေးနှယ်"

ဟင်... ဦးလေးက အဘွားကို တံခါးခေါက်ခိုင်းနေတာပဲ။ ပြီးတော့... ပြီးတော့ စွာစွာကိုလည်း ရိုးမြေကျ ချစ်ပါတယ်တဲ့။ ကြည့်ပါဦး၊ ဒါနဲ့များ **စွာကိုပြော**တော့ဖြင့် 'မချစ်ဘူး' တဲ့လေ။

လူညာကြီး၊ အပျော်လေးတွေနဲ့ **ရင်တသိမ့်သိမ့်** တုန်နေတုန်းမှာပဲ တံခါးခေါက်သံကို **ကြားရပါ**တော့သည်။

"ဒေါက်... ဒေါက်"

မြတ်စွာဘုရား...။ စွာစွာက **ရှေ့ရင်ဖြိုးဖြိုး**ကို လက်ကလေးနှစ်ဖက်နဲ့ ဖိထားမိတော့တာ။





ဦးလေးရယ် ရင်တွေခုန်ရလွန်းလို့ ရှူးရတော့မယ် ထင်ပါရဲ့ရှင်။

"ဒေါက်... ဒေါက်"

"သမီးလေး ဘွားဘွားပါကွယ်၊ တံခါးဖွင့်ပါဦး"

"ဟုတ်... ဟုတ်ကဲ့" လို့ အသံတုန်တုန်လေးနဲ့ ပြောလိုက်ရပေမယ့် လက်တွေတုန်နေတာမို့ တံခါးကို တော်တော်နဲ့ ဖွင့်လို့မရဘဲ ဖြစ်နေတော့တာ။

စွာစွာ တံခါးဖွင့်လိုက်တော့ အခန်းဝမှာ ရပ်နေသူက စွာ ချစ်ရတဲ့ ဦးလေးဒေါက်တာပါ။

စွာ့ကို ကြည့်နေတဲ့ **ဦးလေးဒေါက်တာ**ရဲ့ မျက်ဝန်းတွေက အရည်ရွှန်းလဲ့ပြီး **အချစ်တွေနဲ့** တဖိတ်ဖိတ်တောက်နေတော့တာ။

ဦးလေးရယ်...

ဒါနဲ့များ မချစ်ဘူးတဲ့လား။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဒေါက်တာမြတ်နိုးမောင်က အချစ်တွေ အပြည့်အဝ ပျော်ဝင်နေတဲ့ မျက်ဝန်းတွေနဲ့ ချစ်ရသူလေးကို ငေးကြည့်ပြီး အခန်းထဲကို ပိုင်စိုးပိုင်နင်းပဲ ဝင်သွားလိုက်တော့တာ။

ချစ်သူလေးက သူ့ကို မောင်းမထုတ်ပါ။ ဒီတော့ သူက တစ်ဆင့်တက်ပြီး အခန်းတံခါးကို ပိတ်ပစ်လိုက်ပြန်ပါသည်။

"အို..."

ဒီတော့မှ ချစ်ရသူလေးဆီက အာမေဋိတ်သံလေး ထွက်ကျလာတော့တာ။





ဒီတစ်ခါတော့ ချစ်ရသူလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး အနမ်းတွေ မပေးခင်မှာ သူက မမေ့မလျော့ဘဲပြောလိုက်ပါတော့သည်။

"စွာကျယ်မလေးရယ် ကိုယ် ကလေးကို အရမ်းချစ်ပါတယ်ဗျာ"

"ဟင်..."

"ဘယ်တုံးထဲက ချစ်မိနေတာလည်း သိလား"

"ဟင့်အင်း"

သူမလေးက ရိုးသားဖြူစင်စွာ ခေါင်းလေးခါယမ်းပြသည်။

"အဟွန်း... ကိုယ့်ကို လေးခွနဲ့ ချိန်လိုက်ကတည်းက ကိုယ့်နှလုံးသားကို အချစ်လောက်စာလုံး လာမှန်ခဲ့တာလေ အဟွန်း... ဟွန်း"

"ဟင်... တကယ်လား"

"တကယ်ပေါ့ ကလေးရယ်"

"သွားပါ၊ ဒါနဲ့များ စွာစွာကို မချစ်ဘူးတဲ့ ဦးလေးပဲ ပြောရက်တယ်"

"ဒါကတော့ အရွဲ့တိုက်ပြီး ဆန့်ကျင်ဘက်တွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ဒဲ့ ထုတ်တတ်တဲ့ ချာတိတ်မက ကိုယ်က ချစ်တယ်ဆိုရင် ချစ်ဘူးလို့ လုပ်ပစ်လိုက်မှာ စိုးရိမ်လို့ပေါ့ဗျာ၊ အခုတော့ ဖူးစာရေးနတ်က အားလုံး စီစဉ်ပေးလိုက်တာ နှစ်ဖက်မိဘ ဘိုးဘွားတွေလည်း ကြည်စေအေးစေ၊ ကာယကံရှင်နှစ်ယောက်လည်း ကြည်စေအေးစေ အဟွန်း... ဟွန်း"

ပြောပြီးတာနဲ့ သူက ချစ်သူလေးကို ခပ်တင်းတင်းလေး ပွေ့ဖက်ထားလိုက်မိတော့တာ။

"သွားပါ ဦးလေး လူလည်ကြီး"

ဒီတစ်ခါတော့ ချစ်ရသူလေးက ချစ်စဖွယ်မျက်စောင်းလေးပဲဝင့်ပြီး နှုတ်ခမ်းလေးတွေက ပြုံးလို့။ သူ နမ်းတော့ မရုန်းဖယ်တဲ့အပြင် သူ့ကိုပါ ခိုးနမ်းလိုက်သေးတာ။ ပြီးတော့ တိုးတိုးလေး ပြောပါသေးသည်။

"ဦးလေးကို ချစ်တယ်" တဲ့။

ချစ်သူတိုင်း ပျော်ရွှင်နိုင်ပါစေ

ပုလဲသီ

BURMESE CLASSIC .com

www.burmeseclassic.com